မြန်မာ့အလင်း
အတွဲ (၅၃)
အမှတ် (၂၅၃)
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
၂၀၁၄ ခုနှစ်၊ ဇွန် ၁၅ ရက်၊ တနင်္ဂနွေနေ့။

တို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

စက်မှုဇုန်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသတွင်းလူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းဖော်ထုတ်ပေးနိုင်

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်စက်မှုဇုန်၌ဖွင့်လှစ်ထားသည့် မြစ်ဝကျွန်းပေါ် ကုမ္ပဏီလီမိတက် Delta Industrial Company Limited (D.I.G) အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုသိမ်စက်မှုဇုန်ရှိ Delta Industrial Company Limited (D.I.G) အထည်ချုပ်စက်ရုံအတွင်း အလုပ်သမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်လည်း လိုအပ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၌ သယံဇာတနှင့် လုပ်သားအင်အားများရှိသော်လည်း အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များ ရှိပါကြောင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံသားလုပ်ငန်းရှင်များက ပုသိမ်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းကို ချီးကျူးပါကြောင်း၊ ပုသိမ်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်းတွင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ပေးနိုင်ပြီး လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပါကြောင်း။

ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မှန်ကန်သည့်အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးကို တည်ဆောက်ထားရန်၊ လုပ်ငန်းခွင်စည်းမျဉ်း စည်းကမ်းများကိုလည်း တိကျစွာရေးဆွဲထားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အရေးကိစ္စများကို ဥပဒေနှင့်အညီ ဆွေးနွေး

စာမျက်နှာ ၃ ကော်လံ ၁ ❍

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေး

သ တင်း မာ တိ ကာ

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း စာ ➤ ၅

ဗန်ဟား၏ နည်းဗျူဟာကြောင့် ဂိုးပြတ်အနိုင်ယူနိုင်ခဲ့ကြောင်း ဗန်ပါစီပြော စာ ➤ ၁၄

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူ့အတွက် ကျန်းမာရေး

"အာရောဂျံ ပရမံလာဘံ-ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး" ဟု ဆိုသည့်အတိုင်း ကျန်းမာရေးသည် လူတိုင်းအတွက် အရေးကြီးပါသည်။ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးမှုများ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွက်ချက်မှုအရ နှစ်စဉ်လူဦးရေ သန်း ၁၅၀ ခန့်သည် ကိုယ်ပိုင်အိတ်ကပ်အတွင်းမှ ကျသင့်ငွေ ပေးချေရသည့် ကျန်းမာရေးကုသစရိတ်များကြောင့် ဒုက္ခအမျိုးမျိုး ကြုံတွေ့နေကြရပါသည်။ ဤသည်မှာ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ရှိနေသည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ဆေးရုံဆေးခန်းများတိုးချဲ့ပေးခြင်း၊ ကုန်ကျစရိတ်အနည်းဆုံးဖြင့် ကုသမှုရရှိရေးသည် လူတိုင်းအတွက် အမှန်တကယ်လိုအပ်နေသော ကျန်းမာရေးလိုအပ်ချက်ပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မကြာမီက ပြုလုပ်သော ပြုပြင်ပြောင်းလဲရေးအစည်းအဝေးတွင် "ကျန်းမာရေးကဏ္ဍမှာ ပြည်သူများအနေဖြင့် အရေးကြုံလျှင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ ငွေကုန်ကြေးကျခံပြီး သွားရောက်ကုသနေရတဲ့ ဝန်ထုပ်ဝန်ပိုး လျှော့ချနိုင်အောင် တိုင်းဒေသကြီး၊ ပြည်နယ်မြို့ကြီးများမှာ ရန်ကုန်နှင့်မန္တလေးကဲ့သို့ အထူးကုဆရာဝန်ကြီးများနှင့် ဆေးရုံသုံးခေတ်မီစက်ကိရိယာဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြို့နယ်များအတွက် ဆေးရုံအဆင့်မြှင့်တင်ခြင်းနှင့် ကျေးလက်နေပြည်သူများအတွက် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး စီမံသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများရဲ့မြေပြင်လိုအပ်ချက်ကို သိရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ ကျန်းမာရေးဝန်ထမ်း၊ ဆေးရုံသုံးကိရိယာ၊ ဆေးဝါးလိုအပ်ချက်ဖြည့်ဆည်းပေးမယ့် ကျန်းမာရေးဝန်ကြီးဌာနတို့က ဒေသအလိုက် ကွင်းဆင်းတွက်ချက်ပြီး ပြည်သူ့ဘဏ္ဍာများကို အကျိုးရှိထိရောက်အောင် လိုအပ်တဲ့နေရာမှာ လိုအပ်သလိုမြှင့်တင်သုံးစွဲသွားရေး ညှိနှိုင်းစီမံသွားကြရန် တိုက်တွန်းမှာကြားလိုပါတယ်" ဟူ၍ ပြောကြားခဲ့ပါသည်။

သို့ပါ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာတော့မည်ဟု ပြောနိုင်ပါသည်။ လက်ရှိအခြေအနေတွင်လည်း ဘတ်ဂျက်ခွဲဝေရရှိမှုအပေါ်မူတည်ပြီး ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်ပေးသည့်အလျောက် ဆေးရုံဆေးခန်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အသစ်တည်ဆောက်ပေးခြင်းတို့ဖြင့် ပြည်သူ့ကျန်းမာရေး အဆင့်အတန်းမြင့်မားတိုးတက်လာရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရပါသည်။ ထို့ကြောင့် မဝေးတော့သည့်အနာဂတ်တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုသည် တိုးတက်ပြောင်းလဲလာလိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၄

ကျန်းမာရေး စောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရွှေဂင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ အငြိမ်းစားဆေးပညာရှင်ပါမောက္ခ ဒေါက်တာမြဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးတို့က ယခုဆွေးနွေးပွဲမှ ရလဒ်များကိုမူတည်ကာ တိုးမြှင့်ဆောင်ရွက်ရမည့်ကဏ္ဍ၊ ပြုပြင်ရမည့် ကဏ္ဍများအလိုက် ပံ့ပိုးပေးရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် အုပ်စုဖွဲ့ဆွေးနွေးခဲ့သော ရလဒ်များကို အုပ်စု ၅ စုမှ အုပ်စုအလိုက်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက လူမှုကျန်းမာရေးအာမခံနှင့် လူမှုဖူလုံရေးဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲမှ ထောက်ခံတင်ပြချက်များအား အတည်ပြုခြင်းကို ဆောင်ရွက်ကာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးကဏ္ဍအတွက် နိုင်ငံတော်ကတိုးမြှင့်ချထားပေးသော ဘဏ္ဍာငွေများကို အလေအလွင့်မရှိဘဲ ဦးစားပေးမှန်ကန်စွာဖြင့် ပြည်သူလူထု ကျန်းမာရေးအတွက် အကျိုးရှိရှိအသုံးပြုကြရန် ပြောကြားသည်။

တက်ရောက်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အငြိမ်းစားဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးဘောဂဗေဒပညာရှင်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

ပတ်ဝန်းကျင်နေသူ ရောဂါများဖြစ်ပွားစေပါ၍ အနံ့ဆိုးထွက်အမှိုက်ပုံးများ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဗညားဒလလမ်းမကြီး အောင်မင်္ဂလာလမ်းထောင့်တွင် အနံ့မျိုးစုံ ထွက်ပေါ်နေသော အမှိုက်ပုံးများကြောင့် အနီးတွင် နေထိုင်ကြသူများ ကျန်းမာရေးထိခိုက်နေပါ၍ နေရာရွှေ့ပြောင်းရန် အဆိုပါ အမှိုက်ပုံးများအနီးတွင် နေထိုင်သူများထံမှ သိရသည်။

ယခင်က ဤအမှိုက်ပုံးများမှာ အောင်မင်္ဂလာ ကားဂိတ်အနီးတွင် တည်ရှိပြီး ယခုနေရာသို့ လွန်ခဲ့သော တစ်နှစ်ကျော်က နေရာလာချခြင်း ဖြစ်ကြောင်း မြို့နယ်စည်ပင်မှ အမှိုက်ပုံးများဘေးရှိ မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်များကို လာရောက်သိမ်းဆည်းသည်ဟု သိရသည်။

"အမှိုက်လာပစ်တဲ့သူက အမှိုက်ပုံးထဲမထည့်တော့ဘူး၊ ဘေးမှာပစ်ချထားတယ်။ မီးချောင်း/လုံး အကျွမ်းတွေ ဖော့ကျိုးတွေ ပုလင်းခွံတွေပုံလို့ ညနေ ၅ နာရီဆို အမှိုက်လာပစ်ကြတယ်။ ပလက်ဖောင်းပေါ်အမှိုက်တွေပြန့်ကျဲလို့ ခရီးသွားပြည်သူတွေ၊ ခရီးသွား ရဟန်းသံဃာတွေ သွားလာရေး ဒုက္ခရောက်တယ်။ နောက်စည်ပင်က ည ၇ နာရီမှာ အမှိုက်လာသိမ်းတယ်။ အမှိုက်တွေကို ဟိုလှန်/သည်လှန်နဲ့ နံစော်နေတာပဲ၊ တစ်ခါအမှိုက်ပုံးကိုဆေးကြောပြီး ရေတွေကို ဆိုင်ရှေ့မှာပဲ သွန်တယ်၊ အနံ့တွေ အလွန်နံတယ်။ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ၊ အနီးက နေသူတွေ ဒုက္ခရောက်လို့တခြားသင့်တော်ရာ စီစဉ်ပေးစေချင်တယ်"ဟု ထိုအမှိုက်ပုံးများအနီး နေထိုင်သူတစ်ဦးက ပြောသည်။

(လ/ဝ၄၁)

ဒေသန္တရ စီမံကိန်းတာဝန်ပေးအပ်ပွဲ ဟိုပန်မြို့၌ကျင်းပ

ဟိုပန် ဇွန် ၁၄

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရပ်ကွက်/ကျေးရွာ အုပ်စုများသို့ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက"ဝ" တိုင်းဦးစီးအဖွဲ့ စည်းဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်က အမှာစကားပြောကြားပြီးနောက် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဦးစီးအရာရှိ ဒေါ်ခင်မိမိက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရပ်ကွက်ရှစ်ခု၊ ကျေးရွာအုပ်စု ၁၂ ခုနှင့် ပန်လုံမြို့နယ်ခွဲ စီမံကိန်းတာဝန်ပေးအပ်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

မည်သည့်ပညာရေးစနစ် ကျင့်သုံးသည်ဖြစ်စေ ပညာရေးပတ်ဝန်းကျင်ကောင်းရှိရန် လိုအပ်

နေပြည်တော် ဇွန် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ ဆရာမများအား စတုတ္ထအကြိမ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အားပေးသည်။

အခမ်းအနားတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက (၅)ဘာသာဂုဏ်ထူး ရရှိသူ သုံးဦး၊ (၄)ဘာသာဂုဏ် ထူးရရှိသူ လေးဦး၊ (၃)ဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ (၂)ဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ (၁)ဘာသာဂုဏ်ထူးရရှိသူ(၃၃)ဦး၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် စာမေးပွဲအောင်မြင်သူများအား ဂုဏ်ပြုလက်မှတ်နှင့်ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်မှ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများကိုယ်စား ရေဆင်းအခြေခံ ပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်အံ့ဟူသည့် ဆောင်ပုဒ်နှင့်အညီ ထုထောင်ကြရမည် ဖြစ်ကြောင်း၊ အကောင်းအဆိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားသိမြင်ပြီး ကောင်းအောင် မှန်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မည်သည့်ပညာရေးစနစ် ကျင့်သုံးသည်ဖြစ်စေ ပညာရေးပတ်ဝန်းကျင်ကောင်းရှိရန်လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသားများကို ပညာတတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်သကဲ့သို့ ကျောင်းသားများကလည်း တတ်မြောက် အောင်သင်ယူရန် လိုအပ်ပါကြောင်း၊ ယင်းသို့ သင်ကြားသင်ယူနိုင်ရန် မိဘ၊ ဆရာ၊ ကျောင်းသား စသည့်ပတ်ဝန်းကျင်ကောင်းသည် အရေးကြီးပါကြောင်း။

မိဘများသည် လက်ဦးဆရာဖြစ်၍ ဂုဏ်ပြုခံကျောင်းသားကျောင်းသူများနှင့်အတူ ဖိတ်ကြားဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသားပညာရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား၊ ဆရာ၊ မိဘများနှင့် ကောင်းမွန်သည့် ပညာရေးပတ်ဝန်းကျင်သည် အနာဂတ်မျှော်လင့်ချက်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအတွက် အလွန်အရေးကြီးပြီး ကောင်းမွန်သည့် ပညာရေးပတ်ဝန်းကျင်ကို အမြဲပြုစုပျိုးထောင်ရန်လိုအပ်ပါကြောင်း၊ အခြေခံပညာအထက်တန်းဖြစ်သည့် တက္ကသိုလ်ဝင်တန်းသည် ကျောင်းသား ကျောင်းသူတစ်ဦးအတွက် တက္ကသိုလ်ဝင်တန်းသည် အရေးပါသည့် ဘဝလမ်းခရီး၊ ဘဝတက်လမ်းဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ပညာရည်မြင့်မားရန် အခြေခံပညာအဆင့်မှစ၍ ကောင်းမွန်သည့် ပညာရေးပတ်ဝန်းကျင်တွင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ အနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအား ကောင်းမွန်သည့်ကာယ၊ ဉာဏ၊ စာရိတ္တတရားများကို သင်ကြားပေးသွားရမည်ဖြစ်ကြောင်း။

မိမိတို့မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများကို ကျောင်းသို့ လွှတ်ရုံဖြင့် တာဝန်ကျေပြီဟုမဆိုနိုင်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဘက်စုံထူးချွန်အောင် လေ့ကျင့်သင်ကြားပေးသွားရမည် ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ ထွန်းပေါက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးစားပေးသည့် မိဘ၊ ဆရာ ဆရာမများနှင့် ပတ်ဝန်းကျင်ကိုလည်း ချီးမြှင့်ဂုဏ်ပြုပေးရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုသူသည် ပတ်ဝန်းကျင်၏ တန်ဖိုးမြင့်တက်လာသည်နှင့်အမျှ တန်ဖိုးမြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အလားတူ နံနက် ၇ နာရီခွဲတွင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု မွန်းတည့်ခွင်ကျေးရွာရှိ အမှတ်(၁၃၁)အခြေခံပညာမူလတန်းကျောင်းနှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဝင်းအတွင်းကျင်းပရာ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတက်ရောက် အားပေးသည်။

အခမ်းအနားတွင် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးရဲမြင့်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်တည်ဆောက်မှုဆိုင်ရာ စာရွက်စာတမ်းများကို ဒုတိယမြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးထွန်းအောင်ဆန်းက ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်၏ ခံ့ညားသပ်ရပ်မှုသည် ကုမ္ပဏီ၏စေတနာပင်ဖြစ်ကြောင်း၊ မှန်ကန်သည့် စေတနာ၊ မေတ္တာသည် အလျားအနံ့အတိုင်းအတာမရှိ အကျိုးကို ဖြစ်ထွန်းစေပါကြောင်း၊ စေတနာမေတ္တာအရင်းခံ၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှသာ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် မှန်ကန်သည့်စေတနာ၊ မေတ္တာတို့ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် ထူးချွန်သည့် နိုင်ငံ့သားကောင်းရတနာများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်ပါစေဟု ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ဒုတိယအမှုဆောင် အရာရှိချုပ် ဦးရဲမြင့်၊ ဥတ္တရသီရိခရိုင်ပညာရေးမှူးတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပတ်ဖျန်းပေးကြပြီး နှစ်ထပ်ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၁၀၀ ရှိ သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၈၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများအား စတုတ္ထအကြိမ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

○ ရွှေဖုံးမှ

ညှိနှိုင်းဖြေရှင်းခြင်းဖြင့် နှစ်ဖက်လုံးအတွက် ရေရှည်အကျိုးရှိမည့် လုပ်ငန်းခွင်အခြေအနေကို ရရှိမည်ဖြစ်ပါကြောင်း။

ထို့ပြင် အလုပ်သမားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လေ့ကျင့်သင်ကြားမှုများလည်း ပြုလုပ်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

နှုတ်ဆက်အားပေး

ထို့နောက် နိုင်ငံတော်သမ္မတသည် အထည်ချုပ်စက်ရုံအတွင်းရှိ အထည်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများကို ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

မြစ်ဝကျွန်းပေါ် ကုမ္ပဏီလီမိတက်သည် နိုင်ငံသားပိုင်အထည်ချုပ်စက်ရုံတစ်ရုံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ်သန်း ၂၀၀၀ ဖြစ်သည်။ အဆိုပါ စက်ရုံကို ၂၀၁၂ ခုနှစ် မတ် ၁၂ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါစက်ရုံအတွက် ကုန်ကြမ်းများကို ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှရရှိပြီး စက်ရုံမှထုတ်လုပ်သော ဂျာကင်၊ ဘောင်းဘီ၊ ဘလောက်စ်အင်္ကျီတို့ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ လက်ရှိတွင် ယင်းစက်ရုံ၌ အလုပ်သမား ၉၀၀ ရှိပြီး ထပ်မံ၍ အလုပ်သမား ၆၀၀ ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် စက်ရုံမှ အလုပ်အကိုင်ရှာဖွေပေးနိုင်သည့် အလုပ်သမား အရေအတွက်မှာ စုစုပေါင်း ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်စက်မှုဇုန်ရှိ Hakers Enterprise (Myanmar) Co.,Ltd. အထည်ချုပ်စက်ရုံသို့ရောက်ရှိကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံ၌ အလုပ်သမား ၂၀၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး စက်ရုံမှထုတ်လုပ်သော အဝတ်အထည်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပုသိမ်စက်မှုဇုန်အတွင်း စက်ရုံများတည်ဆောက်နေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

လက်ရှိ ပုသိမ်စက်မှုဇုန်တွင် အထည်ချုပ်စက်ရုံနှစ်ရုံ လုပ်ငန်းစတင်ဆောင်ရွက်နေပြီး ဆက်လက်၍ အထည်ချုပ်စက်ရုံကြီးနှစ်ရုံ၊ Steel Structure နှင့် ဆက်စပ်သည့် ဆောက်လုပ်ရေးစက်ရုံတစ်ရုံ၊ သဘာဝကျောက်နှင့် ဆက်စပ်သည့်အချောထည်ပစ္စည်းစက်ရုံတစ်ရုံ၊ ပြည်ပတင်ပို့မည့် ရှပ်အင်္ကျီထုတ်လုပ်သည့် စက်ရုံသုံးရုံ၊ ပြည်ပတင်ပို့မည့် ဂျာကင်ထုတ်လုပ်သည့် စက်ရုံလေးရုံတို့အပါအဝင်စက်ရုံ ၁၅ ရုံ တည်ဆောက်ရန်စီစဉ်ထားပြီးဒေသခံပြည်သူ ၃၀၀၀၀ ခန့် အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပုသိမ်စက်မှုဇုန်ရှိ Hakers Enterprise (Myanmar) Co.,Ltd. အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်၌ အလုပ်သမားများ အလုပ်လုပ်ကိုင်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

တိုက်ခိုက်မိန့်ရမည်ဆိုလျှင် ၂၄ နာရီအတွင်း အမေရိကန်က အီရတ်ကိုဝင်တိုက်နိုင်

ဝါရှင်တန် ဇွန် ၁၄

အမေရိကန်က ၎င်း၏အရှေ့အလယ်ပိုင်း ဖြန့်ကြက်ထားသောလေယာဉ်တင်သင်္ဘောမှ အီရတ်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါများနှင့်ဆက်နွယ်သော စစ်သွေးကြွများအား တိုက်ခိုက်ရေးအမိန့်ရလျှင် ၂၄ နာရီအတွင်း တိုက်ခိုက်နိုင်ကြောင်း အမေရိကန် စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်အနေဖြင့်အီရတ်သို့ အမေရိကန်တိုက်ခိုက်ရေး တပ်များစေလွှတ်ဖွယ်မရှိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက သောကြာနေ့တွင် ပြောကြားလိုက်သည်။ သို့သော် အမျိုးသားလုံခြုံရေးအဖွဲ့အား အီရတ်လုံခြုံရေးတပ်များကို ကူညီပေးရေး အသင့်ပြင်ဆင်ထားရန် တောင်းဆိုလိုက်သည်။ အမိန့်ရမည်ဆိုလျှင် ချက်ချင်းစတင်နိုင်မည်ဖြစ်ကြောင်း အမေရိကန်လေတပ်အငြိမ်းစား တာဝန်ရှိသူအချို့က ပြောကြားသည်။ သင့်အနေဖြင့် ကျွန်ုပ်တို့ကို တန်ဖိုးရှိသော ထောက်လှမ်းရေးသတင်းအချက်အလက်များ ပေးပို့နိုင်မည်ဆိုလျှင် ၂၄ နာရီအတွင်း အမေရိကန် ဂျက်လေယာဉ်များက တိုက်ခိုက်လာနိုင်ကြောင်း အမေရိကန်လေတပ် ဒုတိယ ထောက်လှမ်းရေးအကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီး ဒေးဗစ်ဒက်တူလာက ပြောသည်။

အမေရိကန် လေယာဉ်တင်သင်္ဘော George H.W Bush သည် အီရတ်နိုင်ငံပြည်နယ်နှစ်ခု၏ မြို့တော်များဖြစ်သော တီကရစ်နှင့် မိုဆူးလ်မြို့များကို စစ်သွေးကြွများ၏ ထိန်းချုပ်မှုမှ ပြန်လည်ရယူရန် သမ္မတအိုဘားမား၏ အမိန့်ကို စောင့်ရင်းတ ဖြည်းဖြည်း ပါရှန်ပင်လယ်ကွေ့အတွင်း ဝင်ရောက်သွားပြီဖြစ်ကြောင်း ပင်တဂွန်က သတင်းထုတ်ပြန်ထားသည်။ ၎င်းလေယာဉ်တင်သင်္ဘောတွင် ဂျက်လေယာဉ် ဒါဇင်ပေါင်းများစွာ တင်ဆောင်လာသည်။ ထို့အပြင် အီရတ်အနီး အမေရိကန်လေတပ်အခြေစိုက်စခန်းများမှ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များလည်း တင်ဆောင်လာသည်။

အမေရိကန်၏ စစ်ရေးအခြေအနေသည် အာဖဂန်မှအီရတ်သို့ လမ်း ကြောင်းပြောင်းသွားနိုင်ကြောင်း အခြားအငြိမ်းစား လေတပ်အရာရှိတစ်ဦးက ပြောသည်။ **ပရက်စ်တီဗွီ**

အာဖဂန်သမ္မတရွေးကောက်ပွဲကျင်းပ

ကဘူးလ် ဇွန် ၁၄

သမ္မတ ဟာမစ်ကာဇိုင်းနေရာ ဆက်ခံမည့် သမ္မတလောင်း ရွေးချယ်ပေးနိုင်ရေး အာဖဂန်ပြည်သူများက ဆန္ဒမဲပေးနေကြပြီဖြစ်သည်။

အာဖဂန်ပြည်သူများနိုင်ငံခြားရေး ဝန်ကြီးဟောင်း အဗ္ဗဒူလာနှင့် ကမ္ဘာ့ဘဏ်စီးပွားရေး ပညာရှင်ဟောင်း အာရှာရပ်ဂန်နီတို့ထဲမှ တစ်ဦးဦးအား သမ္မတသစ်အဖြစ် ရွေးချယ်ပေးကြမည်ဖြစ်သည်။ အဆိုပါ သမ္မတရွေးကောက်ပွဲသည် အာဖဂန်နစ္စတန်နိုင်ငံ၌ ဒီမိုကရေစီအရ ပြောင်းလဲသောအစိုးရ လက်ထက်တွင် ပထမဆုံး ကျင်းပခြင်းဖြစ်သည်။ သို့သော်လည်း တာလီဘန်များက မဲရုံများကို ပစ်မှတ်ထားလျက် တိုက်ခိုက်ရန် ခြိမ်းခြောက်ထားသည်။



အငြင်းပွားရလဒ်များထွက်ပေါ်လာပါက အဆက်မပြတ်တိုက်ခိုက်သွားရန် တာလီဘန်တို့က ဆိုသည်။ အာဖဂန်တွင်ယခုနှစ်ကုန်ပိုင်းတွင် ပြည်ပတပ်ဖွဲ့ဝင်များ အားလုံးနီးပါး ရုပ်သိမ်းကြမည်ဖြစ်ရာ ခေါင်းဆောင်သစ်အနေဖြင့် တာလီဘန်အကြမ်းဖက်သမားများ၏ လုံခြုံရေးတာဝန်ကို ရယူရမည်ဖြစ်သည်။ အာဖဂန်စီးပွားရေး အခြေအနေမှာလည်း အားနည်းနေဆဲဖြစ်သည်။ **ဘီဘီစီ**

၂၀၁၃ခုနှစ်တွင် အာဖရိကဆင်များ ၂၀၀၀၀ကျော် တရားမဝင် ဖမ်းဆီးခံခဲ့ရ

ဂျနီဗာ ဇွန် ၁၄

အာဖရိကတိုက် တစ်ဝန်းလုံး၌ ၂၀၁၃ခုနှစ်အတွင်း အာဖရိကဆင်၂၀၀၀၀ ကျော် တရားမဝင် ဖမ်းဆီးခံခဲ့ရကြောင်း မျိုးသုဉ်းပျောက်ကွယ်မည့် မျိုးစိတ်များနိုင်ငံတကာကုန်သွယ်မှုတားဆီးရေးအဖွဲ့(CITES)၏ ထုတ်ပြန်ချက်စာတမ်းအရ သိရသည်။

အာဖရိကဆင်များအန္တရာယ်ချိန်အမည်ရှိ ၎င်းစာတမ်းတွင်၂၀၀၀ပြည့်နှစ် အလယ်ပိုင်းကတည်းက ဆင်များကို တရားမဝင်သတ်ဖြတ်မှုများ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၁ခုနှစ်တွင် အမြင့်ဆုံး ဖြစ်လာခဲ့ကြောင်း ဖော်ပြခဲ့သည်။

၎င်းကဲ့သို့ တရားမဝင်ဖမ်းဆီးသတ်ဖြတ်မှုသည် သဘာဝဆင်မွေးဖွားနှုန်းထက် အဆက်မပြတ်တိုးလာခဲ့သဖြင့် အာဖရိကတစ်ဝန်း၌ ဆင်အရေအတွက် ကျဆင်းသွားမည့် အခြေအနေပင် ဖြစ်သည်။ယခုကဲ့သို့ ဆင်များဖမ်းဆီးခြင်းသည် အာရှတိုက်ထက် အာဖရိကတိုက်တွင် ပိုမိုများပြားသည်ဟု ဆိုသည်။

ယင်းအခြေအနေကို ပြင်းထန်သော ပြစ်မှုကျူးလွန်မှုအဖြစ် သတ်မှတ်ပြီး တရားမဝင်မူးယစ်ဆေးဝါး ကုန်သွယ်မှု၊တရားမဝင်လူကုန်ကူးမှု၊တရားမဝင် လက်နက်ကုန်သွယ်မှုများကို အရေးယူဆောင်ရွက်သကဲ့သို့ ယခုကိစ္စကိုလည်း အရေးယူဖြေရှင်းရန် လိုအပ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခု၌ အတွင်းရေးမှူးချုပ် John Scanlon၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။ **ဆင်ဟွာ**

ထိုင်းနိုင်ငံတစ်ဝန်း ညမထွက်ရအမိန့် ပြန်လည်ရုပ်သိမ်း

ဗန်ကောက် ဇွန် ၁၄

ထိုင်းစစ်တပ်အာဏာပိုင်များက နိုင်ငံတစ်ဝန်း ညမထွက်ရအမိန့်ကို ရုပ်သိမ်းလိုက်ကြောင်း သောကြာနေ့က ကြေညာခဲ့သည်။

ဒေသစံတော်ချိန် ည ၁၂ နာရီမှ နံနက် ၄နာရီအထိ ညမထွက်ရ အမိန့်ကို နေ့စဉ်နှင့်အမျှ လှုပ်ရှားသွားလာနေ သူများ၊ နိုင်ငံခြားခရီးသွားများအပေါ် သက်ရောက်မှု လျော့နည်းသွားစေရန်အတွက် ရုပ်သိမ်းရန် တည်ငြိမ်အေးချမ်းရေး အမျိုးသားကောင်စီ (NCPO)က ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

၎င်းကြေညာချက်ကို (NCPO) အကြီးအကဲ Chan-ocha ၏ အပတ်စဉ်ရုပ်မြင်သံကြားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထိုင်းစစ်တပ်အာဏာပိုင်များက နိုင်ငံအာဏာကို ပြီးခဲ့သည့်လက သိမ်းပိုက်ခဲ့ပြီး ကြားဖြတ်အစိုးရအဖွဲ့ကို ဩဂုတ်လတွင် ဖွဲ့စည်းမည်ဖြစ်ရာ ယင်းသည် ပထမအကြိမ် တိတိကျကျ ရက်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ကြားဖြတ်အစိုးရအဖွဲ့ကို ဩဂုတ်လတွင် ဖွဲ့စည်းမည်ဖြစ်ပြီး နောက်အကျဆုံး စက်တင်ဘာလတွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ၂၀၁၅ခုနှစ်နိုင်ငံတော်ဘတ်ဂျက်မြှုပ်နှံရေး အစည်းအဝေးတွင် ၎င်းကပြောခဲ့သည်။ ယင်းအစိုးရအဖွဲ့ကို အရပ်သားများ(သို့မဟုတ်) စစ်ဘက်အရာရှိများဖြင့် ပါဝင်ဖွဲ့စည်းထားမည်ကို ၎င်းကပြောကြားခဲ့ခြင်း မရှိပေ။

ထို့ပြင် သုံးလအတွင်း ယာယီဖွဲ့စည်းပုံမူကြမ်းရေးဆွဲမည်ဖြစ်ပြီး အထွေထွေရွေးကောက်ပွဲအသစ် ကျင်းပနိုင်သည့် အနည်းဆုံးတစ်နှစ်အထိ ၎င်းမူကြမ်းအတိုင်း လုပ်ဆောင်သွားမည်ဟု Chan-ocha က ထပ်လောင်းပြောကြားခဲ့သည်။ **ဆင်ဟွာ**

ယူကရိန်းအရှေ့ပိုင်း၌ စစ်ဘက်ပို့ဆောင်ရေးလေယာဉ်အား ခွဲထွက်ရေးသူပုန်များက ပစ်ချခဲ့ဟုဆို

ကိယက်ဗ် ဇွန် ၁၄

ရုရှားလိုလားသူခွဲထွက်ရေးသူပုန်များက ယူကရိန်းအရှေ့ပိုင်း၌ စစ်ဘက်ပို့ဆောင်ရေးလေယာဉ်တစ်စင်းကို ပစ်ချလိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပစ်ချခံရ

အဆိုပါ စစ်ဘက်ပို့ဆောင်ရေးလေယာဉ် ပစ်ချခံရမှုကြောင့် ဒါဇင်နှင့်ချီသော စစ်ဘက်တာဝန်ရှိသူများ သေဆုံးခဲ့ရသည်။ 11-76 အဆိုပါ ပို့ဆောင်ရေးလေယာဉ်သည် လူဘန့်မြို့ပေါ်တွင် လေယာဉ်ပစ်လက်နက်ဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ၎င်းလေယာဉ်ပစ်ချခံရမှုကြောင့် စစ်ဘက်တာဝန်ရှိသူ ၄၉ ဦး သေဆုံးသွားကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗလာဒီစလပ် ဆီလီနော့၏ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာက ဖော်ပြသည်။ ၎င်းလေယာဉ်သည် တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်များ တင်ဆောင်လာပြီး လူဘန့်မြို့လေဆိပ်အဆင်း ပစ်ချခံရခြင်းဖြစ်သည်။

အကြမ်းဖက်သမားများက လေယာဉ်ကို ပစ်ချလိုက်ခြင်းဖြစ်ကြောင်းဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူများ၏ မိသားစုများထံ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

အထက်ပါဖြစ်ရပ်သည် ရုရှားလိုလားသော ခွဲထွက်ရေးသူပုန်များက လူဘန့်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တိုက်ခိုက်ရေးဆက်တိုက်ပြုလုပ်ပြီးနောက် တစ်ပတ်မပြည့်မီမှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းလေဆိပ်ကို အစိုးရတပ်များက ထိန်းချုပ်ထားပြီဖြစ်သော်လည်း ၎င်းမြို့၌ ခွဲထွက်ရေးသမားအများဆုံးနေထိုင်လျက်ရှိဆဲဖြစ်သည်။ လူဟန့်မြို့သည် ရုရှားလိုလားသောခွဲထွက်ရေးသမားများက ကိယက်ဗ်မှ လွတ်လပ်ရေးကြေညာထားရာ ဒေသတစ်ခုအနက်မှ တစ်ခုဖြစ်သည်။ ယူကရိန်းအစိုးရတပ်များက လွန်ခဲ့သော နှစ်လက အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဆင်ရေးဆင်နွှဲခဲ့ရာ အနည်းဆုံး လူ ၂၇၀ သေဆုံးခဲ့ရသည်။

ထိုအတောအတွင်း ယူကရိန်းအရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများသည် ရုရှားမှလာသော တင့်ကားများ အသုံးပြု တိုက်ခိုက်သည်ဟု ယုံကြည်ရကြောင်း အမေရိကန်က ပြောသည်။ **ဘီဘီစီ**

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း

မြန်မာနိုင်ငံဆေးကောင်စီဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ် ၊ ရက်
(၂၀၁၄ ခုနှစ် ၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံဆေးကောင်စီဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆေးပညာ** ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့် စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆေးကောင်စီကို ဆိုသည်။

(ဂ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဃ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော ဆရာဝန် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(င) **မှတ်ပုံတင်ဆရာဝန်** ဆိုသည်မှာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(စ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထွေထွေ ဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်ကျွမ်းကျင် ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(၁) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ -

(က) အသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ် တစ်ခုခုမှ အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလ ပြီးဆုံးပြီးသော မြန်မာနိုင်ငံသား မှတ်ပုံတင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်၊

(ခ) သက်ဆိုင်ရာဆေးကောင်စီက အသိမှတ်ပြုထားသော ပြည်ပဆေးတက္ကသိုလ် တစ်ခုခုမှ ဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလ ပြီးဆုံးပြီးသူ မြန်မာနိုင်ငံသားဆရာဝန်အား ဆေးကုသခွင့်လိုင်စင် စာမေးပွဲအောင်မြင်ပြီးနောက် မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၂) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ -
အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး အထွေထွေအထူးဆေးကုသမှုကိုဖြစ်စေ၊ အထူးပြုအထူးကု ဆေးကုသမှုကိုဖြစ်စေ၊ အရည်အချင်းပြည့်မီ၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည်ဟု သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၃) **ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ-
နိုင်ငံခြားသားဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီမှ ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင် စာမေးပွဲကို အောင်မြင်ပြီး ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(၄) **ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ-
သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော နိုင်ငံခြားသား ဆရာဝန်အား ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(၅) **ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ-
ဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးကုသခြင်းနှင့် သက်ဆိုင်သော ဘွဲ့တစ်ခုခုရရှိပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအခြေအနေအရ လိုအပ်သဖြင့် ဆေးကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည်ဟု ကောင်စီကလည်း အသိအမှတ်ပြုထားသူအား ထုတ်ပေးထားသော လိုင်စင်ကို ဆိုသည်။

(ဆ) **ဆေးကုသပိုင်ခွင့်ရှိသူ** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီတွင် ဤဥပဒေအရမှတ်ပုံတင်ပြီး ဆေးကုသခွင့်လိုင်စင် ရရှိပြီးသူကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး ခံစားခွင့်ရရှိစေရန်၊

(ခ) ဆရာဝန်များ၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန် ၊

(ဂ) ဆေးပညာကို ခေတ်စနစ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်အတွက် ညွှန်ကြားကြပ်မတ်ပေးရန်၊

(ဃ) ဆေးပညာတိုးတက်မှုကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) ဆရာဝန်များ၏ ဂုဏ်သိက္ခာထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်းများ လိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းပေးရန်၊

(ဆ) မှတ်ပုံတင်ဆရာဝန်များ၏ အမှန်တကယ်နစ်နာမှုများအတွက် လိုအပ်ပါက သင့်လျော်သော အကြံဉာဏ်များပေးရန်၊

(ဇ) လျော်ကန်ကောင်းမွန်သော ဆေးကုသမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကြပ်မတ်မှုပေးရန်၊

(ဈ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ကျန်းမာရေးဝန်ကြီးဌာန၊ အခြားသက်ဆိုင်သော ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပနှီးနွှယ်အဖွဲ့အစည်းများကို အကြံပြုခြင်း၊ တိုက်တွန်းခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပြုလုပ်ရန်။

အခန်း(၃)
မြန်မာနိုင်ငံဆေးကောင်စီဖွဲ့စည်းခြင်း

၄။ (က) မြန်မာနိုင်ငံဆေးကောင်စီသည် လုပ်ငန်းသဘောအရ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

(ခ) မြန်မာနိုင်ငံဆေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရအဖွဲ့ကို တာဝန်ခံသည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင် (၂)ဦး ပါဝင်သော နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ ကောင်စီ၏ နာယကအဖွဲ့သည် မြန်မာနိုင်ငံဆေးကောင်စီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊
(ခ) ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊
(ဂ) ဆေးသုတေသနဦးစီးဌာန ဝါရင့်ညွှန်ကြားရေးမှူးချုပ်၊
(ဃ) ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊
(င) ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ
(စ) မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂)ဦး၊
(ဆ) မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂)ဦး၊
(ဇ) ပြည်နယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများ၊
(ဈ) ဆေးတက္ကသိုလ်များမှ ဥပဒေရေးရာဆေးပညာဌာနဝါရင့်ပါမောက္ခဌာနမှူး (၁)ဦး၊
(ည) ဆေးတက္ကသိုလ်ပါမောက္ခချုပ်များက ညှိနှိုင်းရွေးချယ်ပေးသော ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ကုပညာ၊ ကလေးကျန်းမာပညာဌာနများမှ ဝါရင့်ပါမောက္ခဆရာဝန်(၁)ဦးစီ၊
(ဋ) အများယုံကြည်လေးစားမှုကိုရရှိပြီးကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စားမှုရှိသည့် အငြိမ်းစားဆရာဝန် ပညာရှင်(၇)ဦး၊
(ဌ) ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်သော အစိုးရဝန်ထမ်းမဟုတ်သူ (၁)ဦးစီ၊
(ဍ) အများပြည်သူလေးစားသော ပုဂ္ဂိုလ် (၂)ဦး။

၇။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီအဖွဲ့ဝင်များအနက်မှ ၎င်းတို့၏ ဆန္ဒမဲဖြင့် ဥက္ကဋ္ဌ (၁)ဦး၊ ဒုတိယဥက္ကဋ္ဌ (၁)ဦး၊ အတွင်းရေးမှူး (၁)ဦး၊ တွဲဖက်အတွင်းရေးမှူး (၁)ဦးနှင့် ဘဏ္ဍာရေးမှူး(၁)ဦးတို့ကို ရွေးချယ်တင်မြှောက်စေရမည်။

၈။ (က) နာယကအဖွဲ့သည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည် -

(၁) ကောင်စီ ဥက္ကဋ္ဌ . . . ဥက္ကဋ္ဌ
(၂) ကောင်စီ ဒုတိယဥက္ကဋ္ဌ . . . ဒုတိယဥက္ကဋ္ဌ
(၃) ကောင်စီဝင် (၁၀)ဦး . . . အဖွဲ့ဝင်များ
(၄) ကောင်စီအတွင်းရေးမှူး . . . အတွင်းရေးမှူး
(၅) ကောင်စီ တွဲဖက်အတွင်းရေးမှူး . . . တွဲဖက်အတွင်းရေးမှူး
(၆) ကောင်စီဘဏ္ဍာရေးမှူး . . . ဘဏ္ဍာရေးမှူး

(ခ) အလုပ်အမှုဆောင်အဖွဲ့ဝင် (၁၀) ဦးအနက်မှ (၇)ဦးအား ကောင်စီဝင်များမှ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန် (၃)ဦးအား ကောင်စီဥက္ကဋ္ဌမှ တိုက်ရိုက်ရွေးချယ်နိုင်သည်။

၉။ (က) ဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့်ပုဂ္ဂိုလ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(၂) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူဖြစ်ရမည်၊
(၃) ဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော ဆေးပညာရှင်ဖြစ်ရမည်။

(ခ) အတွင်းရေးမှူးတာဝန် ထမ်းဆောင်မည့် ပုဂ္ဂိုလ်သည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(၂) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူဖြစ်ရမည်၊
(၃) ဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော ဆေးပညာရှင်ဖြစ်ရမည်။

၁၀။ (က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် (၄)နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း (၂)ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည် ။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ ပုဒ်မ (၆)ပါအတိုင်း အစားထိုးခန့်ထားခြင်း (သို့မဟုတ်) ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၄)
ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဆေးပညာဘွဲ့များကိုအသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်ဆရာဝန် စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်စာရင်းများကို ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဃ) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ဆောင်ရွက်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ဆေးခန်းများ၏ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန်နှင့် လုံခြုံမှုရှိစေရန် လိုအပ်သောစံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဆေးပညာသင်ကြားမှုအဆင့်အတန်း မြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ်များ သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆရာဝန်များ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားမှုရရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာအသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဈ) ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဋ) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

(ဆက်လက်ဖော်ပြပါမည်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လိုက်ဖက်ဆီလျော်စွာ ၄

မောင်ခင်မင်(ဓနုဖြူ)

"ဆရာ ဒါဆိုရင် ဆရာ အရင်တစ်ခါပြောဖူးတဲ့ အပြောသုံးစကားနဲ့ စာသုံးစကားကိုလည်း သူ့နေရာနဲ့သူ လိုက်ဖက်ဆီလျော်အောင် သုံးဖို့လိုအပ်တာပေါ့နော်"

"ဟုတ်တယ်လေ၊ ဆရာတို့မြန်မာစကားမှာ စာသုံးနဲ့အပြောသုံးက သိသိသာသာကွဲပြားနေတာမို့ စာသုံးစကား သုံးသင့်တဲ့ အခြေအနေနဲ့ အပြောသုံးစကား သုံးသင့်တဲ့အခြေအနေလည်း ကွဲပြားမှာပေါ့"

"ဘယ်လို ကွဲပြားပါသလဲဆရာ"

"အပြောသုံးစကားဆိုတာက စကားပြောတဲ့နေရာမှာ လတ်တလောသုံးနေတဲ့ စကားမို့ ပေါ့ပါးသွက်လက်တယ်၊ အသက်ဝင်တယ်၊ ဒီတော့ ပေါ့ပါးသွက်လက်တဲ့အခြေအနေမျိုးနဲ့လိုက်ဖက်တာပေါ့။ အဲ. . . စာသုံးစကားဆိုတာကတော့ စာသံပေသံနဲ့သုံးတဲ့စကားမို့ ခံ့ခံ့ညားညားရှိတယ်၊ အပြောသုံးစကားလောက်မပေါ့ပါးဘူး၊ မသွက်ဘူး၊ ဒီတော့ ခံ့ခံ့ညားညားအခြေအနေမျိုးနဲ့ လိုက်ဖက်တယ်လို့ ဆိုရမှာပေါ့ကွယ်"

"သာဓကကလေးတွေ သိပါရစေဆရာ"

"ဆိုပါစို့။ သားတို့သမီးတို့ သူငယ်ချင်းအချင်းချင်းစာရေးမယ်၊ အပြန်အလှန်ဆွေးနွေးမယ်၊ အင်တာဗျူးလုပ်မယ်ဆိုတဲ့ အခြေအနေမျိုးတွေဆိုရင် အပြောသုံးစကားသုံးတာလိုက်ဖက်ဆီလျော်တာပေါ့၊ အဲ. . ရုံးမှာ အလုပ်ကိစ္စတင်ပြဖို့ စာရေးမယ်၊ စာမေးပွဲဖြေမယ်၊ စာတမ်းရေးမယ်၊ ကျမ်းပြုမယ်ဆိုတဲ့အခြေအနေမျိုးတွေမှာတော့ စာသုံးစကားသုံးတာက လိုက်ဖက်ဆီလျော်တာပေါ့ကွယ်"

"တချို့ကတော့ အပြောသုံးစကားနဲ့ ရေးတာဟာ ကလက်တယ်၊ ပေါ့တယ်၊ ဒါကြောင့် စာသုံးစကားနဲ့ပဲ ရေးသင့်တယ်လို့ပြောတာကြားဖူးပါတယ်ဆရာ"

" စာသုံးစကားသုံးတာကောင်းသလား၊ အပြောသုံးစကားသုံးတာကောင်းသလားဆိုပြီး အရင်ကဆွေးနွေးကြတာတွေရှိပါတယ်၊ ဒီနှစ်မျိုးကို 'စာသုံးဟန်နဲ့ အပြောသုံးဟန်'၊ 'အရေးဟန်နဲ့ အပြောဟန်' စသည်ဖြင့် အမျိုးမျိုးခေါ်ကြတယ်လေ၊ လေ့လာကြည့်ရင်ဒီနှစ်မျိုးစလုံး သူ့နေရာနဲ့သူ တွင်တွင်ကျယ်ကျယ် သုံးနေကြတာတွေ့မှာပါ။ စာသုံးဟန်နဲ့ရေးသားထားတဲ့စာပေတွေအခိုင်အမာရှိနေတာမို့ စာသုံးဟန်ကို လုံးဝပစ်ပယ်လို့တော့ မရဘူးလေ၊ အဲဒီလိုပဲ အပြောသုံးဟန်ကလည်းနေ့စဉ်ပြောဆိုသုံးနှုန်းနေတာမို့ အပြောသုံးဟန်ကိုလည်း လုံးဝပစ်ပယ်လို့ မရပါဘူး၊ ဒါကြောင့် သူ့နေရာနဲ့သူသုံးရမယ်လို့ခံယူတာဟာ မျှတတဲ့ခံယူချက်ပဲလို့ ဆရာထင်ပါတယ်"

"အဲဒီလိုခံယူသင့်တယ်လို့ သားတို့လည်းထင်ပါတယ်ဆရာ"

"ကြုံလို့တစ်ခုပြောရဦးမယ်။ သားတို့သမီးတို့ပြောသလို တချို့က အပြောသုံးဟန်နဲ့ရေးတာကို လက်မခံချင်ကြဘူး၊ အခံ့ပျက်တယ်ဆိုပြီး ခါးခါးသီးသီးဖြစ်တတ်ကြတယ်။ကဲ. . ဆရာတစ်ခုမေးမယ်။ သားတို့ သမီးတို့ နေ့တိုင်းပြောဆိုနေတာ အပြောဟန်နဲ့လား စာဟန်နဲ့လား"

"အပြောဟန်နဲ့ပါဆရာ"

"အပြောဟန်က ကလက်တယ်။ အခံ့ပျက်တယ်ဆိုရင်၊ တို့တွေနေ့တိုင်းပြောနေတဲ့စကားပြောပုံတွေဟာ အခံ့ပျက်တဲ့ ကလက်တက်တက်ဟန်တွေပဲလို့ ဆိုရာမရောက်ဘူးလား"

" အဲဒီလိုပြောရာရောက်နေတာပေါ့ဆရာ"

"အေး တို့နေ့တိုင်း အပြောဟန်နဲ့ ပြောနေပေမယ့် အခံ့လည်းမပျက်ပါဘူး၊ ကလက်လည်း မကလက်ပါဘူး၊ ဆရာနားမလည်တာက အဲဒီပုဂ္ဂိုလ်တွေ နေ့တိုင်း အပြောဟန်ကို မသုံးမဖြစ်သုံးနေလျက်သားနဲ့ သူတို့အရေးတကြီးသုံးနေတဲ့ အဲဒီအပြောဟန်ကိုပဲ ကလက်တယ်အခံ့ပျက်တယ်လို့ ထင်နေကြတာကိုပဲ မသုံးမဖြစ်သုံးနေရတဲ့ အရေးကြီးတဲ့ ကိုယ့်အသုံးအဆောင်ကို ကိုယ်ကပဲ ပြန်ပြီး ပြစ်တင်ရှုတ်ချနေတာနဲ့ မတူဘူးလားကွယ်"

"ဟုတ်ပါတယ်ဆရာ"

"ဒီတော့ ဒီပြဿနာကို အလေးအနက်စဉ်းစားဖို့လိုပါတယ်၊ တစ်ခုစဉ်းစားကြည့်ရအောင် စာဟန်နဲ့ရေးထားတဲ့ ကျမ်းဂန်တွေကစပြီး ပညာရပ်ဆိုင်ရာစာတွေကို အပြောဟန်နဲ့ပြန်ရေးလို့ မရဘူးလား"

"ရပါတယ်ဆရာ"

" ဒီလိုဆိုရင် အပြောဟန်နဲ့ တို့နေ့တိုင်းပြောနေတဲ့ စကားတွေကို စာဟန်နဲ့ ပြောင်းပြောရင်ရော ဖြစ်မယ်ထင်သလား"

"မဖြစ်ပါဘူးဆရာ။ စကားပြောတာကို စာဟန်နဲ့ပြောရင် စကားပြောတာနဲ့ မတူဘဲ စာဖတ်နေသလိုဖြစ်ပြီး သဘာဝကျမှာမဟုတ်ပါဘူး"

"အေး သားက သူငယ်ချင်းတစ်ယောက်ကို 'အသင် အဘယ်ကလာသနည်း၊ ကျန်းမာပါ၏လော' လို့ ပြောကြည့်ပါလား၊ သူငယ်ချင်းက'ဒီကောင် စိတ်မမှန်တော့ဘူးထင်တယ်' လို့ ထင်သွားမှာပေါ့။ ရယ်စရာကြီးဖြစ်သွားမှာပေါ့"

"ဟုတ်ကဲ့ပါဆရာ"

"လိုရင်းပြောရရင် အပြောဟန်နဲ့စာရေးလို့ရပေမယ့် စာဟန်နဲ့စကားပြောလို့ မရဘူးလေ။ ဘယ်သူမှ စာဟန်နဲ့စကားမပြောကြပါဘူး၊ အဲဒါဟာ အပြောဟန်က စာဟန်ထက်ပိုကျယ်ပြန့်ပြီး အသုံးတွင်ကျယ်တယ်ဆိုတာ ပြနေတဲ့ သာဓကပါပဲ၊ ဒီတော့ အပြောဟန်နဲ့ ရေးတာ ကလက်တယ်၊ အခံ့ပျက်တယ် ဆိုတဲ့ အယူအဆမမှန်ဘူးဆိုတာ အကျိုးသင့်အကြောင်းသင့် စဉ်းစားကြည့်နိုင်ပါတယ်ကွယ်၊ ကြုံလို့ပြောတာပါ"

"မှတ်သားစရာတွေပါဆရာ၊ ကျေးဇူးတင်ပါတယ်"

ဦးဩဘာသနဲ့ လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့ ရေးပုံမျိုးဟာ ဇာတ်တော်ကြီးဆယ်ဘွဲ့လို၊ ခင်မြင့်ကြီးဝတ္ထုလို စာမျိုးတွေအတွက်ဆီလျော်။ သတင်းစာခေါင်းကြီးရေးရင်တော့ အဲဒီအရေးအသားမျိုးက မဆီလျော်ဘူး။

" စာအရေးအသား ဘယ်လောက်ကောင်းပေမယ့် လိုက်ဖက်ဆီလျော်ဖို့ လိုတယ်ဆိုတဲ့ အယူအဆနဲ့ပတ်သက်ပြီး ဆရာကြီးရွှေဥဒေါင်းရေးဖူးတာ သတိရလို့ပြောပြရဦးမယ်"

"ပြောပြပါဆရာ"

"တစ်နေ့မှာ အမျိုးသမီးကြီးတစ်ယောက်က 'မင်းဘူးဦးဩဘာသဆရာတော်လို စာအရေးကောင်းတဲ့ပုဂ္ဂိုလ်မျိုး နောက်ထပ်ပေါ်တော့မယ် မထင်ဘူး' လို့ ဆရာကြီးရွှေဥဒေါင်းကိုပြောသတဲ့။ အဲဒီအခါ ဆရာကြီးက 'ဦးဩဘာသက ဘာကောင်းတာလဲ'လို့ မေးလိုက်တော့ အမျိုးသမီးကြီးမျက်နှာပျက်သွားတယ်တဲ့"

"စိတ်ဝင်စားစရာပါပဲဆရာ"

" ဆရာကြီးက အဲဒီအကြောင်းရေးပြပြီး ဒီစကားကိုကြားရင် ရွှေဥဒေါင်းကြီးက ဦးဩဘာသရဲ့ စာကို မကောင်းဘူးလို့ပြောကြတယ်လို့ ထင်ကြမှာပဲတဲ့၊ သူ့ဆိုလိုချက်ကို နားမလည်ရင်တော့ အဲဒီလိုထင်မှာပဲတဲ့"

"ဟုတ်ကဲ့"

"မင်းဘူးဦးဩဘာသ ဆရာတော်ရဲ့ ဝေဿန္တရာဇာတ်တော်ကြီး ဘယ်လောက်အရေးကောင်းတယ်ဆိုတာ သိပါတယ်တဲ့။ သိပ်လည်းသဘောကျပါတယ်တဲ့။ အဲဒီလိုပြောပြီး ဆရာကြီးက ဆက်ပြောတယ်"

"ဘယ်လိုပါလဲဆရာ"

" မင်းဘူးဦးဩဘာသသည်လည်းကောင်း 'အနုအယဉ်လူ့တစ်ခွင် သူ့အပြင်မရှိ' ဆိုသော လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည်လည်းကောင်း၊ 'သတင်းစာခေါင်းကြီးများကို အကောင်းဆုံးရေးတတ်မည်ဟု ထင်သူများရှိလျှင် ထိုသူများတွင် ကျွန်ုပ်မပါဝင်ချေ'တဲ့"

"ဩော်. . . ဒီလိုရေးတာကိုး"

" ဆရာကြီးရဲ့စကားလုံးတွေအတိုင်း အတိအကျမဟုတ်ပေမယ့် အဲဒီသဘောအတိုင်း ရေးထားတာ ဆရာ မှတ်မိသလိုပြောပြတာပါ။ ဆိုလိုတာကတော့ ခုဆရာတို့ပြောနေတဲ့ လိုက်ဖက်ဆီလျော်မှုပါပဲကွယ်။ ဦးဩဘာသနဲ့ လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့ ရေးပုံမျိုးဟာ ဇာတ်တော်ကြီးဆယ်ဘွဲ့လို၊ ခင်မြင့်ကြီးဝတ္ထုလိုစာမျိုးတွေအတွက် ဆီလျော်ပေမယ့် သတင်းစာခေါင်းကြီးရေးရင်တော့ အဲဒီအရေးအသားမျိုးက မဆီလျော်ဘူးလို့ ဆိုလိုတာပါ။ စာကောင်းတွေမှာ ကောင်းပုံကောင်းနည်း အမျိုးမျိုးရှိတယ်လို့လည်း ဆရာကြီးက ရေးထားပါတယ်"

"ဟုတ်ကဲ့ဆရာ၊ ဝတ္ထုကဖွဲ့ဖွဲ့နွဲ့နွဲ့ရေးရတယ်။ သတင်းစာခေါင်းကြီးက လိုရင်းရောက်အောင် ရေးရတယ်၊ သူ့နေရာနဲ့သူ ကောင်းတယ်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးတဲ့ အရေးအသားမျိုးနဲ့ ခေါင်းကြီးရေးရင်တော့ ကောင်းမှာမဟုတ်ဘူးလို့ ဆိုလိုတာပေါ့နော်၊ ဆရာ"

"ဟုတ်တာပေါ့ကွယ်၊ လိုက်ဖက်ဆီလျော်မှုသဘောကို ဆရာကြီးက ပြောတာပါ။ သိပ္ပံမောင်ဝ ရေးဖူးတာ တစ်ခုလည်းရှိတယ်ကွဲ့"

" ဟုတ်ကဲ့"

"သိပ္ပံမောင်ဝက ဘယ်လိုရေးသလဲဆိုတော့ မင်္ဂလာဆောင်မှာ ဖတ်ရတဲ့ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းရေးရင် လူရယ်စရာဖြစ်နေလိမ့်မယ်တဲ့။ မီးလောင်လို့ ပြေးလွှားရတဲ့အကြောင်းကို မင်္ဂလာဩဘာစာလိုရေးရင်လည်း လူရယ်စရာဖြစ်နေလိမ့်မယ်တဲ့"

"သူ့နေရာနဲ့သူ ဆီလျော်အောင်ရေးသင့်တယ်လို့ ဆိုလိုတာပေါ့နော် ဆရာ"

"ဟုတ်တယ်ကွဲ့။ ကဲဒီလောက်ဆိုရင်တော့ လိုက်ဖက်ဆီလျော်အောင် ရေးရတဲ့အကြောင်းက ခြုံမိလောက်ပြီထင်ပါရဲ့ကွယ်"

"ကျေးဇူးတင်ပါတယ်ဆရာ"

မြန်မာဘရူဝါရီလီမိတက်မိသားစု ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၄

ဇွန် ၁၄ရက်တွင် ကျရောက်သည့် World Blood Donor day 2014 ဖြစ်သောကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာဘရူဝါရီ လီမိတက်မိသားစု ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်၏ ၂၀၁၄ ခုနှစ် (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာန၌ ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအထိ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲအခမ်းအနား၌ မြန်မာဘရူဝါရီလီမိတက်၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးစိုးကျော်သူက သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီး ပါမောက္ခဒေါက်တာသီတာအောင်က ကျေးဇူးတင်စကား ပြောကြားကာ မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းများ၊ စီးပွားဖက်၊ မိတ်ဖက်ဆိုင်များနှင့် ဝန်ထမ်း ၂၆၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခဒေါက်တာသီတာအောင်က "ဒီမြန်မာဘရူဝါရီလီမိတက်မိသားစုက နှစ်စဉ်လှူဒါန်းနေကျပါ။ သူတို့မပါရင် မြန်မာပြည်အနှံ့ကို သွေးရဖို့ မလွယ်ပါဘူး။ ဦးဆောင်ပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ သွေးလှူရှင်များကလည်း လာနိုင်ရင် လာပေးကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာ ဘရူဝါရီလီမိတက်မှ တာဝန်ခံမဝင်းဝင်းသန့်က "ဒီလို တစ်နှစ်ကို ဇွန်လနဲ့ ဒီဇင်ဘာလမှာ နှစ်ကြိမ် ပုံမှန်လှူဒါန်းပေးလိုက်တော့ ကျန်းမာရေးအတွက် အလွန်အထောက်အကူဖြစ်ပါတယ်။ သွေးက ခန္ဓာကိုယ်မှာ ခြောက်ပုလင်းရှိရင် တစ်ပုလင်းလောက်သာ လှူရတာပါ။ ပြီးတော့ ကျွန်မတို့ ရုံးတွေက ရန်ကုန်၊ မန္တလေးအပါအဝင်ရုံး စုစုပေါင်း ၃၃ ရုံးရှိပါတယ်။ ဒီနေ့ ဒီမှာ လှူဒါန်းပြီးသွားရင် ဇွန် ၂၇ ရက်မှာလည်း မင်္ဂလာဒုံမြို့နယ်မှာ စက်ရုံနဲ့ နီးစပ်နေထိုင်ကြတဲ့ ၂၂၅ ဦးက စက်ရုံမှာ ထပ်လှူကြဦးမှာပါ။ အခု ရုံးက ဝန်ထမ်းတွေ စုပေါင်းပြီး သွေးလှူဒါန်းကြတာပါ။ နှစ်စဉ်လည်း ပုံမှန်လှူနေကြပါတယ်။ ဒီလိုစုပေါင်းသွေးလှူဒါန်းကြရတာ ပြောမပြတတ်အောင် ပီတိဖြစ်ရပါတယ်" ဟုပြောခဲ့သည်။ မြန်မာဘရူဝါရီလီမိတက်ရှိ မင်္ဂလာဒုံမြို့နယ် ဝါယာလက်စျေးအနီးနေထိုင်သော သွေးလှူရှင် မယဉ်ယဉ်နုကလည်း စေတနာပီတိစကားရင်ဖွင့်ပြောခဲ့သည်။

၂၀၀၆ ခုနှစ်မှစတင် စုပေါင်းသွေးလှူဒါန်းခဲ့ကြသော အဆိုပါ မြန်မာဘရူဝါရီလီမိတက်မိသားစုမှာ ယင်းနှစ်က လှူဒါန်းသူဦးရေ ၁၀၀ ကျော်ဖြင့် စတင်ခဲ့ကြပြီး တစ်နှစ်တစ်ကြိမ် ပုံမှန်လှူဒါန်းလာခဲ့ရာ ၂၀၀၉ ခုနှစ်မှစတင်ပြီး တစ်နှစ်ကို နှစ်ကြိမ် ပုံမှန်လှူဒါန်းခဲ့ခြင်းဖြင့် ယခုအခါ လှူဒါန်းသူဦးရေမှာ တစ်နှစ်လျှင် ၁၂၀၀ ကျော်အထိရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် ယခုနှစ် ဇွန်လ၌ပင် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားများကို ပုသိမ်၊ ပြည်၊ မန္တလေး၊ တောင်ကြီးနှင့် မုံရွာမြို့များတွင် ကျင်းပသွားရန် အစီအစဉ်များရှိနေကြောင်း သိရပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း သွေးပုလင်း ၁၀၅၄၇ ပုလင်း လှူဒါန်းပြီးကြောင်း သိရသည်။ **စိုးဝင်း(SP)**

ကယားပြည်နယ် ဘော်လခဲမြို့နယ် တိုင်းရင်းဆေးကုဌာနသို့ ဘော်လခဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေး-ဒေါ်ဝေဝေညို(သား) မောင်သုတကို မိသားစုက ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ဇွန် ၁၂ ရက်က စိုက်ထူလှူဒါန်းခဲ့ရာ မြို့နယ်တိုင်းရင်းဆေးမှူးဦးစိုးလင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ တင်မောင်(မန္တလေး)

ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးစစ်ဆေးဆောင်ရွက်

လားရှိုး ဇွန် ၁၄

လားရှိုးမြို့ မန်ဆူအဝေးပြေးကားဝင်းတွင် ခရီးသည်တင်ထွက်ခွာမည့်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများမှ မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်များ ခရီးစဉ်မထွက်ခွာမီ ယာဉ်၊ ယာဉ်မောင်းနှင့်သက်ဆိုင်သည့် အချက်အလက်များ၊ အရက်သေစာသောက်စားမှု ရှိ မရှိစသည်တို့ကို ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူး ဦးစီးဌာန၊ ယာဉ်ထိန်း၊ မီးသတ်၊ ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးကော်မတီများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် မေ ၂၀ ရက်မှစတင်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ပြည်တွင်းသတင်း

ကောင်းမွန်သောအနာဂတ်ကိုမျှော်မှန်းပြီး မိမိတို့၏လူမှုစီးပွားဘဝတိုးတက်လာစေရေး ရှေးရှုဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် မြေပုံမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖနှင့်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ (ယာပုံ)

ယင်းသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြေပုံမြို့နယ်အတွင်း မကြာမီ အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီပေးနိုင်စေရေးဆိုင်ရာများ၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် မိမိဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဝိုင်းဝန်းအကြံပေးဆွေးနွေးသွားနိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထိုသို့ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးပွင့်စီမံချက် ချမှတ်ကာ တိုင်းရင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုကို ဒေသခံတိုင်းရင်းသားများ တောင်းဆိုသည့်အတိုင်း မြေပြင် ကွင်းဆင်း၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိုးပွင့်အဆင့်(၅)အထိ ဆောင်ရွက်၍ တိုင်းရင်းသားဦးရေ ၃၀၀၀၀ နီးပါးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးဖြစ်ပါကြောင်း။

ယခုအခါ မြေပုံမြို့နယ်ကို စမ်းသပ်နယ်မြေအဖြစ် သတ်မှတ်ကာ နိုင်ငံသားဖြစ်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ လာမည့်ဇူလိုင်လအတွင်း မိုးပွင့်အဆင့်(၆)ကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်၍ ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်များ ပြီးစီးပြီဖြစ်၍ ဒုတိယအဆင့်လုပ်ငန်း အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံသားဟုဆိုရာတွင် မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ဥပဒေအရဖြစ်ပေါ်လာသည့် နိုင်ငံသားတစ်ဦးအနေဖြင့်မူ နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လေးစားလိုက်နာ ကျင့်သုံးနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ မဟုတ်ပါက နိုင်ငံသားဖြစ်ခွင့်ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြေပုံမြို့ မြို့မိမြို့ဖများက မြေပုံမြို့နယ်အတွင်း သွေးနှောများ နိုင်ငံသားဖြစ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရေး၊ နိုင်ငံသားဖြစ်သင့်ဖြစ်ထိုက်သူများအား ဖြစ်စေရေးနှင့် မဖြစ်သင့်မဖြစ်ထိုက်သူများအား မဖြစ်စေရအောင် ဝိုင်းဝန်းကူညီလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာတွင် အခက်အခဲများ ရှိပါသော်လည်း အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝပါကြောင်း၊ မြေပုံမြို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူထုအားဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတွက် မြေပုံမြို့သူ မြို့သားများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ကိုယ်တိုင် ဖန်တီးကြရန်လိုအပ်သကဲ့သို့ မြို့မိမြို့ဖများကလည်း ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မိမိတို့မြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ညီညွတ်စုစည်းစွာ ဆောင်ရွက်ကြရာတွင် အချင်းချင်း ညီညွတ်စွာဖြင့် သဟဇာတမျှတစွာ အတူတကွ လုပ်ဆောင်သွားကြရန်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ကံသာထွက်ဝနှင့် တောင်ပေါ်ကယ်ဆယ်ရေး စခန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြေပုံမြို့နယ် ဘင်္ဂါလီ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ တာဝန်ခံများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာ၌ ရှေးဦးမဆွရှိနှင့်ခဲ့ပြီးဖြစ်သည့် ရင်းနှီးချစ်ခင်မှုကို ပြန်ပြောင်းသတိရကြပြီး ချစ်ခင်ရင်းနှီးစွာ ပိုမိုတိုးတက်ကောင်းမွန်သော လူ့အသိုက်အဝန်း ဖြစ်ပေါ်လာစေရန် ကြိုးစား၍ နည်းလမ်းရှာကြရန် လိုပါကြောင်း၊ ထို့အတွက် ပိုမိုကောင်းမွန်သော အခြေအနေကောင်းများကို ရရှိစေရန် ကြိုးပမ်းသင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြီးခဲ့သည့်သန်းခေါင်စာရင်းကာလတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည့်အတွက် မိမိအနေဖြင့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ မိမိတို့အနေဖြင့် နိုင်ငံသားဖြစ်ရေး လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ရာတွင်လည်း အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုပါကြောင်း၊ လက်တွေ့တွင် ရင်ဆိုင်ခံစားနေရသည့် အခက်အခဲများကို မိမိတို့သာ အသိဆုံးဖြစ်ရာ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်နေရန်မလိုအပ်ပါကြောင်း၊ မိမိတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေး၊ မိမိတို့၏ မျိုးဆက်များ အနာဂတ်ကောင်းမွန်လာစေရေးနှင့် နှစ်ဖက်သော လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် သဟဇာတဖြစ်စေရေးအတွက် ယခုဆောင်ရွက်မည့် နိုင်ငံသားဖြစ်ရေးလုပ်ငန်းစဉ်တွင် ဥပဒေနှင့်အညီ မှန်ကန်စွာဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန် ပြောင်းလဲ ဖော်ဆောင်နေပါကြောင်း၊ ယင်းသို့ ဖော်ဆောင်လုပ်ကိုင်ရာတွင် အခွင့်အရေးနှင့်အတူ စိန်ခေါ်မှုများစွာလည်းရှိနေပါကြောင်း၊ ထို့အတွက် အခွင့်အရေးအများဆုံးရရှိရန်နှင့် စိန်ခေါ်မှုအနည်းဆုံးဖြစ်စေရန် ကြိုးစားသင့်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ကိစ္စရပ်တိုင်းကို ဆောင်ရွက်ပေးနေသည်ဖြစ်ရာ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားရာ၌ မိမိတို့ ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ အလားတူ နှစ်ဖက်သော လူ့အဖွဲ့အစည်းများအနေဖြင့် အပြန်အလှန်ယုံကြည်မှုများ တိုးတက်လာစေရန် ကြိုးပမ်းသွားကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသခံများအနေဖြင့် မိမိတို့၏ရင်သွေးငယ်များ ပညာတတ်များဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်သင့်ကြောင်း၊ ထို့အတွက် ကောင်းမွန်သော အနာဂတ်ကို မျှော်မှန်းကာ လူ့အဖွဲ့အစည်းနှစ်ရပ် ညီညွတ်စွာ သဟဇာတဖြစ်စေရေး၊ အငြိုးအာဃာတများကိုမေ့လျော့ကာ မိမိတို့၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် ရှေးရှုဆောင်ရွက်ရန်လိုပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

စွန့်လွှတ်မြေယာများ မူလပိုင်ရှင်ထံပြန်လည်ပေးအပ်

ဆိပ်ဖြူ ဇွန် ၁၄

ဆိပ်ဖြူမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ ပြန်လည်စွန့်လွှတ်ပေးသည့် မြေယာများအား မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက်နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ငွေသဲဖြူခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး ပြန်လည်စွန့်လွှတ်မြေယာများကို မူလပိုင်ရှင် တောင်သူ ၂၄ ဦးထံ ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)ဖြင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

အိုလံပစ်နေ့အထိမ်းအမှတ်လမ်းလျှောက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၄

ဇွန် ၂၃ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၌ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှု (Olympic Day 2014)ကို ကျင်းပမည်ဖြစ်ရာ အဆိုပါအိုလံပစ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း၌ ဇွန် ၂၈ ရက် နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယပူးပေါင်းညှိနှိုင်းရေးမှူး Ms.Kyung-wha Kang၊ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Renata Dessallien တို့သည် ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြပြီး စစ်တွေမြို့ရှိ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ အစည်းအဝေးခန်းမ၌ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်အုန်းက ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာဖွဲ့စည်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဒေသခံတိုင်းရင်းသားများ အထင်အမြင် လွဲမှားမှုမရှိစေဘဲ နှစ်ဖက်အသိုက်အဝန်းအတွက် ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာ ကူညီထောက်ပံ့ပေးရေးကိစ္စများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအကူအညီများကိုပါ တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ ရှင်းလင်းပြောကြားရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Kyung-wha Kang က နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ဒေသခံပြည်သူများ အပြန်အလှန်နားလည်ယုံကြည်မှုများဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေးသည်။

ထိုမှတစ်ဆင့် စစ်တွေမြို့ စက်ရုံစုနှင့် ဆတ်ရိုးကျရပ်ကွက် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းနေ ပြည်သူများနှင့် တွေ့ဆုံကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်သို့ သွားရောက်ကြသည်။

ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ တက္ကသိုလ်ခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံအိမ်တွင်းမှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Renata Dessallien နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပေါက်တောမြို့နယ် ငှက်ချောင်းကယ်ဆယ်ရေးစခန်း စစ်တွေမြို့နယ်၊ သက်ကြေပြင်နှင့် ခေါင်းဒုက္ခာ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ စားနပ်ရိက္ခာများ ထောက်ပံ့မှု၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဒေသခံတိုင်းရင်းသားများ အထင်အမြင်လွဲမှားမှုမရှိစေဘဲ နှစ်ဖက်အသိုက်အဝန်းအတွက် ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာကူညီထောက်ပံ့ပေး . . .

လာကြသည်။

ဆက်လက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် စစ်တွေမြို့နယ် အုန်းရေပေါ်ကျေးရွာသို့ သွားရောက်ကြပြီး ကျေးရွာနေ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံကာ အုန်းရေပေါ်-ရေချမ်းပြင်လမ်းပေါ်ရှိ ကျေးရွာချင်းဆက်တံတား တည်ဆောက်ပေးမည့် အခြေအနေများ၊ မိသားစုဝင်ငွေတိုးတက်ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးမည့် အခြေအနေများ ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အဖွဲ့သည် စစ်တွေဟိုတယ်ခန်းမတွင် စစ်တွေမြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် မြောင်းမြမြို့ နောင်ရိုးခန်းမဦ့ကျင်းပသည့် တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် သမဝါယမအသင်းစုများမှ အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဧရာဝတီတိုင်းသားတစ်ဦးအနေဖြင့် ကိုယ့်တိုင်းအတွင်းမှဆင်းရဲနွမ်းပါးသောပြည်သူများကို အကျိုးရှိစေမည့်လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် အခြားသော အလုပ်တာဝန်တွေကြားမှ မဖြစ်ဖြစ်အောင် ကိုယ်တိုင်ကိုယ်ကျတက်ရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့ ဧရာဝတီတိုင်းသားများသည် ၂၀၀၈ ခုနှစ်က နာဂစ်ဆိုင်ကလုံးမုန်တိုင်းဒဏ်ကို မရှုမလှခံခဲ့ရသူများဖြစ်ပါကြောင်း၊ အသက်ပေါင်းတစ်သိန်း သုံးသောင်းကျော် ဆုံးရှုံးခဲ့ရပြီး အိုးမဲ့အိမ်မဲ့ပေါင်း ရှစ်သိန်းနီးပါး ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း။ လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများပါ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် တချို့ဆိုလျှင် စားစရာ၊ ဝတ်စရာ၊ နေစရာမရှိသည်အထိ ဆင်းရဲနွမ်းပါးမှုဒဏ်ကိုခံခဲ့ရပြီး ယနေ့အထိ ဆင်းရဲနွမ်းပါးသည့်ဘဝက ရုန်းမထွက်နိုင်အောင်ရှိနေပါကြောင်း။

ထိုသို့ ဘေးဒုက္ခနှင့် ကြုံတွေ့နေရသည့်အချိန်တွင် မိမိသည်ဝန်ကြီးချုပ်ဘဝဖြင့် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မုန်တိုင်းဒဏ်သင့်မြို့ရွာများကို အခေါက်ခေါက်အခါခါ သက်စွန့်ဆံဖျား ရောက်အောင်သွားပြီး ကယ်ဆယ်ရေးလုပ်ငန်း၊ ကူညီရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုဆောင်ရွက်ခွင့်ရခဲ့သည့်အတွက် ကိုယ့်ဒေသ၏အကျိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်ကို ယနေ့အထိ ဝမ်းသာဂုဏ်ယူနေဆဲဖြစ်ပါကြောင်း။

နာဂစ်မုန်တိုင်း၏ ဒဏ်ကြောင့် ဆင်းရဲနွမ်းပါးမှုသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ယနေ့အထိ နာတာရှည်ရောဂါကဲ့သို့ စွဲကပ်နေဆဲပင်ဖြစ်ပါကြောင်း။ ထိုဆင်းရဲနွမ်းပါးမှုနာတာရှည်ရောဂါကို လုံးဝမပျောက်သည့်တိုင် သက်သာစေရန်အတွက် သမဝါယမဝန်ကြီးဌာနကို ဦးစီးဦးဆောင်ပြုပြီး ဆင်းရဲနွမ်းပါးသူများအတွက် အသေးစားအရင်းအနှီးချေးငွေများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်းများ၊ လက်လုပ်လက်စားများအတွက် လုပ်ငန်းသုံးပစ္စည်းများကို လက်ဝယ်အရောက် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရ တက်လာစကဆင်းရဲနွမ်းပါးမှုနှုန်း(၂၆ ရာခိုင်နှုန်း) ရှိပါကြောင်း။ ဆင်းရဲနွမ်းပါးမှုအများဆုံးသည် ကျေးလက်နေပြည်သူများဖြစ်ပါကြောင်း။ ကျေးလက်နေပြည်သူသည်လည်း လူဦးရေ၏ အများစုဖြစ်ပါကြောင်း။ မိမိကိုယ်တိုင် ဆင်းရဲနွမ်းပါးသော ကျေးလက်နေမိဘနှစ်ပါးမှ မွေးဖွားကြီးပြင်းလာခြင်းဖြစ်၍ ဆင်းရဲနွမ်းပါးမှု၏ဘဝကို ကိုယ်တိုင်ကြုံတွေ့လာခဲ့ရသူ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရ တက်လာစမှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို မူဝါဒတစ်ရပ်အနေဖြင့်ချမှတ်ပြီး လုပ်ငန်းစဉ်(၈)ရပ် ရေးဆွဲကာ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးသူများသည် ချမ်းသာရန်ထက် နိစ္စဓူဝလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးများ မကြောင့်မကြ ရရှိရန်လိုပါကြောင်း၊ အလုပ်အကိုင်ရှိမှဝင်ငွေရှိမည်၊ နေ့စဉ်ဝင်ငွေရှိမှ နေ့စဉ်စားရေးအတွက် မပူမပင် စိတ်ချရမည်ဖြစ်ကြောင်း၊ မိမိကလေးများကို ပညာသင်ပေးနိုင်မည်၊ ဆေးဝါးကုသနိုင်မည်။ ယင်းတို့မှာ ဆင်းရဲနွမ်းပါးသူများအတွက် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်အောင် မိမိတို့ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် သမဝါယမအသင်းများအတွက် ပံ့ပိုးချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

မိမိတို့အစိုးရ တိုင်းပြည်တာဝန်ယူခဲ့သည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်ကြောင်း၊ ခေတ်ပြောင်းစနစ်ပြောင်းကို စတင် အကောင်အထည်ဖော်ခြင်းဖြစ်၍ ပြုပြင်ပြောင်းလဲမှုများကို သတိကြီးစွာထားပြီး ဆောင်ရွက်ခဲ့ရပါကြောင်း။ မိမိတို့သည် ဒီမိုကရေစီစနစ်နှင့် နှစ်ပေါင်းများစွာဝေးကွာခဲ့သည့်အတွက် ဒီမိုကရေစီအတွေ့အကြုံ၊ ဒီမိုကရေစီအလေ့အကျင့်များ မရှိသေးကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် မည်သည့်စနစ်မဆို အတွေ့အကြုံအလေ့အကျင့်မရှိဘဲ အလောသုံးဆယ် မပြောင်းလဲသင့်ကြောင်း၊ မိမိတို့၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုများကို ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းဝိုင်းတို့နှင့် ဆွေးနွေးတိုင်ပင်ပြီးမှ အဆင့်ဆင့် တည်တည်ငြိမ်ငြိမ်ပြောင်းလဲခဲ့ရခြင်းဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်အတွက် တစ်ဦးချင်းအလုပ်ကို ကြိုးစားလုပ်ကြရန် လိုပါကြောင်း၊ လူတိုင်းသည် တစ်ယောက်နှင့် တစ်ယောက် ကံ၊ ဉာဏ်၊ ဝီရိယချင်း မတူကြပါကြောင်း။ ကံ၊ ဉာဏ်မရှိသော်လည်း ဝီရိယရှိလျှင် ဝီရိယ၏အကျိုးကို မုချခံစားရမည်ဖြစ်ပါကြောင်း၊ ဉာဏ်ရှိရန်အတွက် သင်ယူလိုသည့်စိတ်ဆန္ဒရှိရန်လိုပါကြောင်း။ မိမိတို့၏ သားသမီးများကို ပညာတတ်အောင်သင်ပေးရန်၊ အသုံးအဖြုန်းကိုအတတ်နိုင်ဆုံးလျှော့ပြီး စုဆောင်းသည့်အလေ့အကျင့်ကိုမွေးရန် မှာကြားလိုပါကြောင်း။

သမဝါယမဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုများကိုရယူပြီး မိမိဘဝဖွံ့ဖြိုးတိုးတက်အောင် မှန်မှန်ကန်ကန်အသုံးချပြီး ဆင်းရဲတွင်းကလွတ်ကင်းအောင်ကြိုးစားကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ယနေ့အခမ်းအနားသည် ပြည်သူများလိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းအတွက် အသေးစားအရင်းအနှီးချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့် ရေလုပ်ငန်းသုံး အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်းစဉ်(၂)ရပ်ကို ဧရာဝတီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် စတုတ္ထအကြိမ် အခမ်းအနားဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံအသေးစားချေးငွေ ကျပ်သိန်းပေါင်း ၁၁၂၄၉၅ သိန်း၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၈၂၃၈ ဒသမ ၂၅သိန်းရှိသည့် လယ်ထွန်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာပေါင်း ၁၁၁၅ စီးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည့်အပြင် တန်ဖိုးငွေကျပ်သိန်းပေါင်း ၄၃၂သိန်းရှိသည့် အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၃၂၇၃ခု၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၄၈၀ ဒသမ ၄၉၅ သိန်းရှိသည့် ငါးဖမ်းလှေ၊ ပိုက်စသည့် ရေလုပ်ငန်းသုံးပစ္စည်း ၅၁၅၀ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် အောက်တိုဘာလမှစပြီး ယနေ့အထိ သမဝါယမဝန်ကြီးဌာန၏ဆောင်ရွက်ပေးမှုအခြေအနေကို ရှင်းပြပါက ပြည်သူများ၏အရင်းအနှီးငွေကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းကျော် ထုတ်ချေးပေးထားပြီး တန်ဖိုးငွေကျပ်သိန်းပေါင်း ၅၄၂၄၅ ဒသမ ၉၁၅ သိန်းရှိသည့် လုပ်ငန်းသုံးယာဉ်၊ စက်ကိရိယာအမျိုးမျိုး အရေအတွက်ပေါင်း ၄၇၆၅ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီး အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းသည် ဆင်းရဲမှုလျှော့ချရေး၊ မိမိဘာသာရပ်တည်နိုင်ရေးနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်ပါကြောင်း။

အသေးစား ချေးငွေလုပ်ငန်းတစ်ခုတည်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာအောင်၊ တွေ့ကြုံရင်ဆိုင်နေရသည့် အကျပ်အတည်းကို ကျော်လွှားနိုင်အောင် မလုံလောက်ကြောင်း၊ သမဝါယမလုပ်ငန်းသည် တိုင်းပြည်စီးပွားရေးဖြင့် ဒုတိယမဏ္ဍိုင် ဖြစ်သည်နှင့်အညီ တကယ်ထိရောက် ထက်မြက်အောင် ဆောင်ရွက်ရန် လိုသည်ကိုလည်း သတိပြုမိရန်လိုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမဝါယမအသင်းများအတွက် ပံ့ပိုးချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစား ချေးငွေလုပ်ငန်းကို အခြေခံပြီး သမဝါယမအသင်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အောင်မြင်နေသည့် နိုင်ငံတကာ သမဝါယမလုပ်ငန်းများကို လေ့လာကြည့်ရာတွင် သမဝါယမအသင်းနှင့် အသင်းသားများအတွက် အရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုနှင့် သတင်းအချက်အလက်တို့ကို အလွယ်တကူရရှိအောင် စီမံဆောင်ရွက်ခြင်း၊ ကုန်ထုတ်ခြင်း၊ အရည်အသွေး စစ်ဆေးခွဲခြားထုပ်ပိုးခြင်း၊ သင့်တင့်မျှတသည့်ဈေးနှုန်းရရှိအောင် ဈေးကွက်တည်ဆောက်ခြင်း၊ ဆုံးရှုံးမှုကာကွယ်ရေးအတွက် Risk Management စနစ်ကျင့်သုံးခြင်းစသည့် နည်းဗျူဟာများဖြင့် သမဝါယမလုပ်ငန်းများနှင့် အသင်းသားများ၏ လုပ်ငန်းများ အစဉ်ရှင်သန် အောင်မြင်အောင် (Sustainable Development) ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုနှင့် ဆောင်ရွက်နေသည့် ယခုလုပ်ငန်းစဉ်များသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် လည်းကောင်း၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ အခြေခံလက်တွေ့ကျပြီး မှန်ကန်သည့်လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းစဉ်များ အောင်မြင်လာသည့်နှင့်အမျှ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၃၂ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး၊ ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားလည်း အမှန်တကယ် တိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပုသိမ်ခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ၂၄ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၇၂၄ သိန်းနှင့် အသင်းသစ် ၄၅၇ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၈၈၃၉ သိန်း စုစုပေါင်းငွေကျပ် ၃၀၅၆၃ သိန်းကို အသင်းသားများကိုယ်စား ရေကြည်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းဝင်းထံလည်းကောင်း၊ ဟသ်ာတခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ၃၅ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၄၄၈ သိန်းနှင့် အသင်းသစ် ၃၅၈ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၁၅၈၅ သိန်း စုစုပေါင်းငွေကျပ် ၂၄၀၃၃ သိန်းကို အသင်းသားများကိုယ်စား ဇလွန်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစောဝင်းထံလည်းကောင်း၊ မြောင်းမြခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ၁၆ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၁၀၈ သိန်းနှင့် အသင်းသစ် ၂၂၃ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၅၇၆၉ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၈၇၇ ဒသမ ၅ သိန်းကို အသင်းသားများကိုယ်စား ဝါးခယ်မမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ဝင်း ထံလည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က မအူပင်ခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ၂၅ သင်းအတွက် ပံ့ပိုးချေး ငွေကျပ် ၂၈၂၁ ဒသမ ၅ သိန်းနှင့်အသင်းသစ် ၁၆၃ သင်းအတွက် ပံ့ပိုးချေးငွေကျပ်သိန်း ၉၅၇၀ စုစုပေါင်းငွေကျပ် ၁၂၃၉၁ ဒသမ ၅ သိန်းကို အသင်းသားများ

ကိုယ်စား မအူ...
အသင်းစု...
ဦးသန်းထွန်းထံ...
ခရိုင်အတွင်းရှိ...
သမဝါယမအ...
အတွက် ပံ့ပို...
သိန်းနှင့် အသ...
အတွက် ပံ့ပိုး...
သိန်း စုစုပေါ...
သိန်းကို...
ကျိုက်လတ်မြို့...
အသင်းစုဥက္က...
ကောင်း၊ ...
စိုက်ပျိုးထုတ်...
အသင်းဟောင်...
ချေးငွေကျပ် ၁...
သစ် ၁၁၂ သင်...
ကျပ် ၁၀၃၇၃...
၁၁၄၇၂ သိန်း...
ကိုယ်စား မေ...
သမဝါယမအ...
ဒါရိုက်တာ ဦ...
ကောင်း ပေးအ...

ထို့ပြင် သ...
ဗဟိုသမဝါ...
ဘဏ်လီမိတ...
ကျစနစ်ဖြင့်...
လယ်ယာသုံးစ...
လုပ်ငန်းသုံးပစ္စ...
လုပ်ငန်းသုံးပစ္စ...
ပေါင်းစက်ကိရိ...
မျိုးကို ဗဟို...
သမဝါယမဘ...
ဦးခင်မောင်...
သမဝါယမအ...
ဖျာပုံမြို့နယ်...
စိုက်ပျိုးထုတ်...
အသင်းစုဥက္က...
ပြောင်းပေးအ...

ယင်းနော...
ဒေသကြီး သ...
များကိုယ်စား ...
တိုကျေးရွာ...
ကုန်ထုတ်...
အသင်းသား...
စကား ပြန်လ...

အခမ်းအ...
တော်သမ္မတနှ...
ခန်းမအနီး ခ...
လယ်ယာသုံးစ...
ငန်းသုံးပစ္စည်း...
ငန်းသုံးပစ္စည်း...
လည်ကြည့်ရှု...
သူများကို ရင်း...
အားပေးသည်...

ယနေ့...
အနား၌ ဧ...
အတွင်းရှိ မြို့န...
မှအသင်းပေါင်...
သားဦးရေ...
ထုတ်ချေးငွေ...
ထုတ်ချေးပေးနို...
ယာသုံးစက်ကိ...
သုံးပစ္စည်းများ...
ပစ္စည်းများ စု...
၁၀၁၅၁ ဒသမ...
ပေါင်း ၂၆ မြို့...
၂၅၂ သင်းသို့...
ကြောင်း သိရှိ...

ထို့နောက်...
အဖွဲ့ဝင်များသ...
မြို့မအားကစာ...
ပြုပြင်ထားမှုမျ...
ကြည့်ရှုသည်။

ထို့မှတစ်...
သည် မြောင်းမြ...
ဘုရားကြီးအား...
ကြည်ညို၍...
ဆောက်ရေးလု...
ရွက်နေမှုကို...
သည်။

ကြောင်း၊ ယခု
င်မြင်လာသည့်
ရည်မှန်းချက်
စ်တွင် ဆင်းရဲ
းမှ ၁၆ ရာခိုင်
ကုလသမဂ္ဂ၏
ည်မှန်းချက်များ
်ရေးတို့ကို ထိ
နိုင်ပြီး ပြည်သူ
သည်း အမှန်
လာမည်ဖြစ်ပါ
းတင်ပြသည်။
တိုင်းဒေသကြီး
အောင်က တိုင်း
ဆောင်ရွက်နေ
ဖွံ့ဖြိုးရေးနှင့်
င်ရေးဆိုင်ရာ
ပြသည်။
ပြည်ထောင်စု
က ပုသိမ်ခရိုင်
ထုတ်လုပ်ရေး
ာင်း ၂၄ သင်း
ငွေကျပ် ၁၇၂၄
် ၄၅၇ သင်း
ကျပ် ၂၈၈၃၉



းများအတွက်
(သတင်းစဉ်)

ျပ် ၃၀၅၆၃
းများကိုယ်စား
ါယမအသင်းစု
သည်းကောင်း၊
းရှိ စိုက်ပျိုး
ါယမအသင်း
ွက် ပံ့ပိုးချေး
းနှင့် အသင်း
အတွက် ပံ့ပိုး
သိန်း စုစုပေါင်း
န်းကို အသင်း
ဇလွန်မြို့နယ်
ဥက္ကဋ္ဌ ဦးစော
မြောင်းမြခရိုင်
ထုတ်လုပ်ရေး
ာင်း ၁၆ သင်း
ငွေကျပ် ၁၁၀၈
စ် ၂၂၃ သင်း
ကျပ် ၁၅၇၆၉
ပေါင်းငွေကျပ်
န်းကို အသင်း
းခယ်မမြို့နယ်
ဥက္ကဋ္ဌ ဦးတင်
ပေးအပ်သည်။
ကြီးဝန်ကြီးချုပ်
မအူပင်ခရိုင်
ထုတ်လုပ်ရေး
ာင်း ၂၅ သင်း
ငွေကျပ် ၂၈၂၁
သင်းသစ် ၁၆၃
းငွေကျပ်သိန်း
ကျပ် ၁၂၃၉၁
သင်းသားများ

ကိုယ်စား မအူပင်မြို့နယ် သမဝါယမ အသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းထံလည်းကောင်း၊ ဖျာပုံခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပေါင်း ၃၂ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၅၈၂ သိန်းနှင့် အသင်းသစ် ၂၅၂ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၅၅၇၆ သိန်း စုစုပေါင်း ငွေကျပ် ၁၇၁၅၈ သိန်းကို အသင်းများကိုယ်စား ကျိုက်လတ်မြို့နယ် သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးသူရထံလည်းကောင်း၊ လပွတ္တာခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းပေါင်းကိုးသင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၀၉၉ သိန်းနှင့် အသင်းသစ် ၁၁၂ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၀၇၇၃ သိန်း စုစုပေါင်းငွေကျပ် ၁၁၈၇၂ သိန်းကို အသင်းသားများကိုယ်စား မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဆွေထံ လည်းကောင်း ပေးအပ်သည်။

ထို့ပြင် သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်း၊ သမဝါယမ ဘဏ်လီမိတက်တို့ပူးပေါင်း၍ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးအပ်သည့် လယ်ယာသုံးစက်ကိရိယာ ၁၁၁၅ စီး၊ လုပ်ငန်းသုံးပစ္စည်း ၃၂၇ မျိုးနှင့်ရေလုပ်ငန်းသုံးပစ္စည်း ၅၁၅၀ မျိုး စုစုပေါင်းစက်ကိရိယာနှင့်ပစ္စည်း ၆၅၉၂ မျိုးကို ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက တိုင်းဒေသကြီး သမဝါယမအသင်းများ ကိုယ်စား ဖျာပုံမြို့နယ် အောင်ချမ်းမြကျော် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးငြိမ်းစိန်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းသားများကိုယ်စား မအူပင်မြို့နယ် မလက်တိုကျေးရွာ ပေါင်းစည်းလယ်ယာကုန်ထုတ် သမဝါယမအသင်းစုမှ အသင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခန်းမအနီး ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်း အမျိုးမျိုးနှင့် ရေလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးကို လှည့်လည်ကြည့်ရှု၍ တက်ရောက်လာကြသူများကို ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

ယနေ့ ကျင်းပသည့်အခမ်းအနား၌ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှအသင်းပေါင်း ၁၇၁၆ သင်း အသင်းသားဦးရေ ၁၁၂၉၃၁ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၁၂၄၉၅ သိန်း ထုတ်ချေးပေးနိုင်ခဲ့သည့်အပြင် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၁၅၁ ဒသမ ၇၄၅ သိန်းကို မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသင်းပေါင်း ၂၅၂ သင်းသို့ ပံ့ပိုးပေးအပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ မြို့မအားကစားကွင်း အဆင့်မြှင့်တင်ပြုပြင်ထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မြောင်းမြမြို့ရှိ ရွှေသာလျောင်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

ဒေသတွင်းနေ လူ့အသိုက်အဝန်း နှစ်ရပ်အကြား အတူတကွ ငြိမ်းချမ်းစွာ ပူးပေါင်းနေထိုင်သွားရန် လိုအပ်

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့ သက္ကေပြင် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကယ်ဆယ်ရေးစခန်းများမှ တာဝန်ခံများနှင့် တွေ့ဆုံသည်။

(ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ဒေသတွင်းနေ လူ့အသိုက်အဝန်းနှစ်ရပ်အကြား အတူတကွ ငြိမ်းချမ်းစွာ ပူးပေါင်းနေထိုင်သွားရန်လိုအပ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများအားလုံး ကျန်းမာရေး အထူးဂရုပြုရန်နှင့် ကူးစက်ပြန့်ပွားရောဂါများ မဖြစ်ပွားစေရေးအတွက် အားလုံးအလေးထားကြပ်မတ်နေထိုင်ကြရန် အထူးလိုအပ်ကြောင်း၊ မျိုးဆက်သစ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍရပ်များတွင် အဆင်ပြေချောမွေ့စေရန် အနာဂတ်တွင် လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း သင့်လျော်သည့် အစီအမံကောင်းများကို စဉ်ဆက်မပြတ်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဒေသအတွင်း ပြန်လည်ရင်ကြားစေ့ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်စေရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ကယ်ဆယ်ရေးစခန်း တာဝန်ခံများအား ၎င်းတို့၏ စခန်းများအလိုက် နိစ္စဓူဝနေထိုင်စားသောက်လုပ်ကိုင်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းပြီး အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဘင်္ဂါလီကယ်ဆယ်ရေးစခန်းတွင် နေထိုင်ကြသူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် သက္ကေပြင်၊ အုန်းတောကြီး၊ သဲချောင်းစသည့် ဘင်္ဂါလီကယ်ဆယ်ရေးစခန်းများသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဖွင့်ပွဲကျင်းပ

မြေတ္တာ ဇွန် ၁၄

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် ယနေ့ နံနက် ၈ နာရီက အလယ်စတို (ITD) စခန်းနှင့် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း အကြားတွင် ကျင်းပသည်။

အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကို၊ မြိတ်-ထားဝယ်ခရိုင် KNU ကရင်အမျိုးသားစည်းရုံးဥက္ကဋ္ဌဖဒိုစောထီးလယ်နှင့် ထိုင်းနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ်ကြီးဝိစနုဝန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က နှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြိတ်-ထားဝယ်ခရိုင် ၊ KNU ကရင်အမျိုးသားစည်းရုံးဥက္ကဋ္ဌဖဒိုစောထီးလယ်နှင့် ထိုင်းနိုင်ငံမှ အငြိမ်းစား ဗိုလ်ချုပ်ကြီးဝိစနုဝန်တို့က စီမံကိန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြီးနောက်ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ထီးခီးဒေသ ဖွံ့ဖြိုးရေးစီမံကိန်း နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှု လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ဇွန် ၁၃ ရက် ညနေ ၅ နာရီက အလယ်စတို (ITD) စခန်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ထားဝယ်၊ KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောဘီးလယ်က နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုစာချုပ် ချုပ်ဆိုရသည့် အကြောင်းကို ရှင်းလင်းဆွေးနွေးပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် Co Co Light House ကုမ္ပဏီနှင့် ထိုင်းနိုင်ငံမှ Siamrattanakito. Ltd Co Ltd. တို့က လက်မှတ်ရေးထိုးပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။ **မြေတ္တာမြို့နယ်ခွဲ(ပြန်/ဆက်)**

မြန်မာ့လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

နေပြည်တော် ဇွန် ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် နေ့စဉ်ရန်ကုန်မှ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ သံတွဲ၊ ကော့သောင်း၊ ထားဝယ်၊ မြိတ်၊ မြစ်ကြီးနားမြို့များသို့ ပျံသန်းမည်ဖြစ်သည်။

ထို့ပြင် ပူတာအိုသို့ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေနေ့များ၊ ဟဲဟိုးသို့ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ တနင်္ဂနွေ၊ ကျိုင်းတုံသို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ လွိုင်ကော်သို့ တနင်္လာ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေ၊ မိုင်းဆတ်သို့ ကြာသပတေး၊ တနင်္ဂနွေ၊ ဗန်းမော်သို့အင်္ဂါ၊ ဟုမ္မလင်းသို့ အင်္ဂါ၊ စနေ၊ ကျောက်ဖြူသို့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ မော်လမြိုင်သို့ တနင်္လာ၊ ကြာသပတေး၊ စနေ၊ ကလေးသို့ တနင်္လာ၊ သောကြာ၊ တနင်္ဂနွေ၊ လားရှိုးသို့ အင်္ဂါနေ့များတွင် ပျံသန်းမည်ဖြစ်သည်။

မန္တလေးမှလည်း ကျိုင်းတုံသို့ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ မုံရွာနှင့် ဟုမ္မလင်းသို့ အင်္ဂါ၊ စနေ၊ လားရှိုးသို့ တနင်္လာ၊ ကြာသပတေး၊ တာချီလိတ်သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ ခန္တီးသို့ အင်္ဂါ၊ သောကြာ၊ ကလေးသို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ ဗန်းမော်သို့ အင်္ဂါ၊ လွိုင်ကော်သို့ ဗုဒ္ဓဟူး၊ မြစ်ကြီးနားသို့ Embraer-Jet နှင့်ATR လေယာဉ်များဖြင့် ဇွန် ၂၂ ရက်မှ စတင်၍ နေ့စဉ်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်းသိရှိရသည်။

တင်ထွန်းအောင်

စက်မှုဇုန်အသစ်ပေါ်ထွန်းလာခြင်းသည် ဒေသ၏လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်

တွေ့ဆုံမေးမြန်း
သူရဇော်(သတင်းစဉ်)

ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍကိုအခြေခံပြီး စက်မှုလယ်ယာကဏ္ဍနှင့် စက်မှုကုန်ထုတ်စွမ်းအားများတိုးတက်ရေးအတွက် အခြေခံကောင်းများဖန်တီးပေးလျက်ရှိသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးမှုသည်လည်း များစွာအရေးကြီးပေသည်။

နိုင်ငံစီးပွားရေးကောင်းမွန်ရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ပေသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် အခြေခံကောင်းများရှိရန် လိုအပ်သည်။

ယင်းအခြေခံကောင်းများ ရရှိရန် နိုင်ငံတော်အနေဖြင့် ရေခံမြေခံကောင်းသည့် တိုင်းဒေသကြီး/ပြည်နယ်များ၌ စက်မှုဇုန်များ တည်ထောင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါစက်မှုဇုန်များ ရှင်သန်ခိုင်မာစေရန်အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖြေလျှော့ခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း စသည့်တို့ကို ဆောင်ရွက်ပေးခြင်းနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် အခြေခံကောင်းများ ဆောင်ရွက်ပေးခြင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

စက်မှုဇုန်များအနက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်စက်မှုဇုန်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပုသိမ်မြို့အနေဖြင့် မြန်မာနိုင်ငံ၏ နာမည်ကျော်ပေါ်ဆန်းမွှေးထွက်ရှိရာ ဒေသဖြစ်သည့်အပြင် လယ်ယာလုပ်ငန်းဖွံ့ဖြိုးသည့် ဒေသတစ်ခုဖြစ်ရာ ယခုကဲ့သို့ စက်မှုဇုန်အသစ် ပေါ်ထွန်းလာခြင်းသည် ဒေသ၏ လိုအပ်ချက်တစ်ခုကို ပိုမိုဖြည့်ဆည်းပေးလိုက် သကဲ့သို့ဖြစ်သည်။

ပုသိမ်စက်မှုဇုန်၌ ဒေသခံပြည်သူများ အားအလုပ်အကိုင်အခွင့်အလမ်းများများ ဖန်တီးပေးနိုင်သည့် အထည်ချုပ် စက်ရုံများ အပါအဝင် စက်ရုံ ၁၅ ရုံကို တည်ဆောက်ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း သိရှိရပြီး လက်ရှိတွင် အထည်ချုပ်စက်ရုံနှစ်ရုံ လုပ်ငန်းစတင်ဆောင်ရွက်နေသည်ကို တွေ့ခဲ့ရသည်။

ယင်း အထည်ချုပ်စက်ရုံနှစ်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် ဝန်ထမ်းများ၏ ရင်တွင်းစကားသံကို ယခုလို ကြားသိခဲ့ရပါသည်-

မအေးမြတ်သူ
(အထည်ချုပ်စက်ရုံဝန်ထမ်း)

"ကျွန်မ ဒီမှာအလုပ်ရတာ လေး/ငါးလ ရှိပါပြီ။ အလုပ်ဝင်တော့ ဆယ်တန်းအောင်တဲ့အတွက် စီမံဌာနမှာ အလုပ်ရပါတယ်။ နေတာကတော့ ပုသိမ်မြို့ပေါ်မှာပါ အရင်က ဘာအလုပ်အကိုင်မှ မရှိပါဘူး၊ မိဘတွေကို အားကိုးမှီခိုရပါတယ်။ အခုလို ကိုယ့်မြို့ကိုယ့်ရွာမှာ အလုပ်အကိုင်လည်းရတယ်၊ မိဘတွေကိုလည်း ပြန်ပြီးကူညီနိုင်လို့ အလွန်ဝမ်းသာပါတယ်။ အခုလို စက်ရုံတွေ အများကြီးဖြစ်လာရင် ကျွန်မတို့ သူငယ်ချင်းတွေလည်း အလုပ်ရကြမှာဆိုတော့ ပိုကောင်းပါတယ်။"

မရွှေစင်အိ
(အထည်ချုပ်စက်ရုံဝန်ထမ်း)

"ဒီမှာအလုပ်ရတာ လေးလရှိပါပြီ၊ အရင်က ရန်ကုန်မှာသွားပြီး လုပ်ဖူးပါတယ်။ ဒါပေမယ့် အဆင်မပြေဘူးရှင့်၊ ဘာလို့လည်းဆိုတော့ အိုးတကွဲ အိမ်တကွဲနေရတဲ့အပြင် အဆောင်နေတဲ့ စရိတ်ကလည်းရှိတော့ အိမ်ကို ပြန်မကြည့်နိုင်ခဲ့ပါဘူး။ အိမ်မှာလည်း အမေကတစ်ယောက်တည်းဆိုတော့ အခုလို မြို့က စက်မှုဇုန်ထဲမှာ ရန်ကုန်မှာလို အထည်ချုပ်စက်ရုံပါတယ်ဆိုလို့ဘဲ ပြန်လာပြီး လုပ်တာပါ။ ရန်ကုန်မှာထက် အများကြီးအဆင်ပြေပါတယ်။ အိမ်ကနေ အလုပ်လာရင် ဖယ်ရီစီးလာလို့လည်း ရတယ်။ ဒါပေမယ့် အိမ်မှာ စက်ဘီးရှိတော့ စက်ဘီးနဲ့လာဖြစ်တာများပါတယ်။"

မကျီးပင်ရွာသူ စောအိခိုင်

"ဒီမှာ အလုပ်ဝင်တာ တစ်လရှိပါပြီ၊ ကျွန်မတို့က ရွာဘက်က လာတာဆိုတော့ ဒီမှာ အဆောင်စီစဉ်ပေးပါတယ်။ စားစရိတ်ငြိမ်းပါ။ အရင်က မလုပ်ဖူးပါဘူး။ အခုမှ စလုပ်တာပါ။ ကျွန်မအဆင်ပြေတာတွေ့တော့ ရွာကလူတွေလည်း စက်ရုံအသစ်ဖွင့်ရင် လာလုပ်ကြမယ်ဆိုတော့ ပိုပျော်ရွှင်မိပါတယ်"။

ဦးသံမင်း(စက်ရုံမှူး)

" D.I.G အထည်ချုပ်စက်ရုံကို ၂၀၁၁ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ ဂျာကင်အင်္ကျီ၊ အားကစားဘောင်းဘီ၊ ဘဲမွေးဂျပ်ကက်နဲ့ ရှပ်အင်္ကျီတွေချုပ်ပါတယ်။ ဝန်ထမ်းတွေကို လုံလောက်တဲ့လစာနှုန်းထား ပေးထားပါတယ်။ ကျွမ်းကျင်မှုအပေါ်မူတည်ပြီး အနည်းအများ ကွာခြားမှုတွေ့ရှိပါတယ်။ နယ်က ဝန်ထမ်းတွေအတွက် အဆောင် စီစဉ်ပေးထားတဲ့အပြင် စားဖို့အတွက် မနက်၊ နေ့လယ်၊ ညစာ စီစဉ်ပေးထားပါတယ်။ မြို့ထဲက လာတဲ့ ဝန်ထမ်းတွေအတွက် ဖယ်ရီကား သုံးစီး စီစဉ်ပေးထားတဲ့အပြင် ဝန်ထမ်းတွေက ဆိုင်ကယ်/စက်ဘီးနဲ့ လာတယ်ဆိုရင်လည်း ခရီးစရိတ် ပြန်ပံ့ပိုးပါတယ်။

တခြား ဝန်ထမ်းတွေအတွက် လိုအပ်တဲ့ အခြေခံကျန်းမာရေး စောင့်ရှောက်မှုတွေ၊ သာရေးနာရေးကိစ္စတွေကိုလည်း တတ်စွမ်းတဲ့ဘက်က ပံ့ပိုးပေးပါတယ်။ ကျန်းမာရေးအနေနဲ့ စက်ရုံဆေးခန်းတစ်ခုရှိအောင် စီစဉ်ပေးထားပါတယ်။ အခု ပုသိမ်မှာ လာရောက်လုပ်ကိုင်ရတာ အဆင်ပြေတယ်။ ကျွန်တော်တို့ စက်ရုံကနေပြီး အဓိကတော့ ဥရောပနိုင်ငံတွေကို ပို့ပေးရပါတယ်။ အခုလောလောဆယ် ချုပ်နေတာတွေက UK ကမှာထားတဲ့ အပ်ထည်တွေပါ။ ကျွန်တော်တို့အနေနဲ့ စက်ရုံထပ်မံတိုးချဲ့ဖို့ အစီအစဉ်ရှိပါတယ်"။

မအေးမြတ်သူ
(အထည်ချုပ်စက်ရုံဝန်ထမ်း)

မရွှေစင်အိ
(အထည်ချုပ်စက်ရုံဝန်ထမ်း)

မကျီးပင်ရွာသူ
စောအိခိုင်

ဦးသံမင်း(စက်ရုံမှူး)

ပြည်တွင်းသတင်း

ကော့သောင်းမြို့တွင် နွားနောက်မုန်တိုင်းအရှိန်ကြောင့် ပြိုကျသည့်ကမ်းပါးအား တပ်မတော်နှင့် ပြည်သူလက်တွဲပြုပြင်

ကော့သောင်း ဇွန် ၁၄

ကော့သောင်းမြို့တွင် နွားနောက် (Nanauk)မုန်တိုင်းအရှိန်ကြောင့် ဇွန် ၁၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက် လှိုင်းထန်ကာ သီရိမြိုင်ရပ်ကွက်အနီးရှိကမ်းခြေမှ ကမ်းပါးတစ်လျှောက် ပြိုကျခဲ့သည့်နေရာများအား သဲအိတ်များ ပြန်လည်စီချခြင်းလုပ်ငန်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ကော့သောင်းတပ်နယ်မှ အရာရှိ စစ်သည်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါလုပ်ငန်းတွင် ကော့သောင်းတပ်နယ်မှ အရာရှိစစ်သည် စုစုပေါင်း ၂၂၀ ကျော်နှင့် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှု ကော်မတီဝင်များ၊ NGO အဖွဲ့များ၊ ရပ်ကွက်ပြည်သူများစုစုပေါင်းအင်အား ၃၀၀ ကျော်ဖြင့် ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့သည့်နေရာများကို သဲအိတ်များစီချခြင်း၊ မြေဖို့ခြင်း၊ ကျောက်တုံးများနှင့် လှိုင်းတားအကာအရံများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ပင်လယ်ရေလှိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် လူနေရပ်ကွက်အနီးရှိကမ်းခြေမှာ အရှည်ပေ ၁၀၀၀ ကျော်ခန့် ဖြစ်ပြီးကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းမကြီးဆီသို့ စတင်ထွက်ခွာရာ လမ်းအစပိုင်း နိုင်လွန်ကတ္တရာ လမ်းမကြီးဘေး ကပ်လျက်အနေအထားဖြစ်သဖြင့် ပျက်စီးဆုံးရှုံးမှုများထပ်မံ မဖြစ်ပေါ်ရေး အချိန်နှင့်တစ်ပြေးညီ စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

သောက်သုံးရေဖူလုံစွာရရှိရေး ကွန်ကရစ်ရေတွင်းများ တူးဖော်ပေး

မြစ်ကြီးနား ဇွန် ၁၄

ကျေးလက်နေ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အလေးထား ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ရှစ်သန်းဖြင့် ငွေပျော်စံပြကျေးရွာ၌ ကွန်ကရစ်ရေတွင်းများ တူးဖော်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဝင်းအောင်

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

စပါးခင်းရွက်ဖျားခြောက်ရောဂါဝင်ရောက်ခြင်းမှ ကာကွယ်နိုင်

ပွင့်ဖြူ ဇွန် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း၌ နွေစပါးများစိုက်ပြီး ၁၅ ရက်၊၂၀ ရက် အကြာ၌စပါးခင်းများတွင် ရွက်ဖျားခြောက်ရောဂါပိုးများဝင်ရောက်ခဲ့ရာ ယခုအခါ ဆေးပက်ဖျန်းခြင်းများပြုလုပ်၍ ရောဂါပိုးမွှားအန္တရာယ်မှ ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရောဂါပိုးဝင်ရောက်ရခြင်းမှာ အပူချိန်လွန်ကဲခြင်းကြောင့် ဖြစ်ရသည်ဟု သိရသည်။ **(အောက်ပုံ)**

ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူတစ်ဦးက“တစ်ခါမှ ဒီနှစ်လိုမကြုံဖူးဘူး၊ ဒီနှစ်က ယခင်နှစ်တွေထက် အပူချိန်မြင့်တော့ ရောဂါပိုးဝင်ရောက်လို့ စပါးကို တန်ခူးလထဲမှာ စိုက်ပါတယ်။ စိုက်ပြီး ရက် ၂၀ ကြာလောက်မှာပဲ ရွက်ဖျားတွေ ခြောက်လိုက်လာတာ ဒီနယ်က လယ်ကွင်းတွေ အကုန်လုံးပဲ၊ တစ်ဦးမှမကျန်ဘူး၊ အဲဒါနဲ့ ဖျန်းဆေးတွေသုံးတယ်၊ ပုလဲပက်ပေးတယ်၊ ဆေးကိုနှစ်ကြိမ်၊ သုံးကြိမ်ဖျန်းပေးပြီးတော့ အခုတော့ ပြန်ကောင်းလာပါပြီ”ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ သမော်အင်း၊ အင်းဒေါင်း၊ ရွာခိုင်၊ ကုန်းဇောင်း၊ ပေတော၊ ပင်းတုန်း၊ ဝဲဒေါင့်၊ ဖလံတော၊ နှောကျင်း၊ လက်ပံချိုပေါ်၊ ကျောင်းတော်ရာ၊ ဇောင်ချမ်းကုန်း၊ ရွာသစ်၊ မင်းမြေ၊ ကံစွယ်၊ လယ်ကိုင်း၊ စံပြစသည့်နယ်များတွင် လယ်ကွင်းများအားလုံးရှိ လယ်ကွင်းများ၌ အရွက်ဖျားခြောက်ရောဂါများ ဝင်ရောက်ခဲ့သည်။ အဆိုပါဒေသများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး ယခုလိုရောဂါပိုးဝင်ရောက်သဖြင့် တောင်သူများစိုက်ပျိုးရေး လုပ်ကိုင်မှု ရတက်မအေးဖြစ်ခဲ့ရသည်။ ထို့ကြောင့် တောင်သူများသည် စိုက်ပျိုးရေး ပညာရှင်များအားမေးမြန်းပြီး စပါးခင်းများအတွက် လိုအပ်သည့် ဆေးများ ပက်ဖျန်းပေးကာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခဲ့သဖြင့် အရွက်များနဂိုအတိုင်း ပြန်ကောင်းလာ၍ တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိသည်။

“စပါးမျိုးကတော့ ရန်ကုန်မနော်၊ ဧရာပဒေသာနဲ့ ရတနာတိုးကို အများဆုံး စိုက်ပျိုးပါတယ်။ ဧရာပဒေသာကတော့ တင်း ၁၀၀ အထက်မှာ ထွက်တယ်။ အထွက်နှုန်းကတော့ ရန်ကုန်မနော်ဆိုရင် ၈၅ တင်းမှ တင်း ၉၀ လောက်ထွက်တယ်၊ ရတနာတိုးကတော့ တင်း ၁၀၀ လောက်ထွက်တယ်၊ ဒီနှစ်ကတော့ အပူလွန်ပြီး ရွက်ဖျားခြောက်ရောဂါ ဝင်ထားတာဆိုတော့ အထွက်နှုန်း မလျော့သွားဖို့ မျှော်လင့်နေရပါတယ်၊ ဒါကြောင့် အပင်တွေ အားပြန်ပြည့်အောင် ဆေးဆိုင်မှ ညွှန်ကြားတဲ့ဆေးတွေ သုံးပေးတယ်၊ အပူဒဏ်ခံနိုင်အောင် ပုလဲပက်ပေးတယ်”ဟု တောင်သူ ဦးတင်ထွန်းဝေက ပြောသည်။

ယခုလို ရွက်ဖျားခြောက်ရောဂါဝင်ခြင်းသည် အပူရှိန်မြင့်သောကြောင့် စပါးရွက်များပေါ်မှာ ဖြုတ်ပိုးကျရောက်ပြီးအရွက်များကို ကိုက်ဖြတ်ရာ အဖြူကွက်လေးများ ဖြစ်ပေါ်လာကာ အဖျားများပြတ်သွားကြောင်း သိရသည်။ အဆိုပါရောဂါပိုးကို ကာကွယ်ရန် ကလိုပိုင်ဖော့အဆိပ်ငွေ့ပါဆေးကို သုံးပေးရကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇူလိုင်မိုး

❑ ကျောဖုံးမှ

ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ပြောသည်။

အဆိုပါ ပြိုင်ပွဲသည် YKKO အသင်း၊ COB အသင်း၊ MAARY၊ BROWN အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ဇွန် ၁၅၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

✻ ကျောဖုံးမှ

ဇေယျာရွှေမြေအတွက် ချေပဂိုးများ ပြန်သွင်းခဲ့သည်။

YUSC ကွင်း၌ ကစားသော ဧရာဝတီနှင့် ရန်ကုန်တို့ပွဲတွင် ဧရာဝတီက ရန်ကုန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

သုဝဏ္ဏကွင်း၌ ကစားသည့် မနောမြေနှင့် နေပြည်တော်တို့ပွဲတွင် မနောမြေက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ယနေ့ပွဲအဖြစ် ဗထူးကွင်း၌ ရတနာပုံနှင့် ကမ္ဘောဇ၊ သုဝဏ္ဏကွင်း၌ ချင်းနှင့် မကွေး၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် Southern တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရွှေဇေယျာဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ

စစ်ကိုင်း ဇွန် ၁၄

၂၀၁၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မိုးရာသီ ရွှေဇေယျာဖလား ဖိတ်ခေါ် အလွတ်တန်းဘောလုံးပြိုင်ပွဲကို စစ်ကိုင်းခရိုင် အားကစားကွင်း၌ ဇွန်လ နောက်ဆုံးပတ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေဇေယျာဖလား ဘောလုံးပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သီရိပျံချီ ဦးခင်အောင်မြင့်က အဓိကပံ့ပိုးကူညီမည်ဖြစ်ပြီး စစ်ကိုင်းမြို့နယ် ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲ ပွဲစဉ်များကို ဇွန် ၁၇ ရက်တွင် ရေးဆွဲမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် ဘောလုံးအသင်းများအနေဖြင့် အသင်းဝင်ကြေး ငွေကျပ်သုံးသောင်းနှင့်အတူ ဦးသန်းဌေးကို ခရိုင်အား/ကာနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၇၂-၂၂၂၈၅၊ ဦးချစ်ဖူး ရွှေနှင်းဆီစာပေ စစ်ကိုင်းမြို့ ဖုန်း-၀၉-၂၀၂၁၀၀၀၊ ဦးအောင်သန်း စစ်ကိုင်းခရိုင်အားကစားကွင်း၊ ဦးတင်ထွန်း(ငြိမ်း)သီရိဟိုတယ်တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန-MSTRD (ယခင် SIRI/UBARI/CRO)တွင် လက်ထောက်သုတေသနမှူးရာထူးမှနောက်ဆုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးတို့၌ ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ အမှုထမ်းဆောင်ရွက်ခဲ့ပြီး ယနေ့တိုင် ဌာနဝန်ထမ်းအပေါ် သံယောဇဉ်ကြီးမားစွာဖြင့် မေတ္တာ၊ စေတနာ၊ ကရုဏာထားရှိလျက် MSTRD ၏ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်ရေးအတွက် ဝါရင့်အတွေ့အကြုံရှိသည့် နည်းပညာရှင်များနှင့်အတူ ပြန်လည်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံတော်မှချီးမြှင့်သည့် စက်မှုစီးပွားထူးချွန်ဆုရှင်

ဒေါက်တာမြင့်ဟန်

P.E., FELLOW-AAET (ASEAN Academy of Engineering and Technology)

အား ဆွီဒင်နိုင်ငံအမျိုးသားနေ့နှင့် ဆွီဒင်နိုင်ငံသံရုံးခွဲဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင် ဆွီဒင်နိုင်ငံ တော်ဝင်ဘုရင်မင်းမြတ် His Majesty Carl Gustaf XVI မှ ချီးမြှင့်သည့် ဆွီဒင်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်ဘွဲ့တစ်ခုဖြစ်သည့်

"THE ROYAL ORDER OF THE POLAR STAR-OFFICER FIRST CLASS"

နှင့်

ဂုဏ်ထူးဆောင်ဒီပလိုမာလက်မှတ် DIPLOM

ဂုဏ်ထူးဆောင်ဘွဲ့ထူးနှင့် လက်မှတ်များကို မြန်မာနိုင်ငံတွင်နေထိုင်သူ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ပထမဦးဆုံးချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆရာဒေါက်တာမြင့်ဟန်နှင့်တကွ မိသားစုများကို ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အငြိမ်းစားဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများ
မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန
(SIRI, UBARI, CRO)

သာကေတ(၇)ရပ်ကွက်၌ အိမ်ခြောက်လုံးမီးလောင် အမျိုးသားတစ်ဦး တစ်ကိုယ်လုံးမီးလောင်ခံရ

ရန်ကုန် ဇွန် ၁၄

ဇွန် ၁၃ ရက် တစ်နေကုန် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှု မရှိခဲ့သော်လည်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သို့ ညသန်းခေါင်ယံအကျော် ဇွန် ၁၄ ရက် နံနက် ၀၀း၁၀ နာရီခန့်တွင် မီးလောင်မှုသတင်းတစ်ရပ် ဝင်လာခဲ့သည်။

သာကေတမြို့နယ် အမှတ်(၇) ရပ်ကွက် အောင်သပြေအရှေ့(၅)လမ်း အိမ်အမှတ် ၄၁ ၌ ဖြစ်သည့် မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးစီး၍ မြို့နယ်အသီးသီးမှ မီးငြိမ်းသတ်ရေးယာဉ် ၂၄ စီးနှင့် အထောက်အကူပြုယာဉ်များ၊ တိုင်းကြက်ခြေနီယာဉ်များ၊ ကွပ်ကဲမှုယာဉ်များက အချိန်နှင့်တစ်ပြေးညီ သွားရောက်ငြိမ်းသတ် အကူအညီပေးခဲ့ရကြောင်း သိရသည်။

လောင်နေသော မီးအားကို နံနက် ၀၀း၅၀ နာရီတွင် ထိန်းပေးနိုင်ခဲ့ပြီး ၀၀း၅၅ နာရီတွင် အပြီးငြိမ်းသတ်ပေးနိုင်ခဲ့သည်။

မီးလောင်ရခြင်း အကြောင်းမှာ မီးအားမြင့်စက် အပူလွန်ကဲရာမှ ရေခဲသေတ္တာနှင့် တွဲထားသော Safe Guard မှ မီးဖြတ်တောက်မှု မပြုနိုင်၍ စတင်လောင်ခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ဆိုသည်။

မီးလောင်မှုကြောင့် အကျယ်ပေ ၂၀၊ အရှည်ပေ ၄၀၊ သွပ်မိုး အုတ်ညှပ် တစ်ထပ်အိမ် သုံးလုံး၊ အကျယ် ၁၀ ပေ၊ အရှည် ပေ ၃၀ ရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အိမ်သုံးလုံး စုစုပေါင်း အိမ်ခြောက်လုံး မီးသင့်ခဲ့ရသည်။

မီးလောင်မှုကို မီးသတ်သန္နေ အင်အား ၁၄၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၈ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ ဝင် ၅၃ ဦးတို့က ရေဂါလန်ပေါင်း ၂၇၅၀၀ အသုံးပြု ငြိမ်းသတ်ပေးခဲ့ရကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကိုရဲအောင်ကျော်(၂၉)နှစ်မှာ တစ်ကိုယ်လုံး မီးလောင်ခံရပြီး စိုးရိမ်ရသဖြင့် သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ တင်ပို့ခဲ့ရသည်။

ထို့အပြင် ကိုမျိုးဝင်းဇော်(၂၃)နှစ်မှာ ညာဘက်ပခုံး၊ ညာဘက်လက် မီးဟပ်ခံခဲ့ရသည်။ မီးပေါ့ဆစွာ သုံးစွဲသူ အိမ်ရှင် ဦးအေးမြင့် အသက်(၆၃)နှစ်အား သာကေတမြို့နယ် ရဲတပ်ဖွဲ့စခန်းက အရေးယူထားကြောင်း သိရသည်။

ကိုကြီးတင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျန်းမာသန့်စွမ်းဉာဏ်ရည်ဖွံ့ဖြိုးစေရေးအတွက် သား၊ ငါး၊ နို့နှင့် ဥများ မျှတစွာစားသုံးနိုင်ရန် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်

နေပြည်တော် ဇွန် ၁၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇွန် ၁၂ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အလည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံပြီး မူလတန်းကြိုကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ အဝီစိသောက်ရေတွင်း ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး၊ ကျောင်းအားကစားကွင်းပြုပြင်ရေးနှင့် မူကြိုစာသင်ခန်း ကြမ်းခင်းပြုပြင်နိုင်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာသုံးမြေသား ရေလှောင်ကန်နှင့် အဝီစိသောက်ရေတွင်းကို လှည့်လည်ကြည့်ရှုပြီး ဗိုလ်မှူးကြီးတိုကြင်စာကြည့်တိုက်၌ ကျေးရွာလူထုနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် သား/ငါးမွေးမြူစားသုံးမှုဖူလုံစေရေး ဆောင်ရွက်နေသည့်အပြင် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များ၊ ကျေးလက်မီးလင်းရေးနှင့် ရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်ရေးတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆိုလျှင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရ အရင်းမပျောက် လည်ပတ်မတည်ငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး တစ်ပိုင်တစ်နိုင်ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ကျေးရွာပြည်သူများအနေဖြင့် မိမိရင်သွေးသားသမီးများ ကျန်းမာသန့်စွမ်းဉာဏ်ရည်ဖွံ့ဖြိုးစေရေးအတွက် သား၊ ငါး၊ နို့နှင့် ဥများ မျှတစွာ စားသုံးနိုင်ရန် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလည်ရွာ၊ ရေငံအရှေ့၊ ဆည်ကုန်း၊ နွားစားငုတ်၊ ဆွာတော၊ အင်ကြင်းကုန်း၊ တုန်းအိုင်၊ ပျော်ကုန်း၊ တည်ပင်ကုန်း၊ သီးပင်ကုန်း၊ ကုန်းသာ၊ သီတက္ကန်နှင့် ကုက္ကိုကြင်းကျေးရွာများအတွက် ဆိုလာယူနစ်ဖြင့် အိမ်တိုင်းစေ့မီးလင်းရေး၊ ကြက်၊ ဆိတ်၊ နွားမွေးမြူဆောင်ရွက်နိုင်ရေး၊ ကွေ့ကြီး-သီတက္ကန် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာပြည်သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု လုံးတောကျေးရွာ စိတ္တသုခမ္မာရုံ၌ နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁၈ ရွာအတွက် ဘုရားဆင်းတုတော်များ၊ ကျောင်းသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ အားကစားပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်တို့သည် လုံးတောကျေးရွာ၌ ပြည်လုံးချမ်းသာစေတီတော် တည်ထားကိုးကွယ်နေမှုကို ကြည့်ရှုပြီး လုံးတော-လကဝဲ-ပြင်းဦး ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ထားရှိမှု၊ လုံးတောကျေးရွာ မြေသားမိုးရေလှောင်ကန် တူးဖော်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကာ ရွာကြီးကျေးရွာအတွင်းရှိ ကျေးရွာများအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေး ကွင်းဆင်းတိုင်းတာဆောင်ရွက်သွားရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွီဒင်နိုင်ငံ အမျိုးသားနေ့တွင် ဆွီဒင်နိုင်ငံသံရုံးခွဲဖွင့်ပွဲကျင်းပ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇ မိုင် ပြည်လမ်းရှိ နော်ဝေနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဖင်လန်နိုင်ငံတို့ စုပေါင်းဖွင့်လှစ်ထားသော Nordic House တွင် ဆွီဒင်နိုင်ငံ၏ အမျိုးသာနေ့ကျရောက်သည့် ဇွန် ၆ ရက်က ကျင်းပသည်။ အဆိုပါ ဆွီဒင်နိုင်ငံသံရုံးခွဲသစ်ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး Mr.Klas Molin တို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သံရုံးခွဲဖွင့်လှစ်ပွဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာမြင့်ဟန်အား ဆွီဒင်နိုင်ငံ၏ ဧကရာဇ်ဘုရင် His Majesty Carl Gustaf XVI- King of Sweden မှ ဆွီဒင်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်လက်မှတ် Diploma နှင့် ဂုဏ်ထူးဆောင်ဘွဲ့ The Royal Order of the Polar Star-Officer First Class တို့ကို ဆွီဒင်နိုင်ငံဘုရင်ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး His Excellency Mr.Klas Molin က ဂုဏ်ပြုစကား ပြောကြား၍ ဘွဲ့တံဆိပ်ချီးမြှင့်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တို့ကို မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ပထမဆုံးလက်ခံရရှိခဲ့ခြင်းဖြစ်ပြီး ဒေါက်တာမြင့်ဟန်က ဤကဲ့သို့ ထူးကဲမြင့်မြတ်သော ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တို့ကို ဆွီဒင်နိုင်ငံဘုရင် His Majesty Carl Gustaf XVI က မိမိအား ဂုဏ်ပြုချီးမြှင့်သည့်အတွက် ဆွီဒင်နိုင်ငံဘုရင် His Majesty Carl Gustaf XVI နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး His Excellency Mr.Klas Molin တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိအနေဖြင့်လည်း ဤကဲ့သို့ ထူးကဲမြင့်မြတ်သော ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ဤကဲ့သို့ မမျှော်လင့်ဘဲ လက်ခံရရှိခဲ့သည်ကို များစွာနှစ်သက်ကြည်နူး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် တစ်သက်တာ အမြတ်တနိုးအမှတ်တရထားရှိမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြန်မာ့အလင်း)

ရှောက်ပင်ဆည်ရေသောက်မြောင်းမကြီး ပြန်လည်တူးဖော်

တောင်တွင်းကြီး ဇွန် ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျန်စုအုပ်စု ငွေးတောက်ကုန်း ကျေးရွာအနီးရှိ ရှောက်ပင် ဆည်ရေသောက်မြောင်းမကြီး အရှည်ပေ ၅၀၀၊ အကျယ် ပေ ၇၀၊ အမြင့် ၂၅ ပေခန့်မှာ ယခင်နှစ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေစီးနောက်မျောပါ ပျက်စီးသွားခဲ့ရာ ဒေသခံတောင်သူများ ရေအခက်အခဲနှင့် ကြုံတွေ့နေရသည့်အတွက် မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးဖြင့် ဇွန် ၁၀ ရက်က စတင်တူးဖော်ခဲ့သည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်ဆည်မြောင်း ဦးစီးအရာရှိ ဦးသိန်းအောင်နှင့် မြို့နယ်အထောက်အကူပြု ကော်မတီများ လိုက်ပါလျက် ဇွန် ၁၂ ရက် နံနက် ၉ နာရီက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ဆည်ရေသောက်မြောင်းမကြီး တူးဖော်ပြီးစီးသွားပါက ငွေးတောက်ကုန်းကျေးရွာ၊ ရေဝေကျေးရွာ၊ ဆူးကောက်ကြီးကျေးရွာ၊ အင်ကြင်းသာကျေးရွာ၊ ဆတ်သွားကျေးရွာ၊ တောစိမ်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ညောင်ကုန်းကျေးရွာ စုစုပေါင်း ကျေးရွာ ရှစ်ရွာတို့မှ ဒေသခံတောင်သူ ၄၅၀ ကျော်တို့၏ လယ်ဧက ၁၂၀၀ ကျော်တို့ကို မိုးစပါး၊ နွေစပါးအပါအဝင် နှမ်း၊ မိုး၊ ဆောင်းသုံးရာသီလုံး သီးထပ်၊ သီးညှပ်များနှင့် သီးနှံမျိုးစုံအချိန်မရွေး စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း တောစိမ်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

(၀၂၁)

တောတောင်ရှိမှ စမ်းရေရ၏

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ လှတော အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မျိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြမောင်း ၅/ဝလန(နိုင်)၀၀၁၆၁၂ ဖြစ်ပါကြောင်း။

ဦးမြမောင်း

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၂)၊ ဗဟန်း၊ Grade-11(D) မှ မရတနာသီဂီ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအေးဖြစ်ပါကြောင်း။ **ဦးအေး ၁၂/သကတ(နိုင်)၁၀၀၄၂၄**

အမည်ပြောင်း

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(လှိုင်) Grade 4(H) တွင် ပညာသင်ကြားနေသော ဦးရဲလင်းဖြိုး၏သား မောင်သုတအောင်အား ယနေ့မှစ၍ မောင်သုတဟု ပြောင်းလဲခေါ်ပါရန်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၈၆၉၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၆-၂၀၁၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ အချပ်ပို(၈)တွင် ပါရှိသော အများသိစေရန် ကြော်ငြာတွင် ဦးတင်ဇော် ၁၀/သထန(နိုင်)၀၁၃၇၁၆အစား ၁၀/သထန(နိုင်) ၀၁၃၇၁၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စုစုအေးအောင် ဝမ်းမှန် အကြောင်းပြဆေး

သွေးသည် အသက်

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးသိန်းတင် ၁၁/ကတန (နိုင်)၀၆၄၉၂၄၏သမီး မမြတ်အိအိလှိုင် (အခြေခံပညာ အထကခွဲ) ကျောင်းသူအား မအေးမြတ်မွန် ဟုခေါ်ဆိုပါရန်။ **မအေးမြတ်မွန်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် ၄၀၃၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်မြေကွက်အမှတ် ၄၀၄၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက် နှစ်ကွက်နှင့် ယင်းမြေကွက်နှစ်ကွက်နှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဦးဝင်းနိုင် ALN-005638 ၁၂/သဃက(နိုင်)၁၆၀၆၅၆နှင့် ဒေါ်အေးသန်း ALN- 059986 ၁၂/သဃက(နိုင်)၁၃၆၅၉၉တို့ထံမှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလှမြင့် ၅/မရန(နိုင်)၁၄၀၁၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို(LL.B)(စဉ်-၂၃၂၉၉)
အထက်တန်းရှေ့နေ
အမှတ် ၃၃၁၊ ဗိုလ်အောင်ကျော်လမ်း၊ ပထမထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ဒရင်ကောက်ကျေးရွာအုပ်စု၊ ကမာချိုင့်ကျေးရွာနေ (ဦးငွေလှိုင်)၏သား ဦးမောင်ကျော်(ခ)ဦးကျော်ကြီး ၁၄/ကလန(နိုင်)၀၄၃၃၂၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/3842 (၂၈/၃၈၄၂)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အထရကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၀၇-A၊ အထရမြောက်ကွင်း ၅၀၈၊ ညောင်တပင်ကွင်းဦးပိုင်အမှတ် ၁/၁ခ N၈+N၉+N၁၀ဟုခေါ်တွင်သော လ/န-၃၉ကျပြီး ဦးမြတ်မျိုးထွန်းအမည်ပေါက် မြေ ၄ဒသမ ၃၉ဧကနှင့် ရွာမြေ ၁ဒသမ၇၃ဧက စုစုပေါင်း ၆ဒသမ၁၂ဧကကို မှော်ဘီမြို့နယ်၊ မြို့မြေစာရင်းတွင် ဦးမြတ်မျိုးထွန်းအမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းအမည်ပေါက်ပိုင်ရှင်မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
(သန်လျင်)ဦးထွန်း
LL.B, CBL, Dip in Business Law
Dip in Maritime Law, Dip in International Law,
Dip in Applied Psychology;wipolswitzerland.
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၃)
တိုက် ၉/၁၁၊ အမှတ် ၀၀၄ မြေညီထပ်နှင့် အခန်းအမှတ် (B-4)၊ May Shopping ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၄၃၀၉၆၊ ၀၁-၅၂၂၉၅၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကုန်သေတ္တာတင်ယာဉ်များ စည်းကမ်းနှင့်ညီညွတ်ရန်လိုအပ်လာ

ရန်ကုန် ဇွန် ၁၄

ဇွန် ၁၂ ရက်က မြန်မာ့အလင်း သတင်းစာပါ စာမျက်နှာ ၁၀တွင် ကုန်သေတ္တာတင်ယာဉ်နှစ်စီး၏ နှစ်နေရာ၌ ဖြစ်ပွားသော ယာဉ်တိမ်းမှောက်မှုနှင့် ဖရိန်ကျိုးလမ်းပိတ်သတင်း နှစ်ပုဒ်ပါရှိသကဲ့သို့ ဇွန် ၆ ရက်က ပုဂ္ဂလိကသတင်းစာတွင် ကုန်သေတ္တာတင် ယာဉ်တစ်စီး မဟာဗန္ဓုလတံတားပေါ်တွင် တိမ်းမှောက်မှုသတင်းဖော်ပြ ဖတ်ရှုရရာ မကြာခဏ ကုန်သေတ္တာတင်ယာဉ်များ၏ ယာဉ်အန္တရာယ်ဖြစ်ပွားမှုသတင်းများကြောင့် လမ်းအသုံးပြုသူများ စိုးရိမ်မှုရှိလာကြောင်း၊ အမြန်လမ်းမကြီးတွင် စည်းကမ်းနှင့်အညီ သွားလာရေးအတွက် သက်ဆိုင်ရာက အထူးကြပ်မတ် စစ်ဆေးနေသကဲ့သို့ ရန်ကုန်မြို့တွင်း သွားလာနေသော ကုန်သေတ္တာတင် ယာဉ်ကြီးများကို စစ်ဆေးအရေးယူ သွားစေလိုကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

၂၀၁၄ မေ ၁ ရက်မှစ၍ ပြည်ပသို့သစ်လုံးလိုက်တင်ပို့မှုခွင့်မပြုတော့သဖြင့် ရန်ကုန်မြို့တွင်းအရှိန်ပြင်းစွာမောင်းနှင်တတ်သော သစ်လုံးတင်ယာဉ်ကြီးများမြင်တွေ့ရမှု လျော့နည်းသွားသော်လည်း ကုန်သေတ္တာတင်ယာဉ်ကြီးများ ပိုမိုများပြားစွာမြင်တွေ့လာရသည်ဟု လိုင်းကားစီး ခရီးသည်တစ်ဦးက ဆိုသည်။

ကုန်သေတ္တာ ပေ ၂၀ တစ်လုံးလျှင် ကုန်ပစ္စည်းအပါအဝင် အလေးချိန် ၂၅ တန်ဝန်းကျင်ရှိရာ ခြောက်ဘီး၊ ၁၀ဘီး၊ ၁၂ဘီး ကုန်ကားများတင်ဆောင်ခွင့်မရှိသည်မှာ ခုနစ်နှစ်နီးပါးကာလရှိခဲ့သော်လည်း ကုန်သေတ္တာတင်ယာဉ်များမှာ ခြောက်ဘီး၊ ၁၀ဘီး၊ ၁၂ ဘီးယာဉ်များဖြင့် ပြေးဆွဲလျက်ရှိနေသေးကြောင်း ရန်ကုန်မြို့တွင်း သွားလာနေသူများက ဆိုသည်။ ကုန်ကား အမျိုးအစားအားလုံး သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း လိုက်နာရန်လိုအပ်ရာ ကုန်သေတ္တာတင်ယာဉ်များအဖြစ် ခြောက်ဘီး၊ ၁၀ဘီး၊ ၁၂ဘီး ကုန်ကားများ အသုံးပြုနေခြင်းကို သက်ဆိုင်ရာက အရေးယူပေးရန်လိုအပ်နေကြောင်း၊ သုံးနှစ်ကာလအတွင်း ပြေးဆွဲခွင့်ရရှိနေခြင်းကို အဆုံးသတ်သင့်ကြောင်း၊ သက်ဆိုင်ရာက ယာဉ်တိုက်မှု မကြာခဏဖြစ်ပွားသော ဟိုင်းလက်ခရီးသည်တင်ယာဉ်များကို ခရီးသည်တင်ဆောင်ခွင့်မပြုသကဲ့သို့ ကုန်သေတ္တာတင် ယာဉ်များကိုလည်း သက်ဆိုင်ရာက ထုတ်ပြန်ထားသော ယာဉ်၊ ကုန်သတ်မှတ်ချက်နှင့် ကိုက်ညီသော ကုန်ကားအမျိုးအစားအတိုင်း တင်ဆောင်ခွင့်ပြုမှသာ ကုန်ကားအားလုံးအပေါ် ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ယာဉ်၊ ကုန်သတ်မှတ်သည့် အဓိပ္ပာယ်ရှိမည်ဟု အဝေးပြေးကုန်စည် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လအလိုက်နှစ်အလိုက် ရန်ကုန်မြို့တွင်ဖြစ်ပွားသော ကုန်သေတ္တာတင်ယာဉ်များ၏ တိမ်းမှောက်မှု၊ တိုက်မှုများကို နေရာအလိုက်စာရင်းထုတ်ပြန်ပေးပါက ကုန်သေတ္တာတင်ယာဉ်အန္တရာယ်ကို ပွင့်လင်းစွာမြင်တွေ့နိုင်ကြောင်း၊ ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ကုန်သေတ္တာတင် ယာဉ်များပြေးဆွဲနေမှုကို စည်းကမ်းတကျဖြစ်ရေး စစ်ဆေးအရေးယူသင့်ကြောင်း ခရီးသည်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၆-၂၀၁၄

ရွှေဈေးနှုန်း (အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၀၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၉၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၅၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၈၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၂
ဥရောပ	တစ်ယူရို	၁၂၉၈-၁၃၁၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀-၇၇၇
ထိုင်း	တစ်ဘတ်	၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန် (ဧည့်သည်)	တစ်အိတ်	၁၇၀၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၆၈
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၂၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၆၀၀
ကြက်သွန်ဖြူ (ကြိုကုတ်)	တစ်ပိဿာ	၁၂၅၀-၁၃၀၀
အာလူး (ရှမ်း)	တစ်ပိဿာ	၄၅၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၂၀၀
သကြား	တစ်ပိဿာ	၈၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/ဇော်တင်ပြသည်။

စွန့်လွှတ်မြေများ မူလပိုင်ရှင်ထံလွှဲပြောင်းပေးအပ်

ကျိုင်းတုံ ဇွန် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ပြန်လည်စွန့်လွှတ်မြေယာအား မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၃ ရက်မွန်းလွဲပိုင်းက ကျင်းပရာ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီခေတ္တဥက္ကဋ္ဌ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းဦးက စွန့်လွှတ်မြေများကို ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ကျိုင်းတုံမြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်ကိုလတ်က မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ သိသင့်သော အကြောင်းအရာများကို ရှင်းလင်းသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် အမှတ် (၂) ရပ်ကွက် ကွင်းအမှတ် (၄၀)၊ ဦးပိုင်အမှတ် (၂၃) ရှိ လယ်မြေဧရိယာ ၁ ဒသမ ၉၈၉ ကို မူလပိုင်ရှင်ဖြစ်သူ ဦးနွမ်ဆမ်(ခ)ဦးစိုင်းနွံထံသို့ ယာယီလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ (၃) ကို ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင် (iprd)

တောင်ပေါ်ဒေသ မိုင်းဖြေ့မြို့တွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ

မိုင်းဖြေ့ ဇွန် ၁၄

တောင်ပေါ်ဒေသ ရှမ်းပလောင်တိုင်းရင်းသားများ လက်ဖက်ထွက်ရာနယ်မြေ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို ကျောက်မဲခရိုင် မိုင်းဖြေ့မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း မြစိမ်းရောင်ခန်းမ၌ ဇွန် ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းခမ်းကျော် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောက်မဲခရိုင် ပညာရေးမှူး ဦးသိန်းမြင့်နှင့် ကျောက်မဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က အမှာစကားပြောကြားပြီး ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို ပညာရေးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးအသင်းနှင့် စေတနာရှင်ပြည်သူများက ထောက်ပံ့ပေးအပ်ခဲ့သဖြင့် ကျောင်းသားမိဘ ရှမ်း၊ ပလောင်တိုင်းရင်းသားများ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပြီး ကျောင်းလာအပ်သည့် ကျောင်းသားဦးရေမှာလည်းယခုနှစ်တွင် ပိုမိုများပြားကြောင်း သိရသည်။

ခင်နီလာစိုး (iprd)

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ
၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နှိုးဆော်ခြင်း

၁။ ၂၀၁၃ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၄ ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များ စုပေါင်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်)အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းတို့သည် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ကြေညာလွှာတွင်ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်)ကုမ္ပဏီများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်းဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေး နှိုးဆော်အပ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၂မှ ဇယား ၆ ပါ ကုန်စည်များ နိုင်ငံတော်အတွင်း ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ။

(ခ) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၇ ပါ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ။

၃။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၁၄ ခုနှစ် ဇွန် ၃၀ရက်၊ (၃၀-၆-၂၀၁၄ရက်) ညနေ ၆း၀၀ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။

၄။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်။** လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ရပါမည်။

၅။ **ကြေညာလွှာပုံစံရယူရန်။** ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်)ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(ရန်ကုန်)၊ အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(Tax Service Unit) (မန္တလေး)၊ ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

စိုးနိုင်
ညွှန်ကြားရေးမှူး
ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းမပေါ်၊ မအူပင်လမ်းထိပ်အနီး (၁၇×၆၃) ပေ၊ ငါးလွှာ၊ သံပန်း၊ လှျာထိုး၊ Sun Shade၊ ကြွေပြား၊ မီး၊ ဆေး၊ မီးဖိုခုံ၊ အားလုံးပြင်ဆင်ပြီး၊ အိပ်ခန်းနှစ်ခန်းဖွဲ့ပြီး၊ အသင့်နေ သိန်း ၇၉၀။

ဖုန်း-၅၀၀၉၅၉၊ ၀၉-၅၄၀၇၀၁၃

ပျောက်ဆုံးကြောင်း

မောင်သီဟကိုကိုဇင် ၁၂/ဥကမ(နိုင်)၂၃၇၂၀၁၏ CDC အမှတ် ၉၀၁၈၉ နှင့် Passport M 886337 ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါကပေးပို့ပါရန်။

ဖုန်း-၂၅၀၇၆၀၂၃၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်း အထူးအဖွဲ့(၂)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်-စစ်တွေလမ်းအပိုင်း(၂) မိုင် ၁၀၉/၄-၁၁၇/၄ အတွင်း လမ်းအဆင့်မြှင့်တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သောလမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၆-၆-၂၀၁၄ ရက်မှစ၍ လေယာဉ်ကွင်းအထူးအဖွဲ့(၂)၊ လုပ်ငန်းခွင်ရှေ့တန်းစခန်းရုံး၊ ရာမောင်တံတားအနီး မင်းပြားမြို့နယ်တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်/အချိန်	-	၂၅-၆-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန်	-	၂၅-၆-၂၀၁၄ ရက်၊ ၁၃း၃၀ နာရီ
တင်ဒါဖွင့်မည့်နေရာ	-	လေယာဉ်ကွင်းအထူးအဖွဲ့(၂)၊ လုပ်ငန်းခွင်ရှေ့တန်းစခန်းရုံး၊ ရာမောင် တံတားအနီး၊ မင်းပြားမြို့နယ်

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၁-၆၄၄၃၇၀၊ ၀၉-၈၆၃၄၈၀၆

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄ရပ်ကွက်၊ ဗိုလ်တာရာ (၂)လမ်း၊ စီမံ (၂)၊ အမှတ် ၁၅၁၊ ပထမထပ်၊ ခြေရင်းခန်း(ဘယ်ဘက်) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဖြစ်သူ ဒေါ်ရွှေနန်းဒီ ၁၂/ဥကတ(နိုင်)၁၃၃၉၁၀၉ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဖ-ဆ-ပ-လ)ရပ်ကွက်၊ အမှတ် (၅၈)၊ အခန်း (၁၁)နေ ဒေါ်ဂျာအိန် ၁၃/ကခန(နိုင်)၀၅၂၂၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေအချို့ကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ခိုင်လုံသောမူရင်းစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ကိုကိုဦး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၇၄)
တိုက် (၁)၊ အခန်း (B-၆)၊ ကွမ်းခြံ (၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၆၃၀၂၁၀၊ ၀၉-၄၂၁၁၆၉၄၆၀

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ယာဉ်စည်းကမ်းချိုးဖောက်သောနေရာများတွင် လှည့်ကင်းအဖွဲ့များ နံပါတ်တုတ်၊ ကျဉ်စက်ကိုင် ဆောင်ရွက်သွားမည်

ရန်ကုန် ဇွန် ၁၄

ယာဉ်စည်းကမ်း ချိုးဖောက်မှုများပြားသော နေရာများတွင် လှည့်ကင်းအဖွဲ့များက နံပါတ်တုတ်၊ ကျဉ်စက်များ ကိုင်ဆောင်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဇွန် ၁ ရက်မှ စတင်ကာ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်မှုများပြားသော နေရာများတွင် အဖွဲ့တစ်ဖွဲ့လျှင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိဦးစီး တပ်ဖွဲ့ဝင် ၁၂ ဦး၊ နယ်မြေခံရဲတပ်ဖွဲ့၊ စည်ပင်သာယာ ရဲတပ်ဖွဲ့၊ ကညန၊ မထသ(မြို့တွင်း) အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့များနှင့် ပူးပေါင်းအဖွဲ့ဖွဲ့ပြီး လှည့်လည်ကာ mobile အဖွဲ့ ကိုးဖွဲ့ဖြင့် အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဇွန် ၁ ရက်တွင် ၃၅၃ မှု၊ ဇွန် ၂ ရက်တွင် ၄၆၂ မှု၊ ဇွန် ၃ ရက်တွင် ၄၁၂ မှု၊ ဇွန် ၄ ရက်တွင် ၄၁၄ မှု၊ ဇွန် ၅ ရက်တွင် ၅၇၅ မှု၊ ဇွန် ၆ ရက်တွင် ၄၈၁ မှု၊ ဇွန် ၇ ရက်တွင် ၄၂၅ မှုတို့ဖြင့် စုစုပေါင်း ၃၂၀၇ မှု ဖမ်းဆီးခဲ့ပြီးဖြစ်သည်။

ထားရှိ

ထို့အပြင် အဆိုပါအမှုများထဲတွင် မီးနီဖြတ် ၄၂ မှု၊ လမ်းပိတ်ရပ် ၁၆၉ မှု၊ လမ်းပြောင်းပြန် ၁၆၈ မှုတို့ ပါဝင်ကြောင်းသိရပြီး ဇွန် ၉ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးရေးတာဝန် ဆောင်ရွက်နေသော ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်အား ဓားဖြင့်ခုတ်ကာ သိမ်းဆည်းခဲ့သည့် ဆိုင်ကယ်ကို ပြန်လည်လုယူသွားသည်နှင့် စပ်လျဉ်း၍ အဆိုပါ ပူးပေါင်းအဖွဲ့ ကိုးဖွဲ့တို့မှ တစ်ဖွဲ့လျှင် နံပါတ်တုတ်နှင့် ကျဉ်စက်နှစ်ခုစီ ထားရှိတော့မည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ သိရသည်။

စိုးဝင်း(SP)

မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဒါးပိုက်နှိုက်တစ်ဦး ဖမ်းမိ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ (၂)မှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်ဖမ်းဆီးရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် စာတိုက်မှတ်တိုင်၌ ဇွန် ၁၂ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က သတင်းစုံစမ်းနေစဉ် မှတ်တိုင်သို့ ရောက်ရှိလာသော အမှတ်(၃၄) ယာဉ်လိုင်း မီနီဘတ်စ် ယာဉ်ပေါ်မှ ဆင်းလာသည့်ခါးပိုက်နှိုက် ပြစ်ချက်ဟောင်းရှိသူ ဘာဘူ(၆၃နှစ်) ဒေါပုံမြို့နယ်နေသူကိုတွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်း၏ အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၁၂၃၀၀ ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

၎င်းငွေများနှင့် ပတ်သက်၍ စစ်ဆေးရာ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာစဉ် အသက် ၂၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ အင်္ကျီအိတ်ကပ်အတွင်းမှ နှိုက်ယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ထိုသို့ပေါ်ပေါက်ချက်အရ ၎င်းကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

တရားမဝင်သစ်မျိုးစုံခုနစ်တန်ကျော် သယ်ဆောင်သည့် မော်တော်ယာဉ်နှစ်စီးဖမ်းဆီးရမိ

မုံရွာ ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချ၍ လျှပ်တစ်ပြက်စစ်ကြောင်း အသွင်သဏ္ဌာန်ဖြင့် ကာကွယ်ဖမ်းဆီးလျက်ရှိရာ ဇွန် ၈ ရက်တွင် ကျွန်းခွဲသားနှင့် သစ်မျိုးစုံခုနစ်တန်ကျော် သယ်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်ဝင်းထွန်းနှင့် အဖွဲ့သည် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးစိုးနိုင်အဖွဲ့နှင့်အတူ ပုလဲ-ဂန့်ဂေါ ကားလမ်းမိုင်တိုင်အမှတ် ၃၄ မိုင် သုံးဖာလုံ၊ မင်းတိုင်ပင်ကျေးရွာနှင့် နှောကန်ကျေးရွာအကြားတွင် ဇွန် ၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က ဂန့်ဂေါမြို့နယ် ညောင်လယ်ကျေးရွာမှ တရားမဝင်ကျွန်းခွဲသား ၂ ဒသမ ၉၃၇၆ တန် သယ်ဆောင်မောင်းနှင်လာသော ဟီးနိုးခြောက်ဘီးကားခေါင်းအစိမ်းရောင်ယာဉ် အမှတ် ဆ/---ယာဉ်မောင်း ကိုစိုးလင်းအောင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာနေသူအားလည်းကောင်း၊ ပုလဲ-ဂန့်ဂေါ ကားလမ်းမိုင်တိုင်အမှတ် ၃၂ မိုင် နှစ်ဖာလုံ၊ မြကုန်းကျေးရွာနှင့် ကုက္ကိုကုန်းကျေးရွာ အကြားတွင်လည်း မွန်းတည့် ၁၂ နာရီက ဂန့်ဂေါမြို့နယ် ညောင်လယ်ကျေးရွာမှ တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ၉၆၆၄ တန်၊ အင်ကြင်းခွဲသား ၀ ဒသမ ၅၈၆၈ တန်၊ ပျဉ်းကတိုးခွဲသား ၀ ဒသမ ၃၉၄၄ တန်၊ တမလန်းခွဲသား ၀ ဒသမ ၈၇၈၂ တန်၊ တမလန်းတိုင် ၀ ဒသမ ၂၄၈ တန်၊ တမလန်းသစ် ၀ ဒသမ ၂၃၄ တန် စုစုပေါင်း ၄ ဒသမ ၃၀၇၀ တန်တို့ကို သယ်ဆောင်မောင်းနှင်လာသော ဟီးနိုးခြောက်ဘီး ခေါင်းအစိမ်းရောင် ယာဉ်အမှတ်

ဆ/---ယာဉ်မောင်း ကိုအောင်ကျော်စိုး ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာနေသူကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသော ကျွန်းခွဲသားနှင့်သစ်မျိုးစုံ ခုနစ်တန်ကျော်ကို မြို့နယ်သစ်တောဦးစီးဌာနရုံးဝင်းတွင် သိမ်းဆည်းထားပြီး မော်တော်ယာဉ်များကို မြို့နယ်ရဲစခန်းတွင် အပ်နှံထားရှိကာ တရားမဝင် သစ်များသယ်ဆောင်မောင်းနှင်လက်ဝယ်ထားရှိသည့်အတွက် တရားခံများကို မြို့နယ်သစ်တောဦးစီးဌာနမှ အမှုဖွင့်အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီး၌ အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးမှားသောက်၍ သေဆုံး

မကွေး ဇွန် ၁၄

တောင်တွင်းကြီးမြို့ ကုက္ကိုကုန်းကျေးရွာ တိုက်နယ်ဆေးရုံတွင် အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးရည်သောက်မိပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သည်။ သေဆုံးသူမှာ ရှားချောင်းတဲတိုက် ကုက္ကိုကုန်းကျေးရွာတွင် နေထိုင်သူ မစန်းမြင့် (၂၇ နှစ်) ဖြစ်ပြီး မိသားစုနှင့်အတူရှိနေစဉ် နေအိမ်အိပ်ခန်းအတွင်းတွင် ထားရှိသည့် ချောင်းဆိုးပျောက်ဆေးရည်ပုလင်းကို အရွယ်ဆိုက်တူ ရွက်ဖျန်းပိုးသတ်ဆေးရည် ပုလင်းနှင့် လွဲမှားသောက်မိသဖြင့် ကုက္ကိုကုန်းကျေးရွာ တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဇွန် ၁၂ ရက် နံနက် ၁၁ နာရီခန့်တွင် သေဆုံးခဲ့သည်။

အဆိုပါဖြစ်စဉ်ကို ကုက္ကိုကုန်းနယ်မြေရဲစခန်းမှ တပ်ကြပ်ကြီးတင်ဝင်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် တရားလိုပြုလုပ်တိုင်တန်းသဖြင့် တောင်တွင်းကြီးမြို့ ကုက္ကိုကုန်းနယ်မြေ ရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မာလာ(မကွေး)

မီးရထားလမ်း ထွန်စက်ဖြတ်စဉ် စက်ပျက်၍ ရထားတိုက်ခံရ

ဝမ်းတွင်း ဇွန် ၁၄

ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသော အမှတ် (၃) အဆန်ရထားသည် ဇွန် ၁၂ ရက် နံနက် ၆ နာရီခွဲက ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာအနီး ရထားလမ်းမိုင်တိုင်အမှတ် (၃၃၃/၅)အနီးအရောက်တွင် ထန်းပင်ကုန်းရွာသား အောင်ကျော်ဆန်း (၃၂နှစ်) အနောက်မှအရှေ့သို့ မောင်းနှင်လာသော (ဂွန်ဒေါင်း)လယ်ထွန်စက်သည် သံလမ်းပေါ်ဖြတ်စဉ် စက်ရပ်သွားခဲ့သည်။ လယ်ထွန်စက်သံလမ်းပေါ်တွင်ရပ်သွားသဖြင့် အမှတ် (၃) အဆန်ရထားနှင့် တိုက်မိရာ လယ်ထွန်စက်နောက်ပိုင်းကို တိုက်မိခဲ့သည်။ မီးရထားမှာလည်း ဆီတိုင်းကီရိယာပျက်စီးသွားပြီး ဒီဇယ်နှစ်ဂါလန် ဆုံးရှုံးသွားသဖြင့် ထွန်စက်မောင်းသူကို သဲတောဘူတာဝင်းအတွင်းနေ ဦးနေစိုး အမြန်လမ်း အင်ဂျင်နီယာ (၃)က တရားလိုပြုလုပ်၍ ရွှေတောင်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ အောင်ကျော်ဆန်းကို အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)

လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဝင်ငွေခွန်ဌာနခွဲ

ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၃ ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသောဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့်ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းတို့သည်လည်းကောင်း၊ ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ ၁၂၀၀၀၀၁ ကျပ်နှင့်အထက်ရရှိသည့် သမဝါယမအသင်း၊ ယင်းအသင်းနှင့်စုပေါင်း လယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း(သို့မဟုတ်) အသင်းအဖွဲ့တို့သည်လည်းကောင်း၊ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင်ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေး နှိုးဆော်အပ်ပါသည်။

၂။ ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေ ၁၄၄၀၀၀၀ ကျပ်နှင့်အထက် ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန်မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

၃။ **ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန်**
အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့် စာရင်းများ အပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

၄။ **ပေးပို့ရမည့် နောက်ဆုံးရက်**
၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက် (တနင်္လာနေ့)

၅။ **ဝင်ငွေကြေညာလွှာတင်သွင်းရန်ပျက်ကွက်မှုအတွက်ပြစ်ဒဏ်**
ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၆။ **ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်**
ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံးတို့တွင် အခမဲ့ ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး websiteဖြစ်သည့် http//www.irdmyanmar. gov.mmမှလည်း ရယူနိုင်ပါသည်။

၇။ **စုံစမ်းရန်**
မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျော်သန့်လွင်
ညွှန်ကြားရေးမှူး
ဝင်ငွေခွန်ဌာနခွဲ

VACANCY

Myanmar Integrated Port Limited (MIPL) is looking for experience and energetic candidates for following positions.

(1) **Yard Supervisor** 1/Male
Previous working experience and operation knowledge of cargo delivery would be an advantage

(2) **Forklift Driver** 1/Male
-Minimum 2 years of driving experience with valid driving license

(3) **Personnel assistant to Port Development Manager** 1/Male
-English proficiency for speaking/ reading and writing
-Cooperative, responsible and good PR skill
-Sufficient knowledge and use Note book,PC
-Shipping knowledge would be an advantage

Please apply within 2 weeks from advertisement date to MIPL, No.4, Thilawa Port, Kyauktan Township (or) mls.maylwin@gmail.com

MISS UNIVERSE MYANMAR ORGANIZATION တွင် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ခြင်း

Miss Universe Myanmar Organization မှ ကြီးမှူးကျင်းပသော Miss Universe Myanmar2014 ပြိုင်ပွဲအတွက် ပွဲဝင်တစ်လျှောက် ပြုလုပ်မည့် Activities များနှင့် Final ပြိုင်ပွဲအား စိတ်ပါဝင်စားသည့် အောက်ဖော်ပြပါ -

(၁) Producer (၂) Event Director (၃) Art Director (၄) Stage Director (၅) Video Editing (၆) Contestants Supervisor နေရာများအတွက် Volunteer (သို့) ညှိနှိုင်းဆောင်ရွက်လိုသော အဖွဲ့အစည်း (သို့) တစ်ဦးချင်းအလိုက် ပူးပေါင်းဆောင်ရွက်လိုသူများ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း နောက်ဆုံးထား၍ တိုက် A-3-1၊ အခန်း (၇၀၃) မြန်မာ့ဂုဏ်ရည်အိမ်ယာ မင်္ဂလာတောင်ညွန့် ရန်ကုန်၊ ဖုန်း ၀၁-၃၉၃၁၀၂ ၀၁-၃၉၂၇၉၉ သို့ လူကိုယ်တိုင်လာရောက် ဆက်သွယ်နိုင်ပါသည်။

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

ဗန်ဟား၏ နည်းဗျူဟာကြောင့် ဂိုးပြတ်အနိုင်ယူနိုင်ခဲ့ကြောင်း ဗန်ပါစီပြော

၂၀၁၄ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် လက်ရှိချန်ပီယံစပိန်ကို ငါးဂိုး- တစ်ဂိုးဖြင့် အနိုင်ရအောင် ကစားကွက်ပုံစံ အကောင်းဆုံးစီစဉ်ပေးခဲ့သည့် နယ်သာလန်နည်းပြ လူးဝစ်ဗန်ဟားကို တိုက်စစ်မှူး ဗန်ပါစီက ချီးကျူးပြောဆိုလိုက်သည်။ ယင်းပွဲတွင် ဗန်ပါစီက အာဂျင်ရော်ဘင်နှင့်အတူ နှစ်ဂိုးသွင်းယူပေးခဲ့သည်။ "ဒီလို အပြတ်အသတ် အနိုင်ရလိုက်ခြင်းက ဗန်ဟားရဲ့ နည်းဗျူဟာကို ပြသလိုက်ခြင်း ဖြစ်ပါတယ်"ဟု ဗန်ပါစီက မန်ယူနည်းပြ ဖြစ်လာမည့် ဗန်ဟားကို ချီးကျူးပြောဆိုလိုက်သည်။

ဥရောပ ချန်ပီယံဆုကို ရယူထားသည့် စပိန် ယခုကဲ့သို့ အပြတ်အသတ် ရှုံးနိမ့်မှုသည် အရှက်ရစရာ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နယ်သာလန်အသင်းနည်းပြ ဗန်ဟားသည် တစ်ဖက်အသင်း၏အားနည်းချက်၊ အားသာချက်တို့ကို သိသူဖြစ်ပြီး အောင်မြင်သော နည်းပြကောင်း တစ်ဦးဖြစ်သည်။ အသက် ၆၂ နှစ်ရှိ နည်းပြ ဗန်ဟားသည် ယခုရာသီတွင် မန်ယူအသင်းကို ကိုင်တွယ်ရန် ရောက်ရှိလာမည်ဖြစ်သည်။

"ဒီကမ္ဘာ့ဖလားမှာ ကျွန်တော့်နောက်မှာ ဗန်ပါစီ၊ ရော်ဘင်နဲ့ စနိုက်ဒါတို့လို တိုက်စစ်မှူးတွေရှိနေတာကြောင့် နိုင်ပွဲတွေက ဆက်တိုက်ရဖို့ မျှော်လင့်ထားပါတယ်"ဟု နည်းပြ ဗန်ဟားက ပြောသည်။ နယ်သာလန်အသင်းသည် ဇွန် ၁၈ ရက်တွင် ဩစတြေးလျအသင်းနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။

ချီလီအသင်း ဂိုးပြတ်ဖြင့် အဖွင့်ပွဲလှ

သီဟ

အုစ်စု(ခ)ရဲ့ ပွဲစဉ်တစ်ခုဖြစ်တဲ့ ချီလီနှင့် ဩစတြေးလျ ပွဲစဉ်ကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ကစားခဲ့ရာ ချီလီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ကမ္ဘာ့ဖလား အဖွင့်စာမျက်နှာ လှပခဲ့ပါသည်။

ချီလီနှင့် ဩစတြေးလျအသင်းတို့ Arena Pantanal ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ချီလီက ပွဲစပြီး ၁၂မိနစ်တွင် တိုက်စစ်မှူးဆန်းချက်ဇ် **(အောက်ပုံ)** က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ၁၄ မိနစ်တွင် ဗယ်ဒီဗီယာမှ ချီလီအတွက် ထပ်မံနောက်တစ်ဂိုးသွင်းယူခဲ့ပြီး ဩစတြေးလျမှ တစ်လုံးတည်းသောချေပဂိုးကို ဝါရင့်ကစားသမား တင်ကာဟေးလ်က သွင်းယူခဲ့သည်။ ချီလီအတွက် တတိယမြောက်ဂိုးကို မိနစ်ကိုးဆယ်တွင် ဂျင်းဘီအာယုစ်ဂျောက သွင်းယူပေးခြင်းဖြင့် အနိုင်သေချာစေခဲ့သည်။ ချီလီအသင်းက သုံးမှတ်အပြည့်ယူနိုင်သွားပြီး ဒုတိယပွဲစဉ်အဖြစ် ဇွန်၁၉ရက်တွင် စပိန်အသင်းနှင့်ကစားရမည်ဖြစ်သည်။ ပွဲဦးထွက်ရှုံးထားသော စပိန်တို့ ဒုတိယပွဲစဉ်တွင် အနိုင်ရရေး ကြိုးစားရမည်ဖြစ်သလို ချီလီကလည်း အုပ်စုမှတက်နိုင်ရေး အနိုင်ကစားဖို့ ကြိုးစားမည်ဖြစ်သည်။

အာဆင်နယ်နောက်တန်းလူ ဆက်ဂ်နာကို မန်စီးတီးက ခေါ်ယူ

အာဆင်နယ်အသင်းမှ ဆက်ဂ်နာအား မန်စီးတီးက သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူလိုက်သည်။ ပြင်သစ် ဝဲနောက်တန်းကစားသမား ဆက်ဂ်နာသည် အာဆင်နယ်အသင်းတွင် ခုနစ်နှစ်ကြာကစားခဲ့သူဖြစ်သည်။ သို့သော်လည်း ၎င်း၏စာချုပ်သက်တမ်းမှာ ပြီးခဲ့သောရာသီက ကုန်ဆုံးခဲ့သည်။ လောလောဆယ် မန်စီးတီးက အသက် ၃၁ နှစ်ရှိ ဆက်ဂ်နာကို ခေါ်ယူရန်သဘောတူထားသည်။ ပယ်ရီဂရီနီ၏ ပရီမီယာလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည့်အသင်းတွင် အားဖြည့်သွားရန် ပြင်ဆင်လျက်ရှိသည်။ ကမ္ဘာ့ဖလားအပြီး ဆက်ဂ်နာသည် မန်စီးတီးသို့ ရောက်ရှိလာမည်ဖြစ်သည်။ ဆက်ဂ်နာကို ၂၀၀၇ ခုနှစ် ဇူလိုင်လက ပေါင်ခုနစ်သန်းဖြင့် အော်ဇေးမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

■ ကောင်းမြတ်သူ-စုစည်းသည်

ချယ်လ်ဆီးနောက်တန်းလူ ပီအက်စ်ဂျီကသုံးနှစ်စာချုပ်

ချယ်လ်ဆီး နောက်တန်းကစားသမားဒေးဗစ်လူးဝစ်ဇ်သည် ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ စာချုပ်လိုက်ကြောင်း ပီအက်စ်ဂျီက ကြေညာသည်။ အသက် ၂၇ နှစ်ရှိ ဒေးဗစ်လူးဝစ်ဇ်သည် ကမ္ဘာ့ဖလားအပြီးတွင် ပြင်သစ်ချန် ပီယံ ပီအက်စ်ဂျီသို့ ငါးနှစ်စာချုပ်နှင့်အတူ သွားရောက်မည်ဖြစ်သည်။ ပြောင်း ရွှေ့ကြေးမကြေညာသော်လည်း ပေါင်သန်း ၄၀ နှင့်ခေါ်ယူဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ၎င်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက ဘင်ဖီကာအသင်းမှ ပေါင် ၂၁ ဒသမ ၃ သန်းဖြင့် ချယ်လ်ဆီးသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ချယ်လ်ဆီးအတွက် ပွဲပေါင်း ၁၄၃ ပွဲ ကစားပေးခဲ့သည်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်းနေ
ဦးစိုးမြင့်-ဒေါ်ငြိမ်းငြိမ်းယု တို့၏သားကြီး
ဗိုလ်ကြီးပြည့်စုံသူ
M.B.,B.S (DSMA)
နှင့်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်ရိပ်သာနေ
ဦးအောင်ကြီး-ဒေါ်နိုင်နိုင်လတ် တို့၏သမီးကြီး
မယမင်းအောင်ကြီး
B.Sc (Botany), Dip:in Pharmacy
Pyae Yamin Special Clinics & Pharmacy

တို့၏ ၁၄-၆-၂၀၁၄ရက်၌ Sedona Hotel(Grand Ballroom)တွင်ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးသော ဗိုလ်ချုပ်သရေစည်သူ မြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သဇင်ခိုင်အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြပါသော နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘုန်းဆွေနှင့် ဇနီးအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၏ဇနီး ဒေါ်ခင်မျိုးငွေ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော် တေးသီဆိုပေးသော အကယ်ဒမီများရှင် ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် ချီးမြှင့်ပေးသော တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မအင်ကြင်းတင်မောင်နီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခင်စန္ဒာမျိုး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မမြတ်သူသူအောင်၊ မင်္ဂလာသတို့သားအရံများဖြစ်သော ဗိုလ်ကြီးဥက္ကာထိုက်၊ ဗိုလ်ကြီးရဲမင်းအောင်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မဇွန်ပွင့်တင်မောင်နီ၊ မသက်ဆုမြင့်မောင်၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ Pre Wedding Photo ရိုက်ကူးပေးသော Konica Chaw Su နှင့်အဖွဲ့များအား လည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာဧည့်ခံပွဲဖိတ်ကြားလွှာ ရိုက်နှိပ်ပေးသော ဒဂုန်ပုံနှိပ်တိုက်၊ ပန်းအလှဆင်ပေးသော Eternal Floral Service နှင့် Sedona Hotel မှ မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၅-၁၂-၂၀၁၃ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနား၌ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော တေဇ(၁၀)မှ ကျောင်းဆင်းသူငယ်ချင်းအရာရှိများအားလုံးနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးပြည့်စုံသူ-မယမင်းအောင်ကြီး

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကျော်မြင့် + ဒေါ်တင်ဝင်း တို့၏သား
မောင်မင်းမင်းဦး
B.E (Electronics) (YTU)
နှင့်
နေပြည်တော်နေ ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) + ဒေါ်မသက်ထွန်း တို့၏ သမီး
မသက်နှင်းအေး
B.A (Policy Studies), Nanzan University, Japan

တို့၏ ၁၄-၆-၂၀၁၄ ရက်နေ့တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး နှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဇနီး [illegible] (Zu Zu Collection) [illegible] SKY NET အဖွဲ့ [illegible] Sedona Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများအားလည်းကောင်း ၁၂-၆-၂၀၁၄ ရက်နေ့တွင် IBC ၌ ကျင်းပသော [illegible]

[illegible]

ဌာနဆိုင်ရာကြေညာချက်နှင့်ကြော်ငြာ

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ ကချင်ပြည်နယ်ခရီးစဉ်အတွင်း မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအားထုတ်ပြန်ကြေညာခြင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

- **မြန်မာ့မီးရထားဝန်ကြီးဌာနမှ မြစ်ကြီးနား-မန္တလေးခရီးစဉ်အတွက် ပြေးဆွဲနေသော ရထားများသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကာလကတွဲများဖြစ်၍ အလွန်ဟောင်းနွမ်းပြီး ပျက်စီးယိုယွင်းနေသော လူစီးတွဲများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခေတ်မီသော လူစီးတွဲများဖြင့် အစားထိုးပြေးဆွဲပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမြန်ရထားများမှာအမှတ် ၃၇၊ ၃၈၊ ၃၃၊ ၃၄၊ ၅၅၊ ၅၆နှင့် ၅၇၊ ၅၈ တို့ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အမှတ်(၅၅၊ ၅၆) ရထားတွင် မြစ်ငယ်စက်ရုံမှ တည်ဆောက်သော တွဲဆိုင်းအသစ်ဖြင့် အစားထိုးလဲလှယ်ပြေးဆွဲပေးခဲ့ပါသည်။ ဆက်လက်၍ ကျန်ရထားတွဲဆိုင်းများကို လဲလှယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် တွဲသစ်တည်ဆောက်ရေးစက်ရုံ စတင်တည်ဆောက်လျက်ရှိပြီး ပြီးစီးပါက တစ်နှစ်လျှင် လူစီးတွဲ ၁၂၀ ထွက်ရှိမည်ဖြစ်၍ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းသို့ ဦးစားပေးလဲလှယ်ပြေးဆွဲပေးရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

- **ကချင်ပြည်နယ်သည် မြန်မာပြည်၏ မြောက်ဖျားဒေသတွင် တည်ရှိပြီး ကုန်စည်သယ်ယူပို့ဆောင်မှုတွင် မြန်မာ့မီးရထားကို အဓိကထားနေရပါသည်။ မိုးတွင်းကာလတွင် မီးရထားမကြာခဏ လမ်းချော်တိမ်းမှောက်မှုဖြစ်ခြင်းကြောင့် ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်လာပါသည်။ သို့ဖြစ်ပါ၍ မီးရထားလမ်းများကို ကောင်းမွန်အောင်ပြုပြင်သင့်ပါသည်။ မီးရထားဝန်ကြီးဌာနအနေဖြင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းအား နှစ်လမ်းသွား (ဒွေးလမ်း) သို့မဟုတ် လက်ရှိမီးရထားလမ်းအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အတွင်း ရထားလမ်းမတော်တဆမှု (၃၇) ကြိမ်ဖြစ်ပွားခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် (၁၃)ကြိမ်သာဖြစ်ပွားခဲ့သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက (၂၄) ကြိမ်လျော့နည်းခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း ယခုအချိန်အထိ နှစ်ကြိမ်သာဖြစ်ပွားခဲ့ပါသည်။ မတော်တဆမှုများ ထပ်မံလျော့နည်းစေရန်အတွက် ကချင်ပြည်နယ်အတွင်း ဘူတာကြား ၁၉ နေရာအနက် ၁၁ နေရာကို ကွန်ကရစ်ဇလီဖားအပြည့် လဲလှယ်ခြင်းဆောင်ရွက်ပြီးစီးပြီး ယခုဘဏ္ဍာရေးနှစ်တွင်လည်း ငါးနေရာဆောင်ရွက်မည်ဖြစ်သည်။ ကျန်သည့် သုံးနေရာအား ရှေ့နှစ်တွင် ဆက်လက်ဆောင်ရွက်သွားပါမည်။ ဘူတာယာဒ်ဝန်းပြုပြင်ခြင်း ၁၉ ဘူတာအနက် ကိုးဘူတာဆောင်ရွက်ပြီးစီးပြီး ယခုဘဏ္ဍာရေးနှစ်တွင် ခုနစ်ဘူတာဆောင်ရွက်လျက်ရှိ၍ ကျန်သုံးဘူတာကို ရှေ့နှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအပိုင်းကို ကောင်းသည်ထက်ကောင်းအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ဒွေးလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဘဏ္ဍာငွေချထားမှုအရ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

- **မြန်မာ့မီးရထားအနေဖြင့် အရှုံးပေါ်နေသည့်အတွက် ပုဂ္ဂလိကကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် မေးမြန်းချက်နှင့်ပတ်သက်၍** လက်ရှိ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၅)အဆန်၊(၆)အစုန်ရထားအား ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် နှစ်တိုင်း ငွေကျပ် ၄၅ ဘီလီယံခန့် မြန်မာ့မီးရထားသို့ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း လမ်းပိုင်းအလိုက်၊ ရထားအလိုက်အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

- **မိုးကောင်းဘူတာ ပလက်ဖောင်းဘက်ခြမ်း စကြိုနှင့်အညီ ဖြစ်စေရေး သမံတလင်းခင်းရန် မေးမြန်းချက်နှင့်ပတ်သက်၍** မိုးကောင်းဘူတာ ပလက်ဖောင်း မြစ်ကြီးနားဘက်ခြမ်း စကြိုနှင့်အညီ ဖြစ်စေရေး သမံတလင်းခင်းရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

- **မိုးကောင်းဘူတာ အများသုံးအိမ်သာ တည်ဆောက်ပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍**မိုးကောင်းဘူတာ အများသုံးအိမ်သာတည်ဆောက်ပေးရန်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် တင်ဒါခေါ်ယူတည်ဆောက်မည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

- **မိုးကောင်း-မြစ်ကြီးနားကြား လက်ရှိဖျက်သိမ်းထားသော ကားရထားအစား(RBE)ပြေးဆွဲပေးနိုင်ရေး မေးမြန်းချက်နှင့်ပတ်သက်၍** မိုးကောင်း-မြစ်ကြီးနားကြား လက်ရှိပြေးဆွဲနေသောရထားကြီးစီးရေမှာ လွန်စွာများပြားသဖြင့် ရထားပြေးဆွဲနိုင်မှု အခြေအနေ၊ ခရီးသည်လိုက်ပါစီးနင်းမှုအခြေအနေ (RBE)ရထားအနေဖြင့် မိုးကောင်း-မြစ်ကြီးနား လုံခြုံစိတ်ချစွာ ပြေးဆွဲနိုင်မှုအခြေအနေတို့ကို ကွင်းဆင်းစိစစ်၊ စစ်တမ်းကောက်ယူပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

- **(၅၅/၅၆)(၅၇/၅၈)ရထားများအနေဖြင့် လူစီးများပြားပြီး အချိန်မှန်ကန်သော်လည်း ကျန်(၃၇/၃၈)(၃၃/၃၄) (၄၁/၄၂)ရထားများအနေဖြင့် အချိန်မှန်ကန်မှုနည်းပါး၍ အချိန်မှန်ကန်ရေးအတွက် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနားလမ်းသည် ဧကလမ်းစနစ်ဖြစ်သည့်အတွက် အစုန်/အဆန်လူစီးရထားများအား ဦးစားပေးအဆင့်အတန်းအလိုက်ရထားများ စောင့်ဆိုင်းခြင်းများပြုလုပ်ရပါသည်။ ဦးစားပေးအဆင့်အတန်းမှန်ကန်မှုရှိစေရေးနှင့်ရထားများအချိန်မှန်ကန်မှု တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာနယ်မြေအလိုက် ကြီးကြပ်ရေးမှူး (ရထားရုံး)များမှ နေ့စဉ် ကြပ်မတ်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

- **တွဲများအရည်အသွေးညံ့၍ မြှင့်တင်ပေးရန် တွဲအသစ်များဖြင့် အစားထိုးပေးရန် အစီအစဉ်မေးမြန်းချက်နှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အမှတ်(၃၇/၃၈)(၃၃/၃၄)(၅၅/၅၆) နှင့် (၅၇/၅၈)အမြန်ရထားများရှိသည့်အနက် တွဲများကောင်းမွန်စေရန်အတွက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ အမှတ်(၅၅/ ၅၆) ရထားတွင် မြစ်ငယ်စက်ရုံမှ တည်ဆောက်သော တွဲဆိုင်းအသစ်ဖြင့် အစားထိုးပြေးဆွဲနေပြီး ကျန်တွဲဆိုင်းအသစ်များကိုလည်း ထပ်မံရရှိမည့်တွဲများနှင့် လဲလှယ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမည်။ မြန်မာ့မီးရထားနှင့် တရုတ်နိုင်ငံ(CMC) ကုမ္ပဏီတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် တွဲသစ်တည်ဆောက်ရေး၊ စက်ရုံနှင့် စက်ခေါင်းသစ်တည်ဆောက်ရေး စက်ရုံများတည်ဆောက်နိုင်ရန် ၇. ၇. ၂၀၁၃ နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး စက်ရုံတည်ဆောက်မှုစတင်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတွဲတည်ဆောက်ရေးအပြင် မြန်မာ့မီးရထားအတွက် ကိုရီးယားချေးငွေ (E.D.C.F. Loan) ဖြင့် လူစီးတွဲ ၁၀၀ တွဲဝယ်ယူရရှိရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရထားတွဲများပြုပြင်ထိန်းသိမ်းခြင်းကို တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် အတတ်နိုင်ဆုံးပြုပြင်ဆောင်ရွက်ပေးနေပါကြောင်း၊

(ဆက်လက်ဖော်ပြပါမည်)

သစ်ပင်စိုက်ပျိုးပွဲနှင့် ပန်းချီ၊ ကာတွန်းပိုစတာပြိုင်ပွဲများ ကျင်းပ

ကျိုင်းတုံ ဇွန် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီတွင် ကျိုင်းတုံမြို့အမှတ်(၁၁) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း ကျွန်းစိုက်ခင်း၌ကျင်းပရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာတိုင်းမှူး ဦးဆောင်၍ ရတနာတန်းဝင် ကျွန်းပင်အား စိုက်ပျိုးပေးပြီး တပ်ရင်းတပ်ဖွဲ့စစ်သည်များ၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ စုစုပေါင်း ၅၀၀ ကျော်တို့၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ကျွန်းပင်ပေါင်း ၂၁၆၀ စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်တွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲကို အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ အလွတ်တန်းခွဲခြားကာ စုစုပေါင်း ၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **မောင်မောင်နိုင်(iprd)**

မှုခင်းသတင်း

ဖုန်းအားသွင်းထားရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၁၄

တောင်ဥက္ကလာပမြို့နယ်အတွင်း ဇွန် ၁၀ ရက် ညဦးပိုင်းက ဖုန်းအားသွင်းထားရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် ဘရဏီ(၂)လမ်းနေ ဦးမြအေး၏ နေအိမ်နောက်ဖေးအပေါ်ထပ်ရှိ လျှပ်စစ်မီးပလပ်ခုံ၌ ဖုန်းအားသွင်းထားရာမှ ပလပ်ခုံအပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် မီးသတ်ယာဉ်များရောက်ရှိ ငြိမ်းသတ်ခဲ့ကြသဖြင့် ၁၀ မိနစ်အကြာတွင်မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် အနီးရှိ မွေ့ရာ၊ အသုံးအဆောင်ပစ္စည်းများနှင့် နေအိမ်ကြမ်းခင်းအနည်းငယ် မီးလောင်ကျွမ်းခဲ့ကြောင်း သိရပြီး ယင်းကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ဦးမြအေးကို တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၉၅၂၀ Toyota Hilux LN106, P/U(4x4)R Double Cub ယာဉ်လက်ဝယ်ရှိသူ ဦးရယ်ဒမ်းတန် ၁/မကန(နိုင်)၀၃၆၈၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၂၁၆၈ Honda CRV RD 4 ,S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြကြည် ၁၃/လရန(နိုင်)၀၆၂၀၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၁၉၀၉ Honda C 90 Custom CMP ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှသိန်း ၉/မနတ(နိုင်)၀၇၈၅၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၊ တောင်ရပ်ကွက်၊ ၂၂ လမ်း၊ အိမ်အမှတ် ၂၃၉ နေ (ဦးသက်လွင်)-ဒေါ်စောရွှေတို့၏သမီး မသီသီထွန်း (ခ) မသင်းသင်းဦး ၅/မမန(နိုင်)၀၆၂၂၃၇သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်- ဒေါ်စောရွှေ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၀၃၆၇၊ New Anbo ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်လှိုင်အောင် ၉/အမဇ(နိုင်)၀၁၅၉၇၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၆၉၇၀၊ Shwe Myanmar, P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်(ခ)ဟာမြစ် ၉/မရမ(နိုင်) ၀၂၅၂၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၇၂၆၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F-2123၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၄၄၅၂၊ Toyota Landcruiser S/W (4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လွင် ၅/ကလန(နိုင်)၀၀၀၁၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဖွံ့ဖြိုးအောင်အိမ်ရာစီမံကိန်းအပိုင်း(၂)၊ ခြံအမှတ် ၉၀ရှိ အကျယ်ပေ(၄၀×၆၀)မြေကွက်အား ဦးဇော်မင်းထွန်း ၁၄/လမန(နိုင်)၀၀၁၆၄၇မှ ဖွံ့ဖြိုးအောင်ကုမ္ပဏီထံငွေသွင်း၍ စာချုပ်စာတမ်းဖြင့် တရားဝင်ပိုင်ဆိုင်သူ၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ဦးခင်မောင်ကြည်မှ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်ကြည် ၁၂/ဥကမ(နိုင်)၀၆၅၉၃၈
ဖုန်း-၀၉-၂၅၀၁၅၅၁၆၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၉၊ မြေကွက်အမှတ် ၄၀၃၊ အကျယ်အဝန်းပေ (၄၀×၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ၄၀၃၊ ပြည်ထောင်စုလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဌေးဌေး ၁၄/လပတ(နိုင်)၀၆၇၉၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)	**ဒေါ်ဝင်းသဇင်ဦး(စဉ်-၃၁၀၀၃)**	**ဒေါ်ညိုမာ(စဉ်-၃၅၇၇၆)**
LL.B., LL.M	**LL.B, D.B.L,C.B.M**	**LL.B**
Diploma in Business Law	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
တရားလွှတ်တော်ရှေ့နေ		

အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဖျာပုံမြို့နယ် ဂျိုဝါ-ကြံခင်း ချောင်းကူးတံတား တည်ဆောက်မည် ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိ

ဖျာပုံ ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဂျိုဝါ-ကြံခင်းကျေးရွာရှိ ဂျိုဝါ-ကြံခင်းချောင်းကူးတံတားကို မကြာမီ လပိုင်းအတွင်း အရှည်ပေ ၂၀၀၊ အကျယ်ခြောက်ပေ ကွန်ကရစ်တံတား တည်ဆောက်တော့မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

ဂျိုဝါ-ကြံခင်းချောင်းသည် ဖျာပုံမြို့နှင့် ရှစ်မိုင်ခန့်အကွာ မြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး အလန်းအုတ်၊ ကံ့ကျိုက်၊ မင်းလှ၊ ဂုံညင်းတန်း၊ ကံ့ကျိုက်-ချောင်းတွင်း၊ ကမ်းရိုးတန်း၊ မရဲ့ပျားမွတ်၊ ငှက်တော်၊ ခနောင်ရှမ်းကွင်း၊ အစီးကလေးစသည့် ကျေးရွာများရှိ ပြည်သူပေါင်း ၃၀၀၀၀ ကျော်သည့်ဖျာပုံ-ကျိုက်လတ်-ရန်ကုန် ကားလမ်းပေါ်သို့ သွားလိုလျှင် ကျေးရွာချင်းဆက်လမ်းများမှတစ်ဆင့် ဂျိုဝါ-ကြံခင်းချောင်းကို မဖြစ်မနေ ဖြတ်သန်းသွားလာကြရသည်။ ထိုသို့ သွားလာကြရာတွင် ဂျိုဝါ-ကြံခင်း တံတားတစ်စင်းသာ တည်ဆောက်ရန် ကျန်ရှိနေသဖြင့် ခရီးသွားပြည်သူများသည် အဆိုပါချောင်းသို့ရောက်လျှင် မိမိတို့တွင်ပါလာသော စက်ဘီး၊ ဆိုင်ကယ်များကို လှေဖြင့်တင်ဆောင်ကာ အန္တရာယ်ရှိစွာဖြင့် ဖြတ်ကူးနေကြရသည်။**(အပေါ်ယာပုံ)**

"ကျွန်တော်တို့ ဒေသအတွက် မျှော်လင့်နေခဲ့တာတော့ ကြာပါပြီ၊ အခုတော့ ဒေသခံပြည်သူတွေရဲ့ တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်က ဒီတံတား တည်ဆောက်နိုင်ရေး အတွက် သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြခဲ့ရာမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေမှ ငွေကျပ်သိန်း ၆၀၀ လက်ဝယ်ရရှိခဲ့ပါပြီ၊ အခု ဒီတံတားကို တည်ဆောက်ရေးကော်မတီဖွဲ့ပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်က ပြောပြသည်။

" ဒီတံတားတည်ဆောက်ပြီးသွားရင် ကျွန်တော်တို့ရွာနဲ့ တစ်ဆက်တည်းတည်ရှိသည့် ဒေသခံပြည်သူတွေရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အထူးသဖြင့် ကျန်းမာရေးကိစ္စတွေကို လွယ်လင့်တကူအန္တရာယ်ကင်းကင်းနဲ့ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ကြတော့မှာဖြစ်လို့ တကယ်ကို ဝမ်းသာပျော်ရွှင်နေကြပါတယ် "ဟု ဒေသခံဦးညွန့်ဝင်းက အားရဝမ်းသာပြောပြခဲ့သည်။

ယခုအခါ ဂျိုဝါ-ကြံခင်းချောင်းနှင့် ဆက်သွယ်သွားလာနိုင်သည့် ကျေးရွာများသည် မိမိတို့ရွာရှိ ချောင်းကူးတံတားငယ်များကို တည်ဆောက်ထားပြီးဖြစ်သည့်အပြင် အဆိုပါ တံတားတည်ဆောက်ပြီးစီးမည့်အချိန်ကို ကြိုတင်မျှော်လင့်ပြင်ဆင်ကာ ကျေးရွာချင်းဆက်လမ်းများကိုလည်း စက်ဘီး၊ ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်အောင် အလှူရှင်များ၏ အကူအညီဖြင့် ခင်းကျင်းလျက်ရှိပေသည်။

ယခုကဲ့သို့ ဒေသခံပြည်သူများ အထူးတောင့်တမျှော်လင့်နေသော ပေ ၂၀၀ ကျော်ရှည်သည့် ဂျိုဝါ-ကြံခင်းချောင်းကူးတံတား တည်ဆောက်ပြီးစီးပါက ပြည်သူများ အချိန်ကုန်သက်သာ၊ အန္တရာယ်ကင်းရှင်းစွာဖြင့် ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ရာ သေခံပြည်သူများက တံတားအမြန်ဆုံးတည်ဆောက်ပြီးစီးနိုင်ရေး ဝမ်းမြောက်စွာဖြင့် မျှော်လင့်နေပါကြောင်း ရေးသားလိုက်ရပေသည်။ **သူဇာနွယ်(ဖျာပုံ)**

ကျောင်းဖွင့်ရာသီ စက်ဘီး၊ ဆိုင်ကယ်အရောင်းဆိုင်များ ဝယ်ယူသူများဖြင့် စည်ကားနေ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ကျောင်းများဖွင့်လှစ်သည့် ရာသီကာလရောက်ရှိလာခြင်းကြောင့် မြို့ထဲတွင် စက်ဘီး၊ ဆိုင်ကယ် အရောင်းဆိုင်များတွင် ကျောင်းတက်ရန်အတွက် ကျောင်းသားကျောင်းသူများက ဆိုင်ကယ် ၁၁၀ အမျိုးအစား၊ ၁၂၅ အမျိုးအစားနှင့် မိန်းမစီးကလစ်ဆိုင်ကယ် အမျိုးအစားများ ဝယ်ကြသည်။ တချို့ ကျောင်းသား ကျောင်းသူ အငယ်တန်းကလေးများက စက်ဘီး ဝယ်ယူကြသူများဖြင့် စည်ကားစွာတွေ့ရသည်။ **(ဝဇိ)**

လုံးချောင်းကူးတံတားတည်ဆောက်ပြီးစီး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းနိုင်ထွန်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် Famous Traid.Co.,Ltd. မှ တာဝန်ယူဆောင်ရွက်သော ဂုံမင်းကွင်းအုပ်စု တောင်ကြို့ကုန်းလမ်းပေါ်ရှိ နဘန်းလုံးချောင်းကူးသစ်သားတံတားဆောက်လုပ်ပြီးစီးမှုကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါချောင်းကူးတံတားမှာ အမြင့် ၁၂ ပေ၊ အကျယ် ၁၄ ပေ၊ အရှည် ၃၈ ပေရှိပြီး အဓိကကုန်ထုတ်လမ်းဖြစ်ကြောင်း သိရသည်။ **(ဝ၉၈)**

သတင်းတိုများ

မိုးရွာသွန်း၍ သောက်သုံးရေရရှိ

မြိုင်အညာမြေဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် တစ်မြို့နယ်လုံးတွင် ဇွန် ၁၀ ရက် ညနေ ၄နာရီက မိုးရေချိန်လက်မ ၀ ဒသမ ၈၀ ရွာသွန်းသဖြင့် လူများ သုံးရေနှင့် တိရစ္ဆာန်များ သောက်ရေရရှိခဲ့ရာ ရေရှားပါးခြင်းမှ ရေပေါများလာ၍ ပြည်သူများ ဝမ်းသာနေကြကြောင်း သိရသည်။ **(၁၃၅)**

မိုးရာသီ စိုက်ပျိုးစရိတ်ထုတ်ချေး

နိုင်ငံတော်အစိုးရသည် မိုးရာသီ သီးနှံများစိုက်ပျိုးရန်အတွက် တောင်သူလယ်သမားများအား ချေးငွေများထုတ်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်မှ ဆူးပုတ်ကုန်းကျေးရွာရှိ တောင်သူလယ်သမား ၄၇ ဦးတို့ကို စပါးစိုက်ဧကများအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စိုက်ဧက ၁၁၅ ဧကအတွက် ချေးငွေကျပ် ၁၁၅ သိန်းကို ဇွန် ၁၁ ရက်နံနက် ၁၁ နာရီက အဆိုပါရုံး၌ ထုတ်ချေးပေးကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

အခမဲ့ ကွန်ပျူတာသင်တန်းဆင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ သဖန်းကိုင်းပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း သဖန်းကိုင်းပရဟိတ အခမဲ့ကွန်ပျူတာသင်တန်းဆင်းပွဲကို ဇွန် ၅ ရက် မွန်းတည့် ၁၂ နာရီက သဖန်းကိုင်းပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာလင်္ကာရက သင်တန်းသား သင်တန်းသူများကို ဩဝါဒချီးမြှင့်ပြီး တစ်ဦးချင်းစီအလိုက် သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။ **(ဝဇိ)**

မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေး

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မြို့နယ်တွင်းရပ်ကွက် ကျေးရွာအုပ်စုများကို တောင်သူများ မိုးသီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်သွားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၅ ရက်မှစ၍ မြို့နယ်ဘဏ်ခွဲရုံးတွင် ထုတ်ချေးပေးသည်။

ယခင် ၂၀၁၃ ခုနှစ်က ရမည်းသင်းမြို့နယ်တွင် မိုးရာသီဘဏ်ချေးငွေများကို ကျေးရွာ ၆၅ အုပ်စုမှ တောင်သူပေါင်း ၂၂၁၅၅ ဦးအား ချေးငွေကျပ်သိန်းပေါင်း ၆၀၀၀၀ ထုတ်ချေးပေးထားသည်။ **ညွန့်ရွှေ(ရမည်းသင်း)**

ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့စည်းဝေး

ဖျာပုံခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက် မွန်းတည့် ၁၂နာရီက ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဘာသာကြီးလေးခုမှ ဘာသာရေးခေါင်းဆောင်များက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဆောင်ရွက်ထားရှိမှုများ တင်ပြကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၂၈၇၊ မြေကွက်တည်နေရာအမှတ် ၂၈၇၊ (၃၆)ရပ်ကွက်၊ ဒဂုံမြောက် ဦးမျိုးမြင့် ISN-၂၀၂၃၆၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းရီ ၁၂/ဥကတ(နိုင်)၀၅၀၇၅၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေမှ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်(ရွှေသောင်ယံမြို့နယ်ခွဲ)၊ ရပ်ကွက်/ကျေးရွာအုပ်စု ချောင်းသာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၉၉၀ ပြင် ချောင်းသာ(ပြင်)အတွင်းရှိ [ဦးပိုင်အမှတ် (၁၄/၅+၁၄/၆+၁၅/၁+၁၅/၂+၁၆/၂(က)+၈၀+၈၃/၄+၈၄/၁+၈၄/၂+ ၈၅/၁+၈၆/၁+ ၉၉/၁+၉၉/၂+၁၀၂/၁+၁၀၂/၂+၁၀၂/၄+၁၀၅/၁] စုစုပေါင်းဧရိယာ ၁၃ ဒသမ ၃၂ဧကရှိ လ/န ၃၉ရပြီး ဟိုတယ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသည့်မြေကွက်များအား (၂၀၀၀) ခုနှစ်က သိမ်းဆည်းခံခဲ့ရ၍ နစ်နာဆုံးရှုံးရသည်ဆို၍ တောင်းဆိုခဲ့ကြသော မူလမြေခွန်တွင် အမည်ပေါက်သူများဖြစ်ကြသည့် (၁) ဦးစိန်ပန်း(ခ)ဦးစိန်ဘန်း(ခ)ဦးစိန်သန်း၊ (၂) ဦးစံသိန်း၊ (၃) ဦးသာစိန်၊ (၄) ဦးချစ်ထွေးတို့နှင့် မြေခွန်အမည်ပေါက်သူ ဦးဆိတ်ဖား၏သားသမီးများဖြစ်ကြသည့် (၁) ဒေါ်ဆိတ်ငယ်၊ (၂) ဒေါ်လှရီနှင့် ဦးတင်ရွှေ၏ သားသမီးများဖြစ်ကြသည့် (၁) ဦးခင်ဝင်း၊ (၂) ဦးတင်ဝင်း၊ (၃)ဦးမြင့်ဝေတို့အား နှစ်ဖက်သဘောတူသည့် နစ်နာကြေးငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်များပေါ်တွင် ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းတို့နှင့် နစ်နာကြေးငွေပေးအပ်ခြင်းကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဖော်ပြပါကိစ္စရပ်များအားလုံးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)
တရားလွှတ်တော်ရှေ့နေ
တိုက် (၃၂)၊ အခန်း (၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉

အမည်ပြောင်း

အထက(၅)၊ မ/ဥက္ကလာ၊ သတ္တမတန်း(A)မှ ဦးကျော်ကျော်သိန်း၏ သမီး မပြည့်ဖြိုးဦးအား ယနေ့မှစ၍ မပြည့်ဖြိုးခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/၃၂၁၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အမည်ပြောင်း

ဦးဇော်မင်းသန်း၏သမီး၊ မြောင်းမြမြို့၊ အထက(၂)ရေတွင်းရေကန် တက္ကသိုလ်ဝင်တန်းမှ မကြူလင်းခိုင်အား မမြတ်အိန္ဒြာမိုးဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့၊ အထက၊ အဋ္ဌမတန်း(C)မှ မောင်သိန်းဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးစက်လောက် ဖြစ်ပါကြောင်း။

ဦးစက်လောက် ၅/ဗမန(နိုင်)၀၃၄၅၃၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/7088 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အများသိစေရန်ကြေညာအပ်ပါသည်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်၊ စီလမ်း၊ ကွင်းအမှတ် ၁၀(က) ကန်ကြီး၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၂၂၀၊ ဧရိယာ ၀ ဒသမ ၀၅၇ဧကရှိ မြေငှားဂရန် မြေကွက်နှင့်အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်ဆောင်ကို ဒေါ်တားမှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ယခုအခါ အဆိုပါနေအိမ်နှင့် မြေကွက်တို့အား ဒေါ်တား၏မြေးများဖြစ်သော ဦးကျော်ရွှေ၊ ဒေါ်မြင့်အုန်း၊ ဒေါ်ကျင်ရီ၊ ဦးရွှေတင်၊ ဦးတင်ရွှေ၊ ဦးစိုးသိန်းတို့ခြောက်ဦးအမည်သို့ မြေငှားဂရန်အမည်ပြောင်းလဲလျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ၁၀-၆-၂၀၁၄ ရက် ယခုကြော်ငြာသည့်ရက်မှ ၂၄-၆-၂၀၁၄ ရက်အထိ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ရွှေ ပါ-၆ ဦး၊ စီလမ်း၊ ကန်ကြီးရပ်၊ မြိတ်မြို့

အမည်ပြောင်း

ဦးဇော်သန်းနိုင်၏သား၊ ပုဏ္ဏားကျွန်းအထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်ပိုင်ဖြိုးဇော်အား မောင်ဇော်ဟိန်းလင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇော်ဟိန်းလင်း

အမည်ပြောင်း

ဦးမြင့်သောင်း၏သား မောင်ကိုကိုဦး ၁၄/ဘကလ (နိုင်) ၂၃၈၆၃၈ အား မောင်သက်နောင်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ သာယာကုန်းရွာမှ ဦးတင်ဦး၏သမီး မမြစန္ဒာ၏ အမည်မှန်မှာ မမြစန္ဒာဦးဖြစ်ပြီး ၎င်း၏ မိခင်အမည်မှန်မှာ ဒေါ်အုန်းမြင့်ဖြစ်ပါကြောင်း။

မမြစန္ဒာဦး ၈/သရန(နိုင်)၀၈၆၉၆၁

ဖခင်အမည်မှန်

မှော်ဘီမြို့၊ အထက၊ တပ်ကြီးကုန်း၊ နဝမတန်း(E)မှ မလှဒီအောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်း ၉/မရတ(နိုင်)၀၈၆၄၆၀ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉-စီ၊ မြေကွက်အမှတ် ၁၃/ည$^{\text{၃-E}}$+၁၃/ည$^{\text{၄-A}}$၊ ဧရိယာ ၀ ဒသမ ၃၈၅ ဧကရှိ B/မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိနှင်းပွင့် ၁၂/ကမရ(နိုင်)၀၅၀၈၃၈၊ ဦးသူရိန်အောင် ၁၂/ကမရ(နိုင်)၀၅၀၈၃၉ နှင့် ဒေါ်အိနှင်းခိုင် ၁၂/ကမရ(နိုင်)၀၅၀၈၄၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်း အထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း
B.A,H.G.P, R.L, D.B.L, D.I.L, D.M.L
M.P.A,M.A(BL),PGDIT(New Delhi),D.Jap.(UFL)
အထက်တန်းရှေ့နေ
အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

ဆေးသိပ္ပံပညာမှတွေ့ရှိသော ဆင်တုံးမနွယ်

ဆရာဦးကိုကို(ရိုးရာဆေးပညာ)

[redacted]

၁၉၇၀ပြည့်နှစ် အစောပိုင်းကာလတွေကစပြီး အနောက်တိုင်း ဆေးပညာနယ်ပယ်မှာ စတီးရွိုက်မပါတဲ့ အကိုက်အခဲပျောက်ဆေးတွေ အသုံးများ တွင်ကျယ်လာတာနဲ့ တစ်ပြိုင်နက် လူတွေရဲ့အစာအိမ်ကိုပါ ဥပဒ်ပေးလာတယ်ဆိုတာကိုပါ ဆေးပညာရှင်တွေ သတိပြုလာမိခဲ့ကြတယ်။

တစ်ချိန်တည်းမှာပဲ ရိုးရာဆေးပညာမှာရှိတဲ့ အကိုက်အခဲနဲ့အရောင်ကျစေတဲ့ ဆေးပင်တွေကိုလည်း သိပ္ပံပညာရှင်တွေက စိတ်ဝင်စားလာခဲ့ကြတယ်၊ ဒီလိုနဲ့ သူတို့ဟာ ဆေးဘက်ဝင်တဲ့အပင်တွေကို ရှာဖွေရင်းနဲ့ ဆင်တုံးမနွယ်အပင်ကို ရှာဖွေတွေ့ရှိခဲ့ကြတယ်။ လက်တင်ဘာသာစကားအရ ဆင်တုံးမနွယ်ကို tino-spora cordifolia လို့ ခေါ်ပါတယ်။ အိန္ဒိယနိုင်ငံကတော့ guduchi လို့ ခေါ်ပြီး အင်္ဂလိပ်လိုကတော့ heartleaf moonseed လို့ ခေါ်တယ်။

နိုင်ငံတကာမှဆေးသိပ္ပံပညာရှင်တွေဟာ ဆင်တုံးမနွယ်မှာပါဝင်တဲ့ syringing and cordial ဒြပ်ပေါင်းတွေက ရောင်ရမ်းတာကို ဖြစ်ပေါ်စေတဲ့ Enzyme တွေကို ဟန့်တားနိုင်စွမ်းရှိတာကို သိခဲ့ကြတယ်၊ အဆစ်အမျက်ရောင် ရောဂါအမျိုးမျိုးကို သက်သာစေတယ်၊ အထူးသဖြင့် rheumatoid arthritis ရောဂါတွေမှာဖြစ်ပေါ်လေ့ရှိတဲ့ morning stiffness ကို လျော့ကျစေတယ်၊ ဒါတွင်မကပါဘူး။ အာသီးရောင်တာ၊ အစာအိမ်ရောင်တာ၊ အသည်းရောင်တာ၊ ဆီးအိမ်ရောင်တာတို့ကို လျော့နည်းသက်သာစေနိုင်တာကို လေ့လာမိခဲ့ကြတယ်။

ဆင်တုံးမနွယ်မှာပါဝင်တဲ့ anti-oxidant တွေက အခြားအရေးပါတဲ့ antioxidant နှစ်မျိုးဖြစ်တဲ့ glutathione နဲ့ vatimin-C တို့ကို များပြားအောင် အကူအညီပေးတယ်၊ အသက်ကြီးတဲ့သူတွေ Antioxidant ကိုသုံးရင် အသက်ရှည်နုပျိုစေတယ်၊ ဒါကြောင့်လည်း အသက်ကြီးရင် ဆင်စီးပါလို့ မြန်မာတွေ ဆိုရိုးစကားရှိခဲ့တယ်၊ ဆင်စီးပါဆိုတာက အသက်ကြီးလာရင် ဆင်တုံးမနွယ်ကို မှီဝဲပါလို့ ဆိုလိုတာဖြစ်တယ်။

ဆေးပညာ လက်တွေ့နယ်ပယ်မှာတော့ ဆင်တုံးမနွယ်ရဲ့ပင်စည်ဟာ အသည်းရောင် အသားဝါရောဂါအတွက် အလွန်အသုံးဝင်တာ တွေ့ရတယ်၊ အသည်းရောင်ခြင်းကို လျော့ကျစေသလို အသားဝါတာကိုလည်း မြန်မြန်သက်သာစေတာတွေ့ရတယ်၊ ဆင်တုံးမနွယ်ဟာ ခုခံအားစနစ်ရဲ့ အဓိကဖြစ်တဲ့ သွေးဖြူဥတွေပုံမှန်ထုတ်လုပ်ခြင်းကို အားပေးတာကို တွေ့ရတယ်၊ ရိုးရာဆေးပညာရှင်တွေနဲ့ (Indian ayuvedic medicine) ဆေးပညာရှင်တွေက ဆင်တုံးမနွယ်ကို ဆီးချိုရောဂါမှာ ကျယ်ကျယ်ပြန့်ပြန့်သုံးတာ တွေ့ရတယ်၊ ဆီးချိုရောဂါ သိပ်မရင့်သေးတဲ့သူတွေနဲ့ အစောပိုင်းကာလ ဆီးချိုဝေဒနာရှင်တွေအတွက် အသုံးပြုနိုင်ပါတယ်၊ သွေးတွင်း သကြားဓာတ်ကိုထိန်းနိုင်တဲ့ သတ္တိရှိလို့ ဆီးချိုဝေဒနာရှင်တွေအတွက် သတင်းကောင်းတစ်ခုပါ။

ဆင်တုံးမနွယ်ပင်စည် ၁ ဒသမ ၅ ဂရမ်ကို လူကြီးတစ်ယောက်အတွက် တစ်နေ့ကို သုံးကြိမ်ကနေ လေးကြိမ်အထိ သောက်နိုင်တယ်၊ ဒါပေမယ့်အရက်နဲ့တော့ တွဲမသောက်ရပါကြောင်း တင်ပြအပ်ပါတယ်။ ။

ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အနေဖြင့် အဖွဲ့ဝင်မြို့နယ်သတင်းထောက်များ၏ ကျန်းမာရေး၊ နာရေးကိစ္စရပ်များတွင် အစဉ်ထောက်ပံ့အကူအညီပေးလျက်ရှိရာ ဆေးရုံတက်ကုသမှုခံယူခဲ့ရသော လှိုင်သာယာမြို့နယ် သတင်းထောက် ဦးတင့်လွင်ကို အဖွဲ့နာယကဦးမျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌဦးသန်းမောင်(ရန်ကင်း)နှင့် အဖွဲ့ဝင်များက ဇွန် ၉ ရက်တွင် အိမ်တိုင်ရာရောက် သွားရောက်ကာ အားပေးစကားများပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အီတလီနိုင်ငံရုပ်သံလိုင်း မိတ္ထီလာဝမ်းတော်ပြည့်ကျောင်းတိုက်တွင် လာရောက်ရိုက်ကူး

မိတ္ထီလာ ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျီတော်ကုန်းရပ်ကွက်နယ်မြေ ဝမ်းတော်ပြည့် (ပရိယတ္တိ၊ ပဋိပတ္တိ)ကျောင်းတိုက် ပရိဝုဏ်အတွင်း ဝမ်းတော်ပြည့်စေတီရင်ပြင်တော်၌ ဇွန် ၁၁ ရက် ညနေ ၅ နာရီက အီတလီနိုင်ငံ ရုပ်သံလိုင်းတစ်ခုအတွက် နိုင်ငံခြားသားရုပ်ရှင်မှတ်တမ်းရိုက်ကူးသူများအဖွဲ့က ခရီးသွားမှတ်တမ်း လာရောက်ရိုက်ကူးကြောင်း သိရသည်။

"ဒီအစီအစဉ်က အီတလီနိုင်ငံကနေ လာရောက်ရိုက်ကူးတာဖြစ်ပါတယ်။ ရိုက်ကူးတဲ့အစီအစဉ်က ခရီးသွားဂိမ်းပုံစံမျိုး ဖြစ်ပါတယ်။ နှစ်ယောက်တွဲ အဖွဲ့ရှစ်ဖွဲ့ စုစုပေါင်း ခရီးသွားဂိမ်းမှာ ပါဝင်တဲ့ ပြိုင်ပွဲဝင်သူ ၁၆ ဦးက ကိုယ့်အဖွဲ့နဲ့ကိုယ် မြို့တစ်မြို့ကနေ တခြားတစ်မြို့ကို သတ်မှတ်ထားတဲ့ ခရီးစဉ်အတိုင်း ခရီးသည်တင်မော်တော်ယာဉ်ကို လမ်းကနေတားစီးပြီး ခရီးသွားရတယ်။ သတ်မှတ်ထားတဲ့ ပန်းဝင်နေရာ ပထမဆုံးရောက်တဲ့အဖွဲ့က အနိုင်ရတာပေါ့။ အဲဒါမျိုးအစီအစဉ်ကို ရိုက်ကူးပြီး အီတလီနိုင်ငံရုပ်သံလိုင်းတစ်ခုကနေ ထုတ်လွှင့်ပြသသွားမှာပါ။ ထုတ်လွှင့်ဖို့တော့ လေးလလောက်ကြာဦးမယ်။ ဘယ်ရုပ်သံလိုင်းက ထုတ်လွှင့်မယ်လို့တော့ အခုထိ မသိရသေးပါဘူး။ အခုခရီးစဉ်က မန္တလေးက မိတ္ထီလာ ခရီးစဉ်ဖြစ်ပါတယ်။ ဒါကြောင့် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်စေတီရင်ပြင်တော်မှာ ခရီးပြီးဆုံးတဲ့ အထိမ်းအမှတ်မှတ်တမ်း ဆက်လက်ရိုက်ကူးတာဖြစ်ပါတယ်"ဟု အဆိုပါ မှတ်တမ်းရုပ်သံရိုက်ကူးသည့်အဖွဲ့တွင် ပါဝင်သူ ပြည်တွင်းခရီးသွားလမ်းညွှန်တစ်ဦးက ပြောသည်။

အဆိုပါ အီတလီနိုင်ငံသားများ ပါဝင်သည့် ခရီးသွားရုပ်သံမှတ်တမ်းရိုက်ကူးရေးအဖွဲ့သားများ၏ အစီအစဉ်အမည်မှာ Penchino Express ဖြစ်ပြီး မြန်မာနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ သွားရောက်ရိုက်ကူးကာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ရုပ်သံမှတ်တမ်းရိုက်ကူးမှုကို အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သတင်းတိုများ

ကျေးလက်ရေရရှိရေး ရေပိုက်လိုင်းသွယ်တန်းရန် တူးဖော်

မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာ၌ စစ်ရှောင်ဒုက္ခသည်အိမ်ထောင်စု ၁၀၈ စု လူဦးရေ ၄၈၈ ဦးတို့ကို နေရာချထားပေးခဲ့ပြီး အဆိုပါ အိမ်ထောင်စုများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် သရက်ချောင်းမှ စိမ့်စမ်းရေသွယ်ရေပေးရေးလုပ်ငန်း အကောင်အထည်ဖော်မည်ဖြစ်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းခိုင်၏ ကြီးကြပ်မှုဖြင့် လေးလက်မရေပိုက်လိုင်းအရှည် နှစ်မိုင်ခန့်သွယ်တန်းမည့် မြေနေရာများစနစ်တကျ တူးဖော်လျက်ရှိကြောင်း သိရသည်။ (၀၆၂)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် ကျေးလက်အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိ/မရှိကို မေ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူး ဦးထွန်းခင်တို့အပါအဝင် မြို့နယ်အထောက်အကူပြုကော်မတီ၊မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် ဆွေးနွေးညှိနှိုင်း၍ အတည်ပြုခဲ့ကြပြီး လမ်းအတွက်ငွေကျပ် ၅၅၂ ဒသမ ၉၂၂ သန်း၊ တံတားအတွက် ငွေကျပ် ၃၁ ဒသမ ၂၅၀ သန်း၊ မီးလင်းရေးအတွက် ငွေကျပ် ၂၄၁ ဒသမ ၀ သန်း၊ ကျေးလက်အိမ်ရာအတွက် ငွေကျပ် ၃၀ ဒသမ ၀ သန်း၊ ရေပေးရေးအတွက် ငွေကျပ် ၂၄၄ ဒသမ ၀ သန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၅၇)

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ လားရှိုးနှင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၁၉-၆-၂၀၁၄ ရက် (ကြာသပတေးနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၀၉:၃၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့။

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၂-၂၃၇၁၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၃၀၊ မြေကွက်အမှတ် ၁၀၂၆၊ အကျယ်အဝန်းပေ (၄၀×၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေ၏ ခြေရင်းဘက်ခြမ်းအကျယ်ပေ (၂၀×၆၀)၊ မြေအမျိုးအစား ပါမစ်မြေပေါ်ရှိ အမှတ် ၁၀၂၆၊ (၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးအောင်လှဇံ RTG-၀၇၄၅၂၈ အမည်ဖြင့် ချထားပေးလျက်ရှိပြီး ၄င်းထံမှအရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်ဆက်အရ ဦးထွန်းလှဖြူ ၁၁/ဆသန(နိုင်)၀၄၀၂၄၁မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
စက်သုံးဆီအရောင်းဆိုင်၊သိုလှောင်ကန်စခန်းအသစ်များတည်ဆောက်ဖွင့်လှစ်ရန်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၊ စက်သုံးဆီသိုလှောင်ကန်စခန်းအသစ်များတည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများအနေဖြင့် အောက်ပါအချက်အလက်များ၊ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားနိုင်ပါသည်-

(က) လျှောက်ထားသူ၏အမည်/မှတ်ပုံတင်အမှတ်
(ခ) ကုမ္ပဏီ အမည်/မှတ်ပုံတင်အမှတ်
(ဂ) ဆက်သွယ်ရန်လိပ်စာ
(ဃ) ဖုန်းနံပါတ်၊ email၊ Fax
(င) တည်နေရာနှင့်အကျယ်အဝန်း
(စ) လျှောက်ထားလိုသည့်လိုင်စင်အမျိုးအစား(အရောင်းဆိုင်/သိုလှောင်ကန်စခန်း)
(ဆ) သိုလှောင်ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီအမျိုးအစားနှင့် သိုလှောင်ကန်များ၏ ဝင်ဆံ့ဂါလန်ပမာဏ
(ဇ) ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ
  (၁) အရောင်းဆိုင်/သိုလှောင်ကန်စခန်း၏ အကွက်ချပုံစံ (Lay out Plan)
  (၂) တည်ဆောက်မည့်အရောင်းဆိုင်/သိုလှောင်ကန်စခန်း၏ Design ပုံစံနှင့် Detail Drawing
  (၃) သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်

၂။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (ရောင်းချရေး) ဖုန်း-၀၆၇-၄၁၁၁၀၃နှင့် ဒုတိယညွှန်ကြားရေးမှူး(ရောင်းချရေး) ဖုန်း-၀၆၇-၄၁၁၁၃၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ လျှောက်ထားသူများအနေဖြင့် အောက်ပါလိပ်စာသို့လိပ်မူ၍ အဆိုပြုလျှောက်လွှာများကို ပေးပို့ရန်ဖြစ်ပါသည်-

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၆)၊ နေပြည်တော်

စွမ်းအင်ဝန်ကြီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်မ မသဇင်ထွေး ၁၀/မလမ(နိုင်)၁၉၂၄၀၃၏ နိုင်ငံကူးလက်မှတ် 759779 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၀၀၂၉၃

ရုံးသုံးမော်တော်ယာဉ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ မော်တော်ယာဉ်တစ်စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

Double Cab (Diesel)/ Extra Cab (Diesel) တစ်စီး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၄ ရက် ၆:၀၀ နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပေးပို့ရန်နှင့်အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
ဟားခါးမြို့
ဖုန်း-၀၉-၈၆၀၀၀၇၁

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက် အောင်ရတနာလမ်း၊ အမှတ်(၁၉)ပေါ်တွင် တည်ရှိသော တစ်ခန်းသုံးထပ် ထပ်ခိုးတိုက်၏ မြေညီထပ်အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ကန်ထရိုက်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

အထက်ခေါင်းစဉ်ပါ ကန်ထရိုက်တိုက်ခန်းနှင့်ပတ်သက်၍ မိမိတို့ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ကန်ထရိုက်တာများဖြစ်ကြသော ဦးသန်းလွင် ၁၂/တကန(နိုင်)၀၉၃၉၃၅ နှင့် ဦးမြင့်လွင် ၁၂/လမန(နိုင်)၀၂၄၇၇၄ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါကန်ထရိုက်ပိုင်တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန့်စန္ဒာဝင်း (ဥပဒေဘွဲ့)
LL.B., D.B.L.,D.M.L.,D.I.L.,P.D.S.W(Psy:)
C.A.E.S (ASEAN), B.D.S (MOFA)
အထက်တန်းရှေ့နေ (စဉ်-၃၀၄၇၁)
ဖုန်း-၀၉-၂၅၀၀၄၃၈၉၅

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မိခင်နို့တစ်မျိုးတည်းအသက်ခြောက်လထိတိုက်ကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးသေဆုံးမှု ၁၃ ရာခိုင်နှုန်းလျှော့ချနိုင် ရခိုင်ပြည်နယ်တွင် မိခင်နို့တိုက်ကျွေးမှု တစ်ရာခိုင်နှုန်းသာရှိသည်ဟု မီဒီယာများတွင်ရေးသားဖော်ပြချက်လုံးဝမမှန်ကန်

မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော အာဟာရချို့တဲ့မှု ပြဿနာငါးမျိုးတွင် ပရိုတင်းအင်အားချို့တဲ့ရောဂါသည် ထိပ်ဆုံးမှပါဝင်နေကြောင်း၊ နိုင်ငံတကာလေ့လာချက်များအရ ငါးနှစ်အောက်ကလေးသေဆုံးမှု၏ထက်ဝက်ကျော်သည် အာဟာရချို့တဲ့မှုနှင့်ဆက်နွယ်လျက်ရှိကြောင်း၊ မိခင်နို့တစ်မျိုးတည်းအသက်ခြောက်လထိတိုက်ကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးသေဆုံးမှုကို ၁၃ ရာခိုင်လျှော့ချနိုင်ကြောင်း၊ အသက်ခြောက်လပြည့်ပါက မိခင်နို့ဆက်တိုက်ကျွေးရင်း မှန်ကန်ပြည့်စုံသော ဖြည့်စွက်စာကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးသေဆုံးမှုကို ခြောက်ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း ဇွန် ၁၂ ရက်က ကျင်းပသော ရခိုင်ပြည်နယ်အတွင်း လတ်တလော အာဟာရချို့တဲ့မှုစောင့်ရှောက်ခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် ဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်သူရိန်က အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း လတ်တလောအာဟာရချို့တဲ့ခြင်းအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ကျန်းမာရေးဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာမေခင်သန်းက လက်တလောအာဟာရချို့တဲ့မှုအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်အနောက်ပိုင်းခရိုင်ဆေးရုံကြီးမှ တာဝန်ခံကလေးအထူးကုဆရာဝန်ကြီးဒေါက်တာခင်ဆွေက ကလေးသူငယ်များနှင့်ဆိုင်သော အာဟာရချို့တဲ့မှုများအကြောင်း ရှင်းလင်းတင်ပြသည်။

အာဟာရသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကကျ

"အာဟာရသည် မိသားစုတစ်ခု၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပါတယ်။ ဒါပေမယ့် အဲဒီအဓိကကျတာကို လူတွေက မေ့နေကြပါတယ်။ ကလေးတွေမှာအသက်အရွယ်အလိုက်ရှိသင့်တဲ့ ကိုယ်အလေးချိန်ရှိရပါတယ်။ ရှိသင့်တာကိုမရှိရင် အာဟာရချို့တဲ့မှု ဖြစ်နိုင်ပါတယ်။ ဒါဆိုရင် အာဟာရပြည့်ဝဖို့အတွက် ဆောင်ရွက်ပေးရပါမယ်" ဟု ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာမေခင်သန်းက ရှင်းပြသည်။

ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဆွေက ပြောကြားရာတွင် "ကလေးတွေအာဟာရမပြည့်ဝရင် ဦးနှောက်ဖွံ့ဖြိုးမှုထိခိုက်သွားနိုင်ပါတယ်။ ဒါဆိုရင် ဉာဏ်ရည်နိမ့်ကျသွားနိုင်ပါတယ်။ ဒါကြောင့် ဉာဏ်ကောင်းဖို့အတွက် အာဟာရဖွံ့ဖြိုးရန်လိုပါတယ်။ ကလေးတွေမှာတစ်ခါတစ်ခါ မူးမေ့သွားတာတွေရှိပါတယ်။ ဒါဟာ ရေဓာတ်၊ သကြားဓာတ်၊ ဆားဓာတ်တွေ ဆုံးရှုံးလို့ဖြစ်တာပါ။ ဒါကိုလည်း သတိထားရပါမယ်။ ဒီလိုဖြစ်လာရင် အချိန်မီ မကုသနိုင်ပါက အသက်အန္တရာယ်တွေစိုးရိမ်ရပါတယ်"ဟု ပြောပြသည်။

တက်ရောက် ဆွေးနွေး

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်သူရိန်၊ ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး (အာဟာရ)ဒေါက်တာမေခင်သန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဆွေ၊ ရခိုင်ပြည်နယ်ဆေးရုံကြီးများမှ ကလေးအထူးကုဆရာဝန်ကြီးများ၊

ခရိုင်နှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ လက်ထောက်ဆရာဝန် များ၊ သက်ဆိုင်ရာဆေးရုံများမှ အထက်တန်းသူနာပြုများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ရခိုင်ပြည်နယ်မှာ ကလေးတွေဟာ အာဟာရချို့တဲ့တာက အမှန်ပါ။ အထူးသဖြင့် တောရွာတွေမှာပိုများပါတယ်။ မိခင်နို့ကိုတော့ အတတ်နိုင်ဆုံးတိုက်တာတွေ့ရပါတယ်။ မီဒီယာတွေမှာ ရေးနေကြသလို ရခိုင်ပြည်နယ်မှာ မိခင်နို့တိုက်ကျွေးမှု တစ်ရာခိုင်နှုန်းသာရှိတယ်ဆိုတာ လုံးဝမမှန်ပါဘူး"ဟု ရခိုင်ပြည်နယ်အာဟာရအဖွဲ့ခေါင်းဆောင် ဒေါက်တာမြမြသန်းက ပြောပြသည်။

သတင်း-ကိုကြီးစော၊ ဓာတ်ပုံ-ညောစော

ငွေ၊ ဆန်နှင့် ဆိုင်ကယ်များ တစ်နှစ်အတိုးအရင်းကျေစနစ်ဖြင့် ရောင်းချ

ကျောက်မဲ ဇွန် ၁၄

ကျောက်မဲမြို့နယ် အောင်ချမ်းသာငွေစုငွေချေး သမဝါယမအသင်းစုက ဇွန် ၁ ရက် နံနက် ၉ နာရီက အသင်းသားများအား သက်သာသော အတိုးနှုန်းထားဖြစ်သည့် (၁ ဒသမ ၅) ကျပ်နှုန်းဖြင့် ငွေများ၊ စားသုံးဆန်နှင့် မော်တော်ဆိုင်ကယ်များကို ခြောက်လ၊ တစ်နှစ်အတိုးအရင်းကျေစနစ်ဖြင့် ထုတ်ချေးရောင်းချပေးသည်။ **(အပေါ်ပုံ)**

မြို့နယ်သမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်တင့်က အသင်းသားများအနေဖြင့် အတိုးအရင်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်းပေးချေကြစေလိုကြောင်း၊ သို့မှသာ အခြားအသင်းသားများကို အလှည့်ကျထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားပြီး အသင်းဥက္ကဋ္ဌ ဦးဘိုရွှေနှင့် အသင်းအတွင်းရေးမှူး ဦးအောင်ငွေတို့က အသင်းသားများအား ချေးငွေများ၊ စားသုံးဆန်နှင့် မော်တော်ဆိုင်ကယ်များကို စနစ်တကျထုတ်ပေးခဲ့သည်။

မောင်မောင်

သီပေါမြို့နယ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

သီပေါ ဇွန် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သန့်ရှင်းသာယာလှပရေး မြို့အင်္ဂါရပ်နှင့် ညီညွတ်ရေးတို့အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုကြောင့် ငွေကျပ် ၁၅၁၃၈၅၀၀ တန်ဖိုးရှိ လီဖန်းအမှိုက်သယ်ယာဉ်ဝယ်ယူကာ မြို့ပေါ် (၁၁)ရပ်ကွက်သို့လှည့်လည်၍ အမှိုက်သိမ်းဆည်းပေးမှုကြောင့် ပြည်သူများဝမ်းမြောက်ကျေးဇူးတင်လျက်ရှိသည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က "သီပေါမြို့ဟာ မန္တလေး၊ လားရှိုး၊ မူဆယ်သွား အဓိကကျသည့် ပြည်ထောင်စုလမ်းမကြီးပေါ်တည်ရှိလို့ ပြည်တွင်း၊ ပြည်ပနိုင်ငံခြားခရီးသွားဧည့်သည်များ နေ့စဉ်တိုးတက်များပြားနေသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပြင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ယခုကဲ့သို့ အမှိုက်သိမ်းယာဉ်များကို တိုးချဲ့ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ရပ်ကွက်ပြည်သူများအနေဖြင့်လည်း ယခုလိုစည်းကမ်းတကျ အမှိုက်ထည့်အိတ်များနှင့် သွင်းပြီး အမှိုက်သိမ်းယာဉ်လာရင် ကားပေါ်တင်ပေးလိုက်ရုံနဲ့ အချိန်လည်းမကုန်၊ လောင်စာဆီလည်းသက်သာလို့ နှစ်ဖက်အပြန်အလှန်ကူညီရာရောက်တာပေါ့ဗျာ"ဟု ပြောပြသည်။ သီပေါမြို့နယ်သည် မြို့ဧရိယာကျယ်ဝန်းခြင်း၊ လူဦးရေမှာ တစ်နေ့တခြား တိုးတက်များပြားလာခြင်းတို့ကြောင့် ယခု အမှိုက်သိမ်းယာဉ်ကြီးအပြင် ယာဉ်ငယ်နှစ်စီးဖြင့်လည်း လုံလောက်မှုမရှိသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အမှိုက်သိမ်းမော်တော်ယာဉ်ကြီးတစ်စီး ပေးပို့ကူညီမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းတံတား ဆောင်ရွက်ချက်များ စစ်ဆေး

ပုဏ္ဏားကျွန်း ဇွန် ၁၄

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့ပြီး လူမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရအနေအဖြစ် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အလယ်ကျွန်းကျေးရွာအုပ်စုနှင့် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး ဆက်သွယ်ရေးလုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် အောက်ခံကျောက်စီ၊ သစ်သားတံတား (၁၈×၁၄×၅ပေ) အပါအဝင်မြေသားလမ်း ပေ ၄၅၀၀ ဖောက်လုပ်ခြင်းကို ရခိုင့်ဂုဏ်ရောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူးတို့ ဇွန် ၉ ရက်က သွားရောက်စစ်ဆေးရာ လိုအပ်ချက်များနှင့်ပတ်သက်၍ စစ်ဆေးဆွေးနွေးညှိနှိုင်းပေးခဲ့ရာ ကုမ္ပဏီမှတာဝန်ရှိသူများက ပွင့်လင်းစွာတင်ပြခဲ့ကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို)

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နေ့စဉ်နွားနို့သောက်ကြစို့

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်သန်းမြင့်၏ Passport No:M 439394 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၉၃၃၆၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် ကျောက်ဖြူဒေသတွင် Gas Engine (or)Gas Turbine များအား နိုင်ငံခြားငွေ(USD)ဖြင့် တင်ဒါခေါ်ဆို ငှားရမ်းဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၆-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက် - ၁၆-၇-၂၀၁၄ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါကြီးကြပ်ရေးအဖွဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန

ရုံးအမှတ် ၂၇၊ နေပြည်တော်၊

ဖုန်း-၀၆၇-၄၁၀၂၈၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ရထားစက်ခေါင်း၊ လူစီးတွဲနှင့်

ကုန်တွဲများဝယ်ယူပြီးမြန်မာ့မီးရထားနှင့်အကျိုးတူပူးပေါင်း၍

ရထားပြေးဆွဲခြင်းလုပ်ငန်းများဆောင်ရွက်ရန်

စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း

(Expression of Interest)

မြန်မာ့မီးရထားသည် ရထားစက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲများဝယ်ယူ ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရထားပြေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ(Expression of Interest)တွင် ဆောင်ရွက်လိုသည့်လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား၊ အချက်အလက်များနှင့်အတူ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီးသို့ ၃၀-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ

(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)

(ဃ) လုပ်ငန်းလိုင်စင်(မိတ္တူပူးတွဲ)

(င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)

(စ) လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ်

(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)

(ဇ) စက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲများဝယ်ယူတင်သွင်းမည့်နိုင်ငံ၊ ကုမ္ပဏီနှင့် စက်ခေါင်းနှင့်တွဲအမျိုးအစားများဖော်ပြပေးရန်

(ဈ) လူစီးရထားပြေးဆွဲခြင်းလုပ်ငန်း၊ ကုန်ရထားပြေးဆွဲခြင်းလုပ်ငန်းတို့အနက်မှ ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားဖော်ပြပေးရန်

(ည) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ(Conceptual Plan)

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၃၉

၀၆၇-၇၇၀၈၂၊ ၀၆၇-၇၇၀၅၄

တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးဒေသဆိုင်ရာလုပ်ငန်းကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် မြေလမ်း (၁၆)လမ်း၊ ကျောက်ခင်းလမ်း (၁)လမ်း၊ သံကူကွန်ကရစ်တံတား (၂)စင်း၊ သံကူကွန်ကရစ်ရေပြွန် (၁၂)ခုနှင့် သောက်သုံးရေရရှိရေး ကျေးရွာ (၃၉)ရွာ လုပ်ငန်းတို့အား ဆောက်ရန်အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းတင်သွင်းနိုင်ပါသည်-

အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့)မှစတင်၍ ရုံးချိန်အတွင်း

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၆-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ၊

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၈၇၆၂၃၆၄

အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၃-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ၀၉း၀၀နာရီ

အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ - (Edu Park HRD Center၊ ရင်ပြင်ပတ်လမ်း၊ ညောင်ရမ်းကွက်၊ ထားဝယ်မြို့။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄အီး⁹၊ မြေကွက်အမှတ် ပဉ္စမတန်းစား ၂၀၊ မြေကွက်တည်နေရာအမှတ် ၁၉၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မပုလေးအမည်ပေါက် နှစ် ၃၀ ဂရန်သက်ကုန်မြေအား အမည်ပေါက် မိခင်ဒေါ်ပုလေး၊ ဖခင်ဦးဘမောင် ကွယ်လွန်သဖြင့် (၁)ဒေါ်ရှမ်း ၁၂/မဂတ(နိုင်)၀၁၇၉၁၀၊ (၂)ဦးလှကြိုင် ၁၂/မဂတ(နိုင်)၀၁၇၁၉၀ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စွန့်လွှတ်သည့်မြေများအား တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ

ကျောက်မဲ ဇွန် ၁၄

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် စွန့်လွှတ်သည့်မြေများအား တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၁ ရက်က ကျင်းပသည်။

အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ပြန်လည်စွန့်လွှတ်သည့်မြေများအား ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က တောင်သူများထံပြန်လည်ပေးအပ်ရာ ကျောက်မဲကြီးကျေးရွာအုပ်စုရှိ ပြန်စွန့်မြေ ၄၃၄ ဒသမ ၂၀ ဧကကို မူလပိုင်ဆိုင်သူ တောင်သူ ၁၄၂ ဦးကိုယ်စား တောင်သူ ဦးစိုင်းမှတ်ကလည်းကောင်း၊ ခိုမုန်းကျေးရွာအုပ်စု တောင်နောက်ကျေးရွာ ကွင်းအမှတ်(၄၁)ရှိ ပြန်စွန့်မြေ ၄၁ ဧကကို မူလပိုင်ဆိုင်သူ တောင်သူ ၂၄ ဦးကိုယ်စား တောင်သူ ဦးစိုင်းဘဟန်ကလည်းကောင်း လက်ခံခဲ့သည်။ ထို့နောက် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က ပေးအပ်သော စိုက်ပျိုးမြေအဖြစ် အသုံးပြုခွင့်ပုံစံ (၃)များကို ခိုမုန်းကျေးရွာအုပ်စု ပေါက်အန်းအနောက်ကွင်း ကွင်းအမှတ်(၄၇)ရှိ စိုက်ပျိုးမြေ ၁၈၈ ဒသမ ၅၄ ဧကကို မူလပိုင်ဆိုင်သူ တောင်သူ ၅၉ဦးကိုယ်စား တောင်သူ ဦးစောညွန့်ကလည်းကောင်း၊ စိမ်းလန်းမြေကုမ္ပဏီမှ ပြန်လည်စွန့်လွှတ်သည့် ခိုမုန်းကျေးရွာအုပ်စု ခိုမုန်းအရှေ့ကွင်း ကွင်းအမှတ် (၅၉) စိုက်ပျိုးမြေ ၆ ဒသမ ၀၅ ဧကကို မူလပိုင်ဆိုင်သူ တောင်သူ ၁၈ ဦးကိုယ်စား တောင်သူ ဦးထွန်းအေးကလည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြသည်။

စွန့်လွှတ်သည့်စိုက်ပျိုးမြေ စုစုပေါင်း ၇၂၆ ဒသမ ၇၉ ဧကကို တောင်သူ ၂၄၃ ဦးထံသို့ လွှဲပြောင်းပေးခဲ့ကြောင်းနှင့် ပြန်လည်လွှဲပြောင်းပေးအပ်သည့် စိုက်ပျိုးမြေများကို ရာသီသီးနှံစိုက်ပျိုးသည့်မြေအဖြစ်သာ အသုံးပြုရမည်ဖြစ်ပြီး အခြားနည်းအသုံးပြုခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းကို ခွင့်မပြုကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုင်းဝင်းမင်းကိုက စွန့်လွှတ်သည့် စိုက်ပျိုးမြေများကို တောင်သူများထံ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား ပြန်လည်လွှဲပြောင်း လက်ခံသည့် တောင်သူများကိုယ်စား ကျောက်မဲကြီးကျေးရွာအုပ်စုမှ တောင်သူ ဦးစိုင်းအောင်ပူးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျောက်မဲကြီးနှင့် ခိုမုန်းအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များ၊ တောင်သူများ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြသည်။

သိန်းသန်း(iprd)

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲ မင်းဘူးမြို့၌ ကျင်းပ

မင်းဘူး ဇွန် ၁၄

၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက် မကွေး-မင်းဘူး-စကုလမ်းမကြီးဘေး အထက(၂)ကျောင်းရှေ့တွင် ဇွန် ၁၂ ရက်က ကျင်းပသည်။

ဆိုင်းဘုတ်ကို မင်းဘူးခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းသူဇာမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

သန်းဌေး(မင်းဘူး)

စစ်မှုထမ်းဟောင်းစည်းရုံးရေး သင်တန်းဆင်းပွဲ မကွေး၌ ကျင်းပ

မကွေး ဇွန် ၁၄

စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်း(မကွေး)၌ ဖွင့်လှစ်သည့် အဆင့်မြင့်စည်းရုံးရေးသင်တန်း (၃၂/၂၀၁၄)ဆင်းပွဲကို ဇွန် ၁၃ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်နှင့် စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

ကျန်းမာတက်ကြွသည့် စစ်မှုထမ်းဟောင်းများဖြစ်လာစေရန်နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရန် ရည်ရွယ်ပြီး သင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းများကို တစ်နှစ်သုံးကြိမ်ခန့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မာလာ(မကွေး)

ရပ်ကွက်နေပြည်သူများစုပေါင်းထည့်ဝင်ငွေဖြင့် ရပ်ကွက်လမ်းအား ကွန်ကရစ်လမ်းခင်း

မြိတ် ဇွန် ၁၄

မြိတ်မြို့ မြိတ်တောင်နယ်မြေ စက်ဝင်းရပ်ကွက် သဇင်လမ်းတွင် အလျား ၄၅၆ ပေ၊ အနံ ၁၄ ပေ၊ ထု နှစ်ပေရှိသော ကွန်ကရစ်လမ်း တစ်ခုကို လမ်းနေပြည်သူများမှ စုပေါင်းထည့်ဝင်ငွေကျပ် ၅၇ သိန်းဖြင့် ရပ်ကွက်အကျိုးတော်ဆောင်များ ဦးဆောင်၍ ရပ်ကွက်အတွင်းရှိ လူငယ်များက စုပေါင်းလုပ်အားဖြင့် ဇွန် ၇ ရက်မှစတင်၍ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

လမ်းသည် နှစ်စဉ် မိုးရာသီတွင် လမ်းရေကျော်ပြီး ဗွက်အိုင်များဖြစ်ပေါ်မှု၊ မြေသားလမ်းဖြစ်သောကြောင့် လမ်းချောသဖြင့် လမ်းနေ ကျောင်းသား ကျောင်းသူလေးများ များစွာ အခက်အခဲဖြစ်ရပြီး မော်တော်ဆိုင်ကယ်များပင် သွားလာရန်ခက်ခဲသဖြင့် ယခုကဲ့သို့ ဝိုင်းဝန်းကာပြုပြင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"လမ်းခင်းတာကို ဇွန် ၇ ရက်က စခင်းပါတယ်။ ဒီလအတွင်း ကွန်ကရစ်အချောခင်းတာ ပြီးမယ်လို့ မှန်းထားပါတယ်။ အခုလောလောဆယ်တော့ ကျောက်ကြမ်းလမ်း တစ်ဝက်ပြီးနေပါပြီ။ ကုန်ကျစရိတ်ကို လမ်းသူ လမ်းသားတွေက အလှူငွေစုထည့်တာ ၅၇ သိန်းရပါတယ်။ လမ်းခင်းတာကိုတော့ လမ်းထဲက လူငယ်တွေရဲ့ စုပေါင်းလုပ်အားနဲ့ ခင်းနေတာပါ"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောကြားသည်။

မြိတ်မြို့တွင် မိုးတွင်းရာသီ၌ တချို့သောမြေသားလမ်းသွယ်များရေကျော်ခြင်းနှင့် ဗွက်အိုင်များဖြစ်ပေါ်ခြင်းတို့ကြောင့် ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသားလူငယ်များမှာ သွားလာရေးတွင် အခက်အခဲများရှိရာ ယခုအခါ ထိုမြေသားလမ်းသွယ်များကို လမ်းနေပြည်သူများက စုပေါင်းထည့်ဝင်ငွေများ၊ စုပေါင်းလုပ်အားများဖြင့် ကွန်ကရစ်လမ်းများအဖြစ် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ဇော်မျိုးနိုင်

လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပဒတ္တိုင်းကျေးရွာနေ
ဦးခင်မောင်ဝင်း (အထပြ-ငြိမ်း)-ဒေါ်ခင်မူ(အလပြ-ငြိမ်း)တို့၏သား

ဒေါက်တာချွန်ထူးအောင်
Ph.D (Electronic Engineering)
(ဒုတိယညွှန်ကြားရေးမှူး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်)

နှင့်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ မြို့မရပ်ကွက်နေ
ဦးဟန်ရီ (သ/မဦးစီး-ငြိမ်း)-(ဒေါ်ကြူကြူ)(တော်ဝင်ရွှေဆိုင်)တို့၏သမီး

ဒေါက်တာသက်သက်ဟန်ရီ
Ph.D (Electrical Power Engineering)
(ဒုတိယညွှန်ကြားရေးမှူး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်)

တို့၏ မင်္ဂလာဦးဆွမ်းကျွေးအား ၁၃-၆-၂၀၁၄ရက်တွင် အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက် (မိုးညှင်းမြို့)၌လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအား ၁၄-၆-၂၀၁၄ ရက်တွင် Hotel Mohnyin (မိုးညှင်းမြို့)၌လည်းကောင်း ကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာချွန်ထူးအောင်-ဒေါက်တာသက်သက်ဟန်ရီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၄၅၇၊ မြနန္ဒာလမ်း၊ ရန်ကင်းမြို့နယ်နေ
ဦးလှဝင်း(အရာခံဗိုလ်၊ငြိမ်း)-ဒေါ်မို့မို့ဝင်း(အထက-၂၊ ရန်ကင်း)
တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးရဲထက်အောင် B.Sc/D.S.A၊ တပ်မတော်(လေ)

နှင့်

ရန်ကုန်မြို့၊ အမှတ် ၁၀၂၊ ရွှေပြည်အေးလမ်း၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်နေ
ဦးဝင်းနိုင်ထွန်း(Director National Wood Prdrustry Ltd.,)-
ဒေါ်မြင့်မြင့်အေး တို့၏သမီး

မဆုဆုသာ BA(Eng:), KBZ Bank (သုဝဏ္ဏ)

တို့အား ၁၄-၆-၂၀၁၄ ရက် ကျောင်းကုန်းကျောင်းကြီးတိုက်တွင် နေ့ဆွမ်းကပ်လှူ၍ နှစ်ဖက်သောလူကြီးမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရဲထက်အောင်-မဆုဆုသာ

အမည်ပြောင်း

ရန်ကုန်မြို့၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ အမှတ်၂၇၆နေ ဦးမျိုးအေး၏သမီး Grade(10)A, KSY Education Centre(ပညာဗိမာန်)ကိုယ်ပိုင်အထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်မှ မအိင့်ဦးအား ယနေ့မှစ၍ မနှင်းအိန္ဒြာခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ် (၄၂၂/၄၂၆) ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် ၀၁/၂၀၁၄-၂၀၁၅

၁။ ပြည်တွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်မာသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်နေ့ရက်** - ၂၆-၆-၂၀၁၄ ရက် (ကြာသပတေးနေ့)
(ခ) **ရောင်းချမည့်အချိန်** - မွန်းလွဲ ၁၃:၀၀ နာရီ
(ဂ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး ၉၇၁ တန် ၁၁၅၃.၅၄
(ဃ) **ရောင်းချမည့်နေရာ** - အမှတ် ၄၂၂/၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ သစ်လုံးများ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဖက်စပ်၏ website ဖြစ်သော www.fpjvc.com တွင်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း Website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၉- ၅၁၅၈၃၅၄၊ ၀၉-၄၃၂၀၂၅၄၄များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားလမ်းအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၅၉(ပထမထပ်)၊ အခန်း ၀၀၃ နေ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်စောဝင်း၏ ခင်ပွန်း ဦးအောင်ကျော်လင်းနှင့် လုပ်ငန်းလုပ်ကိုင်သူများ ငွေရေးကြေးရေးနှင့်ပတ်သက်သူများအနေဖြင့် ဦးအောင်ကျော်လင်းနှင့် တွေ့ဆုံရှင်းလင်းကြပါရန်နှင့် ကျွန်ုပ်၏အမှုသည် ဒေါ်ခင်စောဝင်းထံသို့ လာရောက်၍တောင်းဆိုခြင်း၊ ခြောက်လှန့်ခြင်းများမပြုရန် သတိပေးတားမြစ်အပ်ပါသည်။ တားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခင်စောဝင်း ၁၂/ကမတ(နိုင်)၀၂၇၃၄၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းမြင့် B.Sc(Chem), H.G.P., R.L, Dip. in French(I.F.L)၊ တရားလွှတ်တော်ရှေ့နေ(၅၂၆၇)
တိုက် ၆၂၅၊ အခန်း ၁၀၂၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၁၉၃၈

အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးကျော်ကျော်စိုး၏သမီး အမက(၃) မူလွန် စတုတ္ထတန်းမှ မအိန္ဒြေစိုးအား မကြယ်စင်သန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မကြယ်စင်သန့်
စတုတ္ထတန်း(အမက-၃)မူလွန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F-7444 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မန္တလေးမြို့ပေါ် အခြေခံပညာကျောင်း ၁၅ကျောင်းအတွက် တစ်ကျောင်းလျှင် ယာဉ်ထိန်းရဲ နှစ်ဦးနှုန်းတာဝန်ချထား

မန္တလေး ဇွန် ၁၃

မန္တလေးမြို့တွင် ကျောင်းဖွင့်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောရှင်းလင်းရေးတို့အတွက် မြို့ပေါ်ရှိအခြေခံပညာကျောင်း ၁၅ ကျောင်းအတွက် တစ်ကျောင်းလျှင် ယာဉ်ထိန်းရဲ နှစ်ဦးနှုန်းဖြင့် တာဝန်ချထားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်ကြောရှုပ်ထွေးတတ်သည့် မြို့ပေါ်ကျောင်း ၁၅ ကျောင်းအတွက် တာဝန်ချထားပေးသည့်အပြင် ကျောင်းများတွင် ကျောင်းသားကျောင်းသူများ သိရှိရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးပိုစတာများ ဖြန့်ဝေခြင်းနှင့် ပညာပေး ဟောပြောပွဲများ ပြုလုပ်ရန်စီစဉ်ထားကြောင်းလည်း ရဲမှူး သိန်းကိုကိုက ပြောသည်။

"မန္တလေးပြည်သူတွေဘဝလုံခြုံရေးအတွက် ယာဉ်စည်းကမ်းလိုက်နာဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့လည်း ရှိတဲ့တပ်ဖွဲ့ဝင်တွေနဲ့ နေ့ညမပျက် ယာဉ်အန္တရာယ်ကင်းရှင်းရေး အတွက် ဆောင်ရွက် ပေးနေတဲ့အပြင် ယခုကျောင်းတွေမှာလည်း ကျောင်းသား ကျောင်းသူတွေ အန္တရာယ်ကင်းရှင်းစွာနဲ့ ပညာသင်ကြားနိုင်ဖို့အတွက် ဆောင်ရွက်ပေးထားပါတယ်။ မိဘအုပ်ထိန်းသူတွေအနေနဲ့လည်း အသိတရားရှိစွာနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးခရိုင်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု အခြေအနေဖြင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်မေလအထိ စာရင်းများအရ ၂၀၁၂ ခုနှစ်တွင် ယာဉ်တိုက်မှု ၅၅၆ မှုတွင် သေဆုံးသူ ၁၆၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ယာဉ်တိုက်မှု ၄၂၆မှု၊ သေဆုံးသူ ၁၈၂ ဦးနှင့် ၂၀၁၄ ခုနှစ် မေလအထိ ယာဉ်တိုက်မှု ၁၇၇ မှုနှင့် သေဆုံးသူ ၇၈ ဦးရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ယခင်နှစ်များထက် ယာဉ်အစီးရေပိုမိုများပြားလာခဲ့သော်လည်း မတော်တဆဖြစ်ပွားမှု ပိုမိုလျော့နည်းခဲ့ပြီး မတော်တဆမှု ရာခိုင်နှုန်းအချိုးအစားမှာလည်း လျော့နည်းလာခဲ့ကြောင်း သိရှိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

စဉ့်ကူးမြို့နယ်တွင် မိုးသီးနှံစုံစိုက်ပျိုးစရိတ် သန်း ၂၃၀၀ ကျော် ထုတ်ချေးမည်

စဉ့်ကူး ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ယခုနှစ် မိုးရာသီ သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုစရိတ်အဖြစ် ငွေကျပ်သန်းပေါင်း ၂၃၀၀ ကျော်ကို တောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

စဉ့်ကူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးပုက "၂၀၁၄ ခုနှစ် မိုးရာသီ သီးနှံစုံစိုက်ပျိုးထုတ်လုပ်စရိတ် ချေးငွေတွေကို တောင်သူတွေကို စထုတ်ပေးနေပါပြီ၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုမှာရှိတဲ့ တောင်သူ ၁၉၈ဦးရဲ့ စိုက်ဧက ၉၁၄ ဧက အတွက် ၁ ဧက ၁သိန်းနှုန်းနဲ့ ငွေကျပ် ၉၁၄ သိန်း ထုတ်ချေးထားပါတယ်။ နောက်ထပ်လည်း စဉ့်ကူးမြို့နယ်အတွင်းက ကျေးရွာအုပ်စု ၂၈ စုက တောင်သူတွေအတွက် ချေးငွေတွေ ထုတ်ပေးဦးမှာပါ။ ဒီကျေးရွာအုပ်စုတွေမှာ စိုက်မြေဧက စုစုပေါင်း ၂၀၀၀၀ ကျော်ရှိပြီး အဲဒီအတွက် ငွေကျပ်သန်းပေါင်း ၂၅၀၀ ကျော်အထိ ထုတ်ချေးသွားမှာဖြစ်ပါတယ်။ အတိုးနှုန်းက ငွေကျပ် ၁၀၀ ကို တစ်လ ၄၂ ပြားနှုန်းဆိုတော့ တောင်သူတွေအတွက် အဆင်ပြေပြီး ငွေချေးသူ မနှစ်ကထက်များမယ်လို့ ခန့်မှန်းပါတယ်" ဟုပြောသည်။

ချေးငွေထုတ်ချေးမှုကို ဇွန် ၅ ရက်က စတင်ထုတ်ချေးပေးနေခြင်း ဖြစ်ကာ စဉ့်ကူးမြို့နယ် ကျေးရွာအုပ်စု ၂၈ စုတို့မှ တောင်သူပေါင်း ၅၅၀၀ ကျော်၏ စိုက်ဧက ၂၀၇၀၀ အတွက် စိုက်ပျိုးစရိတ်ငွေ စုစုပေါင်း ငွေကျပ်သန်း ၂၃၀၀ ကျော်အထိ ထုတ်ချေးသွားမည်ဖြစ်ကာ ချေးငွေထုတ်ယူရန်အတွက် တောင်သူများအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ကို တင်ပြရန်လိုအပ်ကြောင်း သိရသည်။ စဉ့်ကူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ လယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးလျက်ရှိရာ ယခင်နှစ်ကလည်း ဆောင်းသီးနှံများအတွက် စိုက်ပျိုးစရိတ်အတွက် ငွေကျပ်သန်းပေါင်း ၁၀၀၀ ကျော် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများမှ ငွေကျပ် ၅၀၁၅ သိန်းကို တောင်သူများက ပေးဆပ်ရန် ကျန်နေသည်ကိုလည်း တောင်သူများဘက်က အမြန်ဆုံး လာရောက်ပေးဆပ်ရန်နှင့် ချေးငွေသစ်များကို ယခင်ကြွေးဟောင်းကျေအောင် ဆပ်ပြီးသော တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ရာ ကျန်ငွေများကို အမြန်ဆုံး လာရောက်ပေးဆပ်ကြရန် အသိပေးထားသည်။

ဝင်းမောင်

သတင်းတိုများ

ခင်ဦးမြို့နယ် အလကခွဲ၌ စာရေးကိရိယာများလှူဒါန်း

ခင်ဦး ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မဒေါင်းလှကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာလှူဒါန်းပွဲကို ဇွန် ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင်အလှူရှင် ဦးဖုန်းကျော်ဇနီး ဒေါ်ညိုကြည် မိသားစုက ကျောင်းအုပ်ဆရာမကြီးထံသို့ ဗလာစာအုပ်ဒါဇင် ၅၀၊ ဖောင်တိန်၊ ခဲတံများ ပေးအပ်လှူဒါန်းခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်တို့တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အောင်မင်း(ခင်ဦး)

ပခုက္ကူတွင် ကျေးလက်အိမ်ရာများ တည်ဆောက်ပေး

ပခုက္ကူ ဇွန် ၁၄

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ် ၂၆ သန်းကျော်ဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြို့ခင်းသာကျေးရွာအုပ်စု တဲကုန်းကျေးရွာတွင် ကျေးလက်အိမ်ရာ ၂၄လုံးကို တည်ဆောက်ပေးခဲ့ပြီး ပြည်သူများနေထိုင်မှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ဂဝံလေးတိုင် ကျောက်ချောလမ်းခင်းမှုပြီးစီး

ပခုက္ကူ ဇွန် ၁၄

ပခုက္ကူမြို့နယ်အတွင်းရှိ စဘေ-စီကောင်း-ဂဝံလေးတိုင်ကျောက်ချောလမ်း အရှည်ပေ ၂ ဒသမ ၇၈ မိုင်ကို ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဇွန် ၁၃ရက်က ပြီးစီးခဲ့ကြောင်းသိရသည်။ လမ်းခင်းခြင်းလုပ်ငန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ်သန်း ၁၃၀ကျော်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြစ်ခြေကျေးရွာအုပ်စု ဂဝံလေးတိုင်ကျေးရွာအုပ်စုတွင် အိမ်ခြေပေါင်း ၄၂၀၀ကျော်ရှိပြီး လူဦးရေနှစ်သောင်းနီးပါးနေထိုင်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ဆိုလာမီးဖြင့် ပခုက္ကူမြို့နယ်အတွင်း ကျေးရွာလုံးကျွတ်မီးလင်းအောင် ဆောင်ရွက်

ပခုက္ကူ ဇွန် ၁၄

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဌာနရန်ပုံငွေကျပ်သန်းပေါင်း ၆၁ သန်းကျော်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းအသုံးပြု၍ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများအား ကျေးရွာလုံးကျွတ်နေရောင်ခြည်(ဆိုလာ)မီးလင်းရေးဆောင်ရွက်ပေးနေကြောင်း သိရသည်။

နေရောင်ခြည်(ဆိုလာ)ဖြင့် လျှပ်စစ်မီးရရှိရေးကိုဆောင်ရွက်ခဲ့ရာ ယခုအခါ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင်ဆောင်ရွက်ပေးခဲ့ကာ ထိုကျေးရွာများရှိ အိမ်ထောင်စု ၅၀၀ကျော်၊ လူဦးရေ ၃၀၀၀ နီးပါးအတွက် ယူနစ် ၃၀၀ ကျော် ထုတ်လုပ်ပေးနိုင်ပြီး ကျေးရွာလုံးကျွတ် ဆိုလာမီးများလင်းနေပြီဖြစ်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါက်တာ မောင်မောင်ကျော်-ဒေါ်မြမူယာ (SSAE ဆ/ဦးထူး-၂၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏သားငယ် မောင်ညီထွန်းစံ (ဆဒဂ-၅၀)သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

အကြီးရှင် - ဒေါ်ဦးခင်စော (အင်ဂျင်နီယာမှူး၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
ကြီးကြီး - ဒေါ်မြစောရီ (လက်ထောက်ပြည်နယ် ဥပဒေအရာရှိ၊ ငြိမ်း)၊ ရခိုင်ပြည်နယ်ဥပဒေရုံး
ကြီးကြီး - ဒေါ်မြသူဇာ (လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်တွေမြို့)
အယွေ့တော် - ဒေါ်မြမြစော (JAT ငြိမ်း)

ဖြူးမြို့ မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ ဝိပဿနာတရားစခန်းဖွင့်ပြီ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် (၃၈)ကြိမ်မြောက် ဝါတွင်းသုံးလ မဟာစည်သတိပဋ္ဌာန် ဝိပဿနာအထူးတရားစခန်းဖွင့်ပွဲကြီးကို ဖြူးမဟာစည်ရိပ်သာများ၏ ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရဓမ္မာစရိယ၊ ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ MA, Ph.D နှင့် ဖြူးဆရာတော်၏တပည့်ဓမ္မကထိက သံဃာတော်များ၊ ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ တပည့်ဒါယကာ၊ ဒါယိကာမများဦးဆောင်၍ (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) ၁၂-၇-၂၀၁၄ရက် (စနေနေ့)မှ ၁၆-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့)အထိ သုံးလတိုင်တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များသည် မိမိတို့အခွင့်အခါနှင့်လျော်ညီသည့်အတိုင်း ရက်၊ လ၊ အပိုင်းအခြားဖြင့် ကြိုတင်စာရင်းပေးသွင်း၍ တရားအားထုတ်နိုင်ကြပါရန် ဖိတ်ခေါ် အပ်ပါသည်။

မှတ်ချက်-ရဟန်းသံဃာတော်များ ဝါမဆိုမီ ကြွရောက်လာကြပါရန် လျှောက်ထားပါသည်။

အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်လှူဒါန်းလိုသူများ-

ဖုန်း-၀၅၄-၄၀၀၁၂၊ ၀၅၄-၄၀၇၇၁၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၅၀၅၆၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



ရောင်းမည်

တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီးပေါ် ကိုးလွှာ Pent house ပေ(၄၈×၇၃)၊ 1Sqft. 3504 1MB, 1B, 2 A/C, ပါကေးခင်း Lift။

ဖုန်း-၀၉-၅၁၆၀၇၇၈၊ ၀၉-၅၀၈၉၉၄၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၄၄၅၃၊ Suzuki Wagon S/W (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက် ၁၂/မရက(နိုင်)၀၀၁၃၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သောသမီးကြီး မဝင့်ဝါရည်လွင်ဦး ဒဂ-၅၈၆သည် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့်အတွက် ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ညီမလေးတို့မိသားစုအားလုံး ဝမ်းသာဂုဏ်ယူကြရပါတယ်။ ယခုထက်ပိုပြီး ဘဝလမ်းတစ်လျှောက်မှာ အောင်မြင်မှုတွေ ဆက်လက်ဆွတ်ခူးနိုင်ပါစေ-

ဘွားဘွား -ဒေါ်တင်တင်အောင်
ဖေဖေ -ဒုတိယဗိုလ်မှူးကြီးရဲလွင်ဦး(ငြိမ်း)
မေမေ -ဒေါ်ကလျာစိမ့်စိမ့်စိုး
ညီမလေး -ထက်အိန္ဒြာလွင်ဦး **Grade 9B**၊ အထက (၁)ဒဂုံ
သီရိနှင်းလွင်ဦး **Grade 5A**၊ အထက (၁)ဒဂုံ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၁၃၅၈/က၊ မြေကွက်တည်နေရာအမှတ် ၁၃၅၈/က၊ သုနန္ဒာလမ်း၊ (ည)ရပ်ကွက်၊ ဒေါ်လှတင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှတင် ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၅၂၆၃/၂၀၁၁ဖြင့် ရရှိသူ ဦးသောင်းကြည် ၁၂/ဥကမ(နိုင်)၀၉၃၀၆၈၊ ဒေါ်ခင်မာဆွေ ၁၂/ဥကမ(နိုင်)၀၈၁၇၉၁ တို့အနက် (ခင်ပွန်း)ဦးသောင်းကြည် ကွယ်လွန်သဖြင့် ဒေါ်ထွေးကြည် ၁၂/ဥကမ(နိုင်)၁၄၂၆၃၁က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်ခင်မာဆွေထံမှ GP ၉၈၇၀/၂၀၁၄ ဖြင့်လည်းကောင်း၊ ဒေါ်ထွေးကြည်ထံမှ GP ၉၈၇၁/၂၀၁၄ ဖြင့်လည်းကောင်းရရှိသူ ဒေါ်ကျော့ကျော့ဝေ ၁၂/အစန(နိုင်)၀၆၅၉၃၃ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ဂုဏ်ယူဝမ်းမြောက်ခြင်း

ပဲခူးမြို့၊ အမှတ်(၂) အစိုးရအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (A) ခန်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် ပခ-၄၄၈ဖြင့် ထူးချွန်စွာ ခြောက်ဘာသာဂုဏ်ထူး (ဘာသာစုံဂုဏ်ထူး)ဖြင့် အောင်မြင်ခဲ့သည့် ဦးဇော်လွင်-ဒေါ်ဌေးဌေးမြိုင်(ငွေဇင်ယော် ငါးပိ-ငံပြာရည်ပွဲရုံ)လုပ်ငန်းတို့၏သမီး မနှင်းအိလှိုင်အတွက် မိသားစုနှင့်ထပ်တူ ကျောင်းတော်ကြီးမှ ဂုဏ်ယူဝမ်းမြောက်ပါသည်။

ဂုဏ်ထူးဆောင်နာယကနှင့်နာယကများ
ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ
ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အထက (၂)ပဲခူး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၆၊ မြေကွက်အမှတ် ၈၂၄၊ မြေအမည်ပေါက် မိုဟာမက်အီဘရာဟင်မူဆာ ၁၂/မဂတ(နိုင်)၀၇၄၆၂၁၊ ဒေါ်လှလှအေး ၁၂/မဂတ(နိုင်)၀၄၅၉၁၉ ၏ မြေချစလစ်ဖြင့် ဦးထွန်းထွန်းဝင်း ၁၂/တမန(နိုင်)၁၀၄၆၉၇ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၆)၊မြေနှင့်အခွန်ဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၃၇)နှစ်မြောက် မင်္ဂလာဆုတောင်း

သားတို့ သမီးတို့၏ ချစ်ရသုံးဖေကြီးနှင့် မေကြီးတို့၏ ၁၅-၆-၂၀၁၄ ရက်တွင် ကျရောက်သော (၃၇) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ထက်ဆုံးတိုင် ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ယခုထက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သားကြီး - မင်းမင်း-ချစ်သမီးကြီး မစု
ချစ်သား - ကိုရဲ -ချစ်သမီး နွေးနွေး
ချစ်သမီးငယ်လေး - ဂူးဂူး
ချစ်မြေးလေး - တုံတုံနှင့် (၉)မိုင်မိသားစု

(၃၇)နှစ်မြောက် မင်္ဂလာဆုတောင်း

Bo Minn Bo Construction Co., Ltd. ဥက္ကဋ္ဌနှင့်ဇနီးတို့၏ ၁၅-၆-၂၀၁၄ ရက်တွင် ကျရောက်သော (၃၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာနှင့် လူမှုအကျိုးပြုလုပ်ငန်းများ ယခုထက်ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

B.O.D အဖွဲ့နှင့် ဝန်ထမ်းမိသားစု
Bo Minn Bo Construction Co., Ltd.

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဒေါ်မာမာထွန်း Executive Director, MGS Group of Companies ၏ ၁၅-၆-၂၀၁၄ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ္တသုခ၊ ကာယသုခနစ်ဖြာသော ချမ်းသာခြင်းများဖြင့် အမြဲပြီးပြည့်စုံပြီး၊ ချစ်မြတ်နိုးသောခင်ပွန်း ဦးအောင်မိုးကျော်၊ ချစ်သမီး မပွင့်၊ ချစ်သား မောင်ကျော်ထက်တို့နှင့်အတူ အစဉ်ထာဝရပျော်ရွှင်ချမ်းမြေ့စွာဖြင့် လူမျိုး၊ ဘာသာ၊ သာသနာ၊ တိုင်းပြည်အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း ဦးအောင်မိုးကျော်
Chairman
IBTC Group of Companies
ချစ်သမီး- မပွင့်
ချစ်သား- မောင်ကျော်ထက်

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် (၇၄၄)၊ ဦးပိုင်အမှတ် (၇၄)၊ ဧရိယာ ၀ ဒသမ ၀၂၂၅၈ဧက အကျယ်အဝန်းရှိ ဦးချမ်းမြေ့ထွန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားပြ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးအောင်ခိုင်မျိုး	**ဒေါ်အေးမြတ်သူ**
(စဉ်-၂၅၃၄၃)	**(စဉ်-၃၅၁၅၄)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၉၁၀၂၀၀၅၁	**ဖုန်း-၀၉-၉၁၀၁၃၉၂၃**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် ၈၇၁၊ ပေ(၄၀×၆၀)၊ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊ အိမ်အမှတ် (၈၇၁)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်မြေအမည်ပေါက် ဦးခင်မောင်ချို ၁၂/လသန(နိုင်)၀၂၀၄၄၃ ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးအထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၁၈/၂၀၁၁)ရရှိသူ ဒေါ်နွဲ့ယဉ်စိုး ၆/ထဝန(နိုင်)၀၉၉၅၂၀ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ် စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်ကြူကြူအောင် ၁၂/ဗဟန(နိုင်)၀၁၈၂၀၄ထံမှ ကျွန်မမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသည့်အထောက်အထားဖြင့် ကျွန်မထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်မြင့်သီရိကျော် ၁၂/ပဘတ(နိုင်)၀၂၆၇၉၅
ဖုန်း-၀၉-၂၅၄၀၄၂၆၆၈

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

မောင်အောင်မင်းထင်ကျော်(ခ)မောင်အန်းကူ

အသက်(၃၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဟာစတာဗဟာဒူး-ဒေါ်ဂူမား)၊ ကလောမြို့၊ အမှတ် ၃၅၊ မြို့ပတ်လမ်း၊ ငါးနှစ်ကောင်ကျောင်းတိုက်နေ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)တို့၏မြေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၀/၆၂၊ မဟာဗန္ဓုလလမ်း၊ ရွှေပေါက်ကံမြို့နယ်နေ ဒုအရာခံဗိုလ်ထင်ကျော် (ငြိမ်း)-ဒေါ်အေးအေးမြင့်(Sarah)တို့၏သားငယ်၊ ဦးသန်းဇော်ဌေး(MOGE)အထက်မင်းလှ(PIC)-ဒေါ်ယုဇနထင်ကျော်၊ ဦးမင်းချစ် (မြန်မာ့လေကြောင်း၊ ဗန်းမော်)-ဒေါ်နွယ်နီထင်ကျော်တို့၏မောင်၊ (ဗိုလ်ကံကောင်း)၏ညီ၊ မောင်တေဇသီဟ၊ မောင်ဉာဏ်ဖြိုးအောင်တို့၏ဦးငယ်သည် ၁၃-၆-၂၀၁၄ရက်(သောကြာနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂း၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု



ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဗိုလ်မှူးကြီးမင်းလွင် (ငြိမ်း) အသက် (၈၄)နှစ်

BC-6299 (ကြည်း-၆၂၉၉)၊ ဗိုလ်သင်တန်းအပတ်စဉ် (၇)

နာယက (ကုက္ကိုင်းရေကူးအသင်း)

၉-၆-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးခဲ့သော ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)၏ နာရေးကိစ္စအဝဝတွင် လိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်ဆွေရပ်မျိုးများ၊ အသင်းအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ကုမ္ပဏီအသီးသီးမှဝန်ထမ်းများ၊ ဝမ်းနည်းကြောင်းနှင့် နှစ်သိမ့်အားပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ ဝမ်းနည်းကြောင်းပန်းခွေ၊ ပန်းခြင်းနှင့် သက်နိုးများပေးပို့ခဲ့ကြသော ရပ်ဝေးရပ်နီးမှမိတ်ဆွေများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း E-mail၊ Face Book ဖုန်းဖြင့် ဝမ်းနည်းကြောင်း မျှဝေခံစားနှစ်သိမ့်အားပေးခဲ့ကြ သောနိုင်ငံရပ်ခြားမှ မိတ်ဆွေ၊ သူငယ်ချင်းများ၊ သတင်းစာမှဝမ်းနည်းကြောင်း သဝဏ်လွှာထည့်သွင်းဖော်ပြခဲ့ကြသော လုပ်ဖော်ကိုင်ဖက်များနှင့်မိတ်ဆွေများ၊ နာမကျန်းဖြစ်စဉ်က မေတ္တာဖြင့် အစစအရာရာကူညီစောင့်ရှောက်ခဲ့ကြသော ဆရာဝန်၊ ဆရာမများ၊ ကွယ်လွန်ပြီးနောက် နေအိမ်မှသုသာန်သို့ ဂရုတစိုက်ပို့ဆောင်ပေးခဲ့ကြသော နာရေးကူညီမှုအသင်း(ရန်ကုန်)တို့အား ကွယ်လွန်သူ ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)မိသားစုဝင်များမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ခင်ဦးမြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးမျိုးဝင် ပါ-၃	**နှင့်**	ဒေါ်စန်းရီ ပါ-၇
တရားလိုများ		**တရားပြိုင်များ**

ခင်ဦးမြို့နယ်၊ မြို့သစ်ကျေးရွာနေ ကိုအောင်ကျော်သက် (ဘ)ဦးစိုးတင့်နှင့် ကိုအောင်လွင် (ဘ)ဦးသောင်းရင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၅ရက် (၁၃၇၆ခုနှစ်နယုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မင်းထွန်း)
မြို့နယ်တရားသူကြီး
ခင်ဦးမြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းသီ

အသက်(၈၈)နှစ်

အမှတ် ၁၀၂၁၊ နယ်ခြားစောင့်တပ်မှူး ဗိုလ်မှူးဦးစောဘလူး-ဒေါ်နန်းဇင်မာကျော်တို့၏မိခင် ဒေါ်အုန်းသီ အသက်(၈၈)နှစ်သည် ၁၂-၆-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ကြီးစောမင်းနိုင်-ဒေါ်နန်းမူမူ မိသားစု
ဗိုလ်ကြီးစောဌေးနိုင်-ဒေါ်သန်းသန်းစိန် မိသားစု
ဗိုလ်စောဆေးဝါး-မသန္တာဝင်း မိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သီတာ(ခ)ဒေါ်သန်းနွဲ့ အလပြ(ငြိမ်း)

အသက် (၇၃)နှစ်

ရန်ကုန်မြို့နေ(ဦးမောင်စံ-ဒေါ်ထွားရင်)တို့၏သမီး၊ (ဦးမြညွန့်-ဒေါ်စန်းရင်) တို့၏သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီး အောင်ညွန့်(လေ/ငြိမ်း)၏ဇနီး၊ ကိုသန့်လွင်-မမိုးစန္ဒာအောင်၊ ဗိုလ်မှူးကျော်အောင်-မနန်းအိမြတ်စမ်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မိုးသီရိလွင်၊ နန်းမြတ်ဟေကျော်၊နန်းသက်ဟေသော်တို့၏ချစ်လှစွာသောအဘွားဒေါ်သီတာ(ခ)ဒေါ်သန်းနွဲ့သည်၁၂-၆-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက်၁၀း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း အသက်(၅၈)နှစ်

ကန်တော်ကြီးဟိုတယ် သင်တန်းကျောင်းနည်းပြ(ငြိမ်း)

CCK (Bernhard Schulte/Shipping Management)

ဒေါ်ခင်အေးသစ် (Deputy Managing Director-First National Insurance) ၏ မောင် ဦးဇော်ဝင်း အသက်(၅၈)နှစ်သည် ၁၂-၆-၂၀၁၄ ရက် (ကြာသပတေးနေ့) ညနေ ၃း၅၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

First National Insurance Public Co.,Ltd.

ဒေါ်ချိုချိုဝင်းနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်အမှုသည် ဒေါ်ယဉ်မွန်သွယ် ၁၂/ဒဂရ(နိုင်)၀၀၈၉၂၇၊ အမှတ် (၂၅)၊ ဘန့်ဘွေးကုန်းလမ်း၊ ပုသိမ်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ချိုချိုဝင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ အဘိုး အဘွားများဖြစ်သည့် ဦးတင်ရွှေ၊ ဒေါ်အုန်းမြင့်တို့မှာ ကျွန်ုပ်အမှုသည်၏ ဖခင်ဖြစ်သူ ဦးမောင်မောင်ကြိုင်၊ ဒေါ်ချိုချိုဝင်း၊ဦးကျော်စိန်နှင့် ဦးသိန်းအောင်တို့ကို မွေးဖွားခဲ့ပါသည်။ ဦးသိန်းအောင်မှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပါသည်။ ကျွန်ုပ်အမှုသည်၏ အဘိုးဖြစ်သူ ဦးတင်ရွှေနှင့် ဖခင်ဖြစ်သူ ဦးမောင်မောင်ကြိုင်တို့မှာ တရားမမှုတစ်ခုဖြစ်ပွားနေ၍ အဘိုးဖြစ်သူမှ ၎င်း၏အမည်ဖြင့် နေအိမ်ဝယ်ယူမရသဖြင့် ထိုစဉ်က အိမ်ထောင်မရှိ အပျိုကြီးဖြစ်သူ ဒေါ်ချိုချိုဝင်းအမည်ဖြင့် အမည်ငှား၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၅/၈၀၂)မြေနှင့်မြေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရတနာလမ်း၊ အမှတ်(၅/၈၃၃)မြေနှင့် မြေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်တို့အား ဦးတင်ရွှေ၏ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူခဲ့ပါသည်။ ဦးတင်ရွှေမှာ ၂၀၀၄ခုနှစ်တွင်လည်းကောင်း၊ ဒေါ်အုန်းမြင့်မှာ ၂၀၁၁ခုနှစ်တွင်လည်းကောင်း ကွယ်လွန်သွားကြပါသဖြင့် အဆိုပါမြေနှစ်ကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံများသည် အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရှိခဲ့သဖြင့် ကျွန်ုပ်အမှုသည်သည် ဦးမောင်မောင်ကြိုင်၏ အမွေဝေ စုအား ရထိုက်ခွင့်ရှိသူဖြစ်ပါသည်။ ထို့ပြင် ဒေါ်ချိုချိုဝင်း (၂၀၀၀)ခုနှစ်တွင် အစ္စလာမ်ဘာသာဝင် ဦးချိုမြင့်နှင့် အိမ်ထောင်ကျ၍ အစ္စလာမ်ဘာသာကူးပြောင်းကိုးကွယ်သွားသူဖြစ်သဖြင့် မြန်မာ့ဓလေ့ထုံးထမ်းဥပဒေအရ ဦးတင်ရွှေ၊ ဒေါ်အုန်းမြင့်တို့၏ အမွေပစ္စည်းကို ခံစားခွင့်ရှိသူ မဟုတ်တော့ပါ။

ယခုဒေါ်ချိုချိုဝင်းမှ အမွေဆိုင်ပစ္စည်းဖြစ်သည့် ရန် ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရတနာလမ်း၊ အမှတ် (၅/၈၃၃) မြေနှင့် မြေပေါ်ရှိအဆောက်အအုံတို့အား ရောင်းချရန် ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် ကျွန်ုပ်အမှုသည်မှသဘောမတူ ကန့်ကွက်ကြောင်း၊ ကျွန်ုပ်အမှုသည်၏သဘောတူခွင့်ပြုချက်မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊လှူဒါန်းခြင်းများ မပြုလုပ်ပါရန် ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ချိုချိုဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဥာ LL.B အထက်တန်းရှေ့နေ(စဉ်-၂၉၁၅၀)
ရကက(၅)၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်၉၅၀/က၊ မြေကွက် တည်နေရာအမှတ် ၉၅၀/က၊ သီရိရတနာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးကျော်ဒင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်ဒင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူထားသူ ဒေါ်ခင်ခင်စိုး၁၂/ဥကတ(နိုင်)၀၃၁၃၀၉က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကိုန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ ဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းသီ

အသက်(၈၈)နှစ်

အမှတ် ၁၀၂၁၊ နယ်ခြားစောင့်တပ်မှူး ဗိုလ်မှူးဦးစောဘလူး-ဒေါ်နန်းဇင်မာကျော်တို့၏မိခင် ဒေါ်အုန်းသီ အသက်(၈၈)နှစ်သည် ၁၂-၆-၂၀၁၄ ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

ကိုနိုင်နိုင်-မလပြည့် မိသားစု(မော်လမြိုင်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းသီ

အသက်(၈၈)နှစ်

အမှတ် ၁၀၂၁၊ နယ်ခြားစောင့်တပ်မှူး ဗိုလ်မှူးဦးစောဘလူး-ဒေါ်နန်းဇင်မာကျော်တို့၏မိခင် ဒေါ်အုန်းသီ အသက်(၈၈)နှစ်သည် ၁၂-၆-၂၀၁၄ ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသိန်းလင်း-ဒေါ်စန်းစန်းဌေး မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းသီ

အသက်(၈၈)နှစ်

အမှတ် ၁၀၂၁၊ နယ်ခြားစောင့်တပ်မှူး ဗိုလ်မှူးဦးစောဘလူး-ဒေါ်နန်းဇင်မာကျော်တို့၏မိခင် ဒေါ်အုန်းသီ အသက်(၈၈)နှစ်သည် ၁၂-၆-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်စောဖိုးချို-ဒေါ်နွယ်နီအေး မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းသီ

အသက်(၈၈)နှစ်

အမှတ် ၁၀၂၁၊ နယ်ခြားစောင့်တပ်မှူး ဗိုလ်မှူးဦးစောဘလူး-ဒေါ်နန်းဇင်မာကျော်တို့၏မိခင် ဒေါ်အုန်းသီ အသက်(၈၈)နှစ်သည် ၁၂-၆-၂၀၁၄ ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကိုကိုနိုင်၊
ဦးအောင်ကျော်လင်း၊
ဦးရဲလင်းထွန်း၊
ဦးမျိုးဝင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

(၅)နှစ်ပြည့်အလွမ်း

ချစ်ပုံ(ခ)တက်ထွန်းအောင် 3rd Year Maths CDC.NO.54912

Wiper,Standard Bulk Transport Corp-Greece

(၁၅-၆-၂၀၀၉-၁၅-၆-၂၀၁၄)

အသက်(၂၅)နှစ်

ချစ်ပုံ

ဒီနေ့ဆိုရင်သားမိသားစုကို ရုတ်တရက်ခွဲခွာသွားတာ ငါးနှစ်ပြည့်သွားပြီသားရယ်၊ သားကို နေ့စဉ်နဲ့အမျှ လွမ်းဆွတ်သတိရနေပါတယ်။ သားကို သံသရာတစ်ကွေ့မှာ ပြန်ပြီးဆုံတွေ့ချင်တာကတော့ အဖေအမေတို့ရဲ့ တူညီတဲ့ဆန္ဒပါ။ မိသားစုထဲမှာ သားမရှိတော့ပေမယ့် အနားမှာ အမြဲတမ်းရှိနေတယ်လို့ မှတ်ထင်ထားပါတယ်။ သားကို ရည်စူးပြီးပြုလုပ်တဲ့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေပါတယ်။ သာဓုခေါ်ပါသားရယ်…

ချစ်တဲ့
အဖေ၊ အမေ
အိုကြီး၊ မလယ်၊ ထက်ထက်၊ မမော်ဖီး
- Age between 40-50 years old
- At least 5 years experience in sales. Automobile field is preferrable.
- Good command of English is a must.

(2) Sales Manager (Multi Brands) — Mdy — M (1)

- Any graduate with Diploma in Sales & Marketing
- Age between 37-50 years old
- At least 5 years experience in sales. Automobile field is preferrable.
- Knowledge in market trend of Northern Shan State and China
- Good command of English is a must.

(3) Sales Consultant — Ygn/ Mdy — M/ F (10)

- Any graduate
- Age between 20-30 years old
- 1-2 years of direct sales experience in Automobile field
- Pleasant personality

(4) Marketing Manager — Ygn — M (1)

- Any graduate with Diploma in Marketing
- Age between 37-45 years old
- At least 5 years experience in marketing field
- Strong communication, interpersonal and presentation skills
- Good command of English is a must

(5) Marketing Executive/ Assistant — Ygn/ Mdy — M/F (4)

- Any graduate or Diploma in Marketing
- Age between 22-30 years old
- At least 2 years experience in marketing field
- Good communication, interpersonal and presentation skills
- Good command of English is a must

(6) Lounge Assistant — Ygn — M/F (2)

- Any graduate
- Age between 20-27 years old
- At least 1 year experience in related
- Good communication, interpersonal and presentation skills
- Good command of English is a must
- To sell boutique items (Money Clip, Sunglasses, Wallet, Business bag, Watch, etc)

(7) Accountant — Ygn / Mdy — M/F (3)

- B.Com/ B.Act or Diploma in Accounting
- Age between 25-35 years old
- At least 3 years experience in accounting. Experience with multi currency is preferrable.
- Good command of English is a must

(8) Receptionist — Ygn — F (1)

- Any graduate
- Age between 20-27 years old
- At least 1 year experience as a receptionist
- Good command of English is a must
- Pleasant personality

(9) ယာဉ်မောင်း — Ygn/ Mdy — M (6)

- (၁၀) တန်းအောင် ဖြစ်ရမည်။
- အသက် (၂၅) မှ (၄၀) အတွင်းဖြစ်ရမည်။
- ယာဉ်မောင်းလုပ်သက် အနည်းဆုံး (၂)နှစ်ရှိရမည်။
- ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း အခြေခံဗဟုသုတ ရှိရမည်။

Qualified candidates are welcomed to submit an updated CV with one recent photo and other testimonials to the following addresses.

Head Office : No.(51), Pyay Road, 7.5 Mile, Mayangone Township, Yangon. (01-664059, 01-666712)

Mandalay : No. (D-226), 2nd Floor, Corner of 33rd & 77th Street,Shwe Phyu Plaza, Myanmar Computer Professionals Association (MCPA), Mandalay. 09-33371777

Email : myo.thandar@ccamyanmar.com

Deadline of application is *22nd June, 2014*.

MCC တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ နိုင်ငံတကာ တက္ကသိုလ်များမှ ချီးမြှင့်မည့် ဘွဲ့သင်တန်းများတက်နိုင်ပြီ

MCC.i

BIT (ကွန်ပျူတာဘွဲ့)
- B.Sc (Hons) Business IT

Awarded by: University of Greenwich (UK)

BBA (စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့)
Bachelor of Business Administration
- B.B.A (International Business) နိုင်ငံတကာ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့
- B.B.A (Hotel and Tourism) ဟိုတယ် နှင့် ခရီးသွား စီမံခန့်ခွဲမှုဘွဲ့

Awarded by: Siam University

B.Tech (အင်ဂျင်နီယာဒီပလိုမာ)
- Diploma in Civil Engineering
- Diploma in Mechanical Engineering
- Diploma in Electrical and Electronic Engineering

edexcel Approved Centre | BTEC

HND Diploma ရရှိပြီးနောက် ဆင့်ကဲပညာသင်ကြားခြင်း ဖြင့် Middlesex University (UK) မှ သင်ကြားပို့ချမည့် B.Sc (Hons) Engineering ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်သင်ကြားနိုင်ပါသည်။

Central Equiry & Registration
Pls call : Hot Line - 246634, 2304156

Yangon Campus Ph - 01-245762, 249152, 395512
Naypyitaw Campus Ph - 09-31354842, 09-254148940
Mandalay Campus Ph - 02-77930, 09-91034062, 09-402671562
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132

Opening Date 23 June 2014

အထူးပြုနိုင်ငံခြားဘာသာ သင်တန်း

L.O(4)

Sat,Sun 9:00(am)-12:00(pm)

09 500 1599, 09 8632973,09 4500 17415

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီးလမ်းဆက်သွယ်ရေးဌာန ပဲခူးမြို့
ကတ္တရာဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

CHARACTERISTICS	SPECIFICATION	TEST METHOD
Specific Gravity @ 25/25 deg C	1.01-1.04	D 70
Penetration @ 25 deg C	80-100	D 5
Softening Point deg C	45-48	D 36
Ductility at 25 deg C (cm)	100 Min	D 113
Loss on Heating(%)	0.5 Max	D 6
Drop in Penetration after Heating Point	20 Max	D 5
Flash Point deg C	220 Min	D 92
Solubility in Trichloroethane Sust.	99.5 Min	D 2042
Organic Matter in Soluble in Trichloro	0.2Max	D 2042
Wax Content PCT	2.0 Max	DIN 52015

Aiming For Success

edexcel Approved Centre

Myanmar Noble College တွင်ဖွင့်လှစ်မည့် BTEC HND သင်တန်းများ

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏ BTEC HND Certificate ရရှိမည့်ဘာသာရပ်များကို (၇.၇.၂၀၁၄)ရက်နေ့တွင် Myanmar Noble College ၌ တန်းခွဲသစ် (7th Batch) ဖွင့်လှစ်ရန်ရှိပါသည်။

သင်ယူနိုင်သော ဘာသာရပ်များ -
- ✓ HND Engineering
  - Construction & the Built Environment (Civil)
  - Electrical & Electronics
  - Mechanical
- ✓ HND Business
- ✓ HND Computing & System Development (IT)

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ၊ IGCSE (or)GCE'O' Level အောင်မြင်ထားသူများသည် Foundation မှတက်ရောက်နိုင်ပြီး LCCI Level(3) ပြီးစီးသူများသည် Year I မှဆက်လက်တက်ရောက်နိုင်ပါသည်။

Edexcel ၏ Syllabus အတိုင်းသင်ကြားလျက်ရှိပြီး၊(၆)လတစ်ကြိမ် External Verifier များမှမှန်မှန်စစ်ဆေးကြီးကြပ်လျက်ရှိရာ 1st Batch ကျောင်းသား/ကျောင်းသူများ HND Certificate များရရှိခဲ့ပြီးဖြစ်ပါသည်။

Myanmar Noble College မှ HND Certificate ရပြီးနောက်ဘာသာရပ်အလိုက် Bachelor Degree ရရှိရန်အတွက် UK နိုင်ငံ University of Portsmouth, University of the West of England (Bristol), Singapore နိုင်ငံ PSB Academy, MDIS နှင့် Shelton College များသို့ဆက်လက်တက်ရောက်နိုင်ရန် စီစဉ်ရွက်ထားပါသည်။

Myanmar Noble College
No.(108), Hninsi Street (Upper), Ahlone Township, Yangon, Myanmar. Ph-01-220476 , 09-73163975
www.myanmarnoblecollege.com

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

"အထူးကျေးဇူးတင်ဂုဏ်ပြုလွှာ"

(၂၀၁၃-၂၀၁၄)ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် **သမီးမထက်မိမိနိုင် ခုံအမှတ်(အသ-၆၆၈)**သည် (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါသည်။ ယခုကဲ့သို့ ဘာသာစုံဂုဏ်ထူးထွက်ရှိအောင် ငယ်စဉ်အခါကပင်စနစ်တကျပညာသင်ကြားပေးခဲ့ပါသော ပုသိမ်မြို့ အ.မ.က(၂၄)မှ ဆရာ၊ဆရာမများ(၂၀၀၄မှ၂၀၀၈ထိ)၊ အ.ထ.က(၆)မှ ဆရာ၊ဆရာမများ (၂၀၀၉မှ၂၀၁၄)အထိ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် နေ့စဉ်မပြတ်ကြိုးပမ်းလမ်းညွှန် သင်ကြားပေးသော ဆရာ၊ဆရာမများအား အထူးကျေးဇူးတင်ရှိပါသည်။

ထူးချွန်စွာအောင်မြင်ခဲ့သော သမီးမထက်မိမိနိုင် အား ချီးကျူးဂုဏ်ပြုစကားပြောကြားပေးပါသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိမျိုးဦးသိန်းအောင်နှင့် ဇနီးဒေါ်ခင်ဌေးမြင့် တို့အား ဂါရဝပြုမှတ်တမ်းတင်အပ်ပါသည်။

သမီးအပေါ် ဂုဏ်ပြုချီးကျူးစကားများပြောဆိုပေးကြသော ဆွေမျိုးမိတ်ဆွေအပေါင်းအားလည်း သမီးလေးကိုယ်စား အထူးကျေးဇူးတင်ရှိပါသည်။

ဦးကိုကိုနိုင်၊ ဒေါ်ခင်ညို(ထွေး)
(ညိုညို၊စတိုး)
ပုသိမ်မြို့။

ကျေးဇူးအနန္တ "ထူး" နည်းပြ

၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးများစွာဖြင့် အောင်မြင်အောင် သင်ကြားပေးခဲ့သော ကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများ နှင့် တချင်ပြည်နယ်၊ မိုးညှင်းမြို့ရှိ ဆရာ ဦးဆန်းအောင်ထူး+ ဆရာမ ဒေါ်ထွေးထွေး တို့ဦးစီးဖွင့်လှစ်သော "ထူး" ဘာသာရပ်ကိုယ်ပိုင်သင်တန်း (မိုးညှင်းမြို့) မှ ဆရာ၊ ဆရာမများအား ကျေးဇူးအနန္တ ဂါရဝပြုဖြင့် -

ဘာသာစုံဂုဏ်ထူးရှင် (၇) ဦး	၅-ဘာသာဂုဏ်ထူးရှင် (၉) ဦး	၄-ဘာသာဂုဏ်ထူးရှင် (၆) ဦး	၃-ဘာသာဂုဏ်ထူးရှင် (၆) ဦး
ကညာ-၅ မချိုမေညိမ်းမွန်ကျော်	ကညာ-၆၈ မအေးသုနန္ဒ	ကညာ-၄၈ မောင်မြင့်မြတ်	ကညာ-၂၆ မစိုးချွင်ဦး
ကညာ-၈ မနှင်းသီရိကို	ကညာ-၈၅ မောင်ခွန်မာန်ထွန်း	ကညာ-၈၁ မောင်ဇင်မင်းထက်	ကညာ-၁၉၄ မနန်းထိမ့်ဝင်း
ကညာ-၁၅၀ မသဉ်သဉ်ဆွေ	ကညာ-၂၀၄ မနှင်းသက်ဝေ	ကညာ-၁၂၆ မသင်းသင်းနိုင်	ကညာ-၂၀၆ မအေးချမ်းသူ
ကညာ-၁၅၆ မောင်မိုးဝင်းမောင်	ကညာ-၂၀၈ မဒီဒီရိုးသန်း	ကညာ-၁၈၆ မသက်သက်ထွေး	ကညာ-၂၃၈ မရွှန်းရတနာအောင်
ကညာ-၃၈၆ မောင်အောင်သန့်ထွေး	ကညာ-၂၁၈ မောင်ခွန်သန့်	ကညာ-၂၁၆ မောင်အောင်မျိုးသန့်	ကညာ-၂၆၁ မောင်မြိုးသန့်အောင်
ကညာ-၃၈၅ မနန်းရွှေမှုန်ထွန်း	ကညာ-၂၃၀ မမေစုနန်းအောင်	ကညာ-၂၃၃ မောင်ထွန်းလောကီအောင်	ကညာ-၃၉၁ မသက်သက်နိုင်
ကညာ-၄၂၃ မဇင်ထိမ့်အောင်	ကညာ-၂၄၄ မောင်မြို့သောက်အောင်		
	ကညာ-၂၄၇ မနှင်းထိမ့်ဦးအောင်		
	ကညာ-၃၉၄ မောင်ကျော်ဇင်မိုး		

၂-ဘာသာဂုဏ်ထူးရှင် (၁၂) ဦး
၁-ဘာသာဂုဏ်ထူးရှင် (၆၅) ဦး

"ထူး" ဘာသာရပ်ကိုယ်ပိုင်သင်တန်း ၏ ဂုဏ်ထူးရှင် (၁၀၅) ဦး

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၁၀/၃၄ ရပ်ကွက်၊ မြို့မလမ်း၊ မြေကွက်အမှတ် ၇၀၉၊ ဧရိယာအကျယ်အဝန်း ပေ(၂၀×၆၀) ဦးအောင်အောင် ၁၂/ဝမန(နိုင်) ၁၀၂၁၂၄ အမည်ပေါက် မြေကွက်ထံမှ ကျွန်တော် ဦးဇင်မင်းထွန်း ၁၄/ဓနဖ(နိုင်) ၁၄၃၇၆၅က ဝယ်ယူရန် စရန်ငွေအချို့ကို ပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းယူဆောင်လာပြီး ယနေ့မှစ၍ တစ်ပတ်အတွင်းနောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇင်မင်းထွန်း ၁၄/ဓနဖ(နိုင်) ၁၄၃၇၆၅
ရဲစခန်းဝင်း၊ လှိုင်မြို့နယ်

U Win Min Tun
B.A Korean (Y.U.F.L)
ကိုရီးယားဘာသာ
အထူးသီးသန့် သင်တန်းကျောင်း
သင်တန်းအပ်လက်ခံပြီ
အမှတ်(၃၄၇)၊ ၄လွှာ၊ ၃၃လမ်းထိပ်၊ မဟာဗန္ဓုလလမ်း။

Gusto
IT Professional Institute
SQL Server 2008
Database Design & Development Course
289 (A), Pyay Road, Sanchaung Township, Ygn. Ph: 09- 73031302, 01- 504632, 01-503715

စင်္ကာပူ-ယူကေ-ဩစတြေးလျ-အမေရိကန်နိုင်ငံတို့၏ ကျောင်းဝင်ခွင့်များကိုတစ်နေရာထဲတွင်ရယူနိုင်မည့်
"GLOBAL EDUCATION FAIR"
Organized by CROWN EDUCATION & KAPLAN
. International School များမှ ကျောင်းသားကျောင်းသူများ SAT ဖြေသင့်သလား IGCSE ဖြေသင့်သလား
REGISTER NOW : 01 527 838, 09 730 40 688, 09 732 732 77
YANGON 20 June
MANDALAY 22 June



ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

Since 1996

ဆရာဝန်များဦးစီးသည့်

စံပြဘော်ဒါ ကိုယ်ပိုင်အထက်တန်းကျောင်း

ယခုနှစ် (၁၀)တန်းကျောင်းအောင်ချက် ၉၀ %

ယခုနှစ် repeater တန်းခွဲအောင်ချက် ၁၀၀ %

ဗိုလ်ချုပ်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း - ၀၉-၅၁၅၈၈၈၅၊ ၀၁-၆၃၈၀၅၁၊ ၀၉-၄၂၀၀၈၆၆၅၁

သာယာဝတီကြွေပြား၊ ကြွေအမိုးပြား၊ ပန်းကန်မျိုးစုံ၊ ရေအိမ်သုံးကြွေထည်နှင့် ဗို့အားနိမ့်ကြွေသီး(မော်လမြိုင်)များအား ရောင်းချရန်

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ(သာယာဝတီ)၏ ထုတ်လုပ်ရေးဌာနများမှ ထုတ်လုပ်သည့် ကြွေပြား၊ ကြွေအမိုးပြား၊ ပန်းကန်မျိုးစုံ၊ ရေအိမ်သုံးကြွေထည်နှင့် ဗို့အားနိမ့်ကြွေသီး(မော်လမြိုင်)တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၄ ရက်မှ ၃၀-၆-၂၀၁၄ ရက်အထိ
အချိန် - ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၇-၂၀၁၄ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ နှင့်တင်သွင်းရမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

အများသိစေရန်ကြေညာချက်

[illegible]

PME [illegible]

ဦး[illegible] LL.B (Advocate)
[illegible]
အမှတ် (၈၃) အခန်း - ၁၄/D [illegible]

စိမ်းသွေး
Since-1993
[illegible] (၂၀)နှစ်ပြည့် [illegible]
၁၉ - ၆ - ၂၀၁၄ ဖွင့်မည်
Ph;09-43082855, 09-421152155, 01-583121

AMAZING DREAMS
TRAVELS & TOURS
ရုံးခန်းပြောင်းရွှေ့ ဖွင့်လှစ်ခြင်း
AMAZING DREAMS [illegible]
ဖုန်း - [illegible]

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂/တောင်၊မြေကွက်အမှတ်၈၄၃ /ခ၊ မြေကွက်တည်နေရာအမှတ် ၈၄၃/ခ ၊ မာန်ပြေ ၂လမ်းအနောက်၊ ၂/တောင် ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်ကျင်အေး) အမည်ပေါက် နှစ် ၆၀ဂရန်မြေ အား အမည်ပေါက် ဒေါ်ကျင်အေးက ဂရန်မူရင်း ပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

[illegible]

သာသနာပြုသင်တန်းသားများခေါ်ယူခြင်း

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပီနန်ဆရာတော်ကြီး၏ ဩဝါဒလမ်းညွှန်မှုအရ နိုင်ငံတကာရှိ မြန်မာကျောင်းများ၌ သာသနာပြုအရည်အချင်းပြည့်စုံသော ရဟန်းတော်များ အလွန်တရာလိုအပ်နေသဖြင့် သံဃာတော်အရှင်သူမြတ်တို့နှင့် သာသနာ့အနွယ်ဝင်သီလရှင်များအား မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် နှစ်နှစ်နှင့်လေးနှစ် သာသနာပြုသင်တန်းတစ်ရပ်ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတက်ရောက်လိုကြသော သံဃာတော်အရှင်မြတ်များနှင့် သာသနာ့အနွယ်ဝင်သီလရှင်များသည် သတ်မှတ်ထားသောပုံစံများကို မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် ရယူဖြည့်စွက်၍ ၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၉ရက် (၂၁-၆-၂၀၁၄)ရက် (စနေနေ့) နောက်ဆုံးထားတင်ပြကြရပါမည်။

အရည်အချင်းသတ်မှတ်ချက်များမှာ-

၁။ ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ (သို့မဟုတ်)အစိုးရဓမ္မာစရိယအောင်ရမည်။
၂။ အနည်းဆုံး (၁၀)တန်းအဆင့် အင်္ဂလိပ်စာအရည်အချင်း ရှိရမည်။ ဓမ္မာစရိယဘွဲ့ရအတွက် အထူးစဉ်းစားပေးမည်။
၃။ အသက် (၃၀)ထက် မကျော်စေရ။
၄။ အရပ်အနိမ့်အမြင့် သင့်တင့်ကောင်းမွန်ရမည်။
၅။ ကျန်းမာသန်စွမ်းရမည်။
၆။ သာသနာဝင်ကတ်မူရင်းနှင့်မိတ္တူ၊ ဆယ်တန်းအောင်လက်မှတ်မူရင်းနှင့် မိတ္တူ၊ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။
၇။ ပတ်စ်ပို့ဓာတ်ပုံ သုံးပုံပါရှိရမည်။

လျှောက်လွှာပိတ်ရက် - ၂၁-၆-၂၀၁၄ ရက် (စနေနေ့) (၁၃၇၆ ခုနှစ် နယုန်လပြည့်ကျော် ၉ရက်)
အရည်အချင်းစစ်စာမေးပွဲရက် - ၁-၇-၂၀၁၄ ရက် (အင်္ဂါနေ့) (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၅ရက်)
အချိန် - မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီအထိ
လူတွေ့စစ်ဆေးခြင်း - ၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၅ရက် (၁-၇-၂၀၁၄ရက်) (ရေးဖြေစာမေးပွဲအပြီး ၃း၃၀ တွင် လူတွေ့စစ်ဆေးမည်။)

ဆက်သွယ်ရန်ဖုန်း
၁။ ဆရာတော်ဦးဥတ္တရ ဖုန်း-၀၉-၅၀၇၃၇၁၄
၂။ ဆရာတော်ဦးစန္ဒာသီရိ ဖုန်း-၀၉-၄၃၂၀၁၀၉၀
၃။ ဒု-ဥက္ကဋ္ဌ ဦးစောကြိုင် ဖုန်း-၀၉-၄၉၃၄၃၄၄၄
၄။ အတွင်းရေးမှူး ဦးသိန်းဦး ဖုန်း-၀၉-၄၉၂၈၃၀၆၅

သင်ကြားပို့ချကြမည့် ဆရာ ဆရာမများမှာ-

ဝါရင့်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ဘာသာရပ်အလိုက် ကျွမ်းကျင်သူ အငြိမ်းစားဆရာ ဆရာမကြီးများမှ သင်ကြားပို့ချကြပါမည်။

ပညာသင်ကြားရေးကော်မတီ
မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး
နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မေတ္တာရပ်ခံပန်ကြားလွှာ

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၅၅၊ မြန်မာမွတ်စလင် အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။အဆိုပါ အမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ငါးဖွဲ့မှ တာဝန်ယူ စီမံခန့်ခွဲအုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါ အမျိုးသမီးသာသနာ့ရိပ်သာရှိ အားကိုးရာမဲ့(ယသင်မ်) မိန်းကလေး ၇၅ ဦးရှိပါသည်။ ၄င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိပါသည်။

၄။ဖော်ပြပါ အားကိုးရာမဲ့ (ယသင်မ်)မိန်းကလေး ၇၅ ဦးအား အစိုးရအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် အတန်းပညာရပ်များကို သင်ယူစေသည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက်ရှိပါသည်။

၅။သို့ဖြစ်ပါ၍ အားကိုးရာမဲ့(ယသင်မ်) မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်လျက်ရှိနေပါကြောင်းနှင့် ယခု ရမဒ္ဒါန် (ဥပုသ်) လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသား၊ ဒါနကြေးဖြစ်သော (ဇကားသ်၊ ဖီတရာ၊ လိလ္လာ)စသည့် အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

မွတ်စလင် အမျိုးသမီးသာသနာ့ရိပ်သာ(ယာယီ)
ကြီးကြပ်ရေးကော်မတီ
ဖုန်း-၀၁-၃၇၃၈၇၈၊ ၀၉-၅၀၄၇၀၀၄၊ ၀၉-၇၃၁၆၄၉၈၀

ကန့်ကွက်လိုပါက ကြော်ငြာ [illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	မြေအမျိုးအစား	မြေကွက်	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

FAME

Nephrotec®

For healthy kidney

ကျောက်ကပ်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

Rejuvir®

Phytoestrogen supplement

မျိုးဥအားဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

သုရ(၈၁) ဆရာကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲ

OTS(81) သုရတပ်ခွဲ၏ (၂၈) နှစ်မြောက်နှစ်ပတ်လည် ဆရာကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲ ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်၍ ဆရာများနှင့် သူငယ်ချင်းများအား မျက်မကွက် တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေရာ - ဝန်ဒါမီးစားသောက်ဆိုင် (ရန်ကုန်မြို့)

နေ့ရက်နှင့်အချိန် - ၂၁. ၆. ၂၀၁၄ (စနေနေ့) ည (၆နာရီ)

ဆက်သွယ်ရန် - ၀၉ ၅၁ ၂၈၀၅၇ ၀၉ ၂၅၀၅၁၁၁၀၀၊ ၀၉ ၅၀ ၂၂၀၄၂ ၀၉ ၅၁၁၀၄ ၂၈၈ ၀၉ ၅၀၁၃၀၄၈၈ ၀၉ ၈၆ ၂၀ ၂၉၃၈

https://www.ots81-thura.webs.com

ဖခင်အမည်မှန်

[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၅-၂၀၁၄ရက်ထုတ် ဤသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၅)ပါ ခင်ခင်ထွေး ဒုတိယခရိုင်တရားသူကြီး(၂)မိတ္ထီလာခရိုင် တရားရုံး၏ ရောင်းရန်ကြော်ငြာစာတွင် ကွန်ကရစ်ခင်း လူနေတစ်ထပ်တိုက်အစား ကွန်ကရစ်ခင်း လူနေနှစ်ထပ်တိုက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်။

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ညွှန်ကြားချက်အရ— ဦးခင်မောင်ချို(စဉ် ၉၄၇၈)

LEGAL CONSULTANT

ပြည်ထောင်သမ္မတမြန်မာနိုင်ငံ ဥပဒေအကြံပေးလုပ်ငန်း

[illegible]

ကန့်ကွက်နိုင်ပါသည်။

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၁၆၇/ခ၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မြင့်ဝေ ၁၂/လမန(နိုင်)၀၁၇၁၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးလင်းဘုန်းမြတ် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၈၀၅)
ရုံးခန်း - အမှတ် ၁၅၈၊ ၁၆၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉-၃၁၀၅၇၅၈၂

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကွမ်းရွံတန်းလမ်း၊ အမှတ် ၅၄၊ (၂၂ဒသမ၆ပေ×ပေ၅၀)မြေအမည်ပေါက် ဦးခင်မောင်ဦး၏အိမ်နှင့်မြေအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ အိမ်နှင့်မြေအား မြေအမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ညိုညိုဝင်း ၁၂/ဥကမ(နိုင်)၀၆၀၃၆၀က ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်နှင့်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါအိမ်နှင့်မြေအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခိုင်ဌေး (LL.B,DBL,DIL)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၇၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၁

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကြော်ငြာကဏ္ဍ

ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

၁။ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာ၊ အင်းလေးရေပြင်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ဟိုတယ်ဆောက်ရန် မြေနေရာကောင်း ၉ဒသမ၅ဧက

၂။ ကလောမြို့နယ်၊ (၉)ရပ်ကွက်၊ ကွက်သစ်ရှိပေ(၅၀×၁၀၀) ၇ကွက်

၃။ ကလောမြို့နယ်၊ (၈)ရပ်ကွက်ရှိ မြေကွက်များ ၃ကွက်

၄။ ပုဂံမြို့သစ်၊ Thazin Garden Hotel အနီး ဂရန်ပါမြေကွက်ပေ(၆၀×၈၀) ၄ကွက်

အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၁၈၈၅၁၇၊ ၀၉-၂၅၀၄၈၁၇၄၅

အစကောင်းကြိုက်သူများအတွက်

[illegible]

ဖုန်း-681209, 681504, 682934, 09 73249922

အများသိစေရန် ကြော်ငြာခြင်း

[illegible]

Hein Htet San Law Firm

အများသိစေရန် ကြော်ငြာခြင်း

[illegible]

Hein Htet San Law Firm

သွင်းကုန်ကြေညာလွှာ 3rd copyပျောက်ဆုံးခြင်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သွင်းကုန်ကြေညာလွှာ 3rd copy ID 135050 (2-9-2011)မူရင်းမှာ လမ်းခရီးတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့ပါရန်။

ဆိပ်ကမ်းရှင်းလင်းရေးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
အမှတ် ၄၇၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးတွင် အသုံးပြုရန်အတွက် Commuter Motorcar (၂)စီးနှင့် Prado Motorcar (၁)စီး၊ စုစုပေါင်း မော်တော်ယာဉ် (၃)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ မော်တော်ယာဉ် သုံးစီး ဝယ်ယူတင်ဒါပေးသွင်းလိုသည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၄ ရက်မှစ၍ ၂၄ လမ်းနှင့် ၆၅ လမ်းထောင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ ၈-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ၁၈-၇-၂၀၁၄ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၂-၃၉၀၈၅၊ ၀၂-၃၆၉၁၅

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး

" သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာချက် "

[illegible]

H.A (Law), LL.B., DL Graduate (WIPO-Switzerland), Advocate
MAC Tower, # [illegible]
Tel : 95-1-706846 / 384382, GSM : 95-9-5121448
E-mail : kmm-lawyer@myanmar.com.mm.

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးဝင်းလွင် ၁၂/ကမရ(နိုင်)၀၄၁၆၉၈(မှ)	ဦးဝင်းအေး ၇/နတလ(နိုင်)၀၅၅၂၈၈	တိုက်အမှတ်(၁၃)၊ အခန်း(၂၈) ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၅၀၄/ခ၊ မြေကွက်တည်နေရာအမှတ် ၅၀၄/ခ၊ အနော်မာ ၁၁လမ်း၊ ၁ ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်ရန်)အမည်ပေါက်၊ နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးရာမာန်(ဖခင်)နှင့် ဒေါ်ရန်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဟူစိန်(ခ)ဦးထွေး ၁၂/သကတ(နိုင်)၁၁၉၄၆၃က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

AIR KBZ

ပြင်သစ်နဲ့ အာဂျင်တီးနားတို့ နိုင်ပွဲကိုယ်စီရရှိမယ့် ကမ္ဘာ့ဖလားပွဲများ

ထက်အောင်

မက်ဆီ

ဘင်ဇီမာ

နာမည်ကြီးကစားသမား အများအပြား ပါဝင်တဲ့ အာဂျင်တီးနားဟာ အဖွင့်ပွဲစဉ်မှာ ဘော့စနီးယားလို ကစားပုံမာကျောတဲ့အသင်းနဲ့ရင်ဆိုင်ရမှာမို့ ရလဒ်ကောင်းရဖို့ အားစိုက်ရုန်းကန်ရနိုင်တယ်။ ဟွန်ဒူးရပ်စ်လိုအသင်းနဲ့ ရင်ဆိုင်ရမယ့် ပြင်သစ်အသင်းကတော့ အဖွင့်ပွဲစဉ်မှာ အမှတ်ပြည့်ရရှိဖို့ သေချာနေတယ်။

ဆွစ်ဇာလန် Vs အီကွေဒေါ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၅-၆-၂၀၁၄၊ ည ၁၀း၃၀ Nacional Mane Garrincha
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

အုပ်စု(E)မှာ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ ရေပန်းစားနေတဲ့ အသင်းတွေအနက်က တစ်သင်းဖြစ်တဲ့ ဆွစ်ဇာလန်ရဲ့ အသင်းလိုက် ရုန်းအားကောင်းမွန်မှုရှိပြီး ကမ္ဘာ့ဖလား ပြိုင်ပွဲမတိုင်ခင်ကစားခဲ့တဲ့ ခြေစမ်းပွဲသုံးပွဲမှာ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တယ်။ ဆွစ်ဇာလန်အသင်း တိုက်စစ်မှူးတွေဟာ လူငယ်ကစားသမားတွေသာဖြစ်ပြီး နိုင်ငံတကာပွဲလည်းနည်းပါးသေးသူတွေဖြစ်တယ်။ ဒါပေမယ့် ကွင်းလယ်မှာ အင်လာ၊ ဘာနက်တာ၊ ရှာကွီရီတို့လို ဥရောပအခြေစိုက် ကစားသမားတွေ ပါဝင်နေသလို လီချက်စတိန်နာ၊ ဆန်းဒရို့စ်၊ ဒီဂျူရူး၊ ဇီဂလာတို့ ဦးဆောင်တဲ့ ခံစစ်ကလည်း တောင့်တင်းမှုရှိတာကြောင့် အီကွေဒေါ အခက်တွေ့နိုင်တယ်။ နောက်ဆုံးခြေစမ်းပွဲမှာ အင်္ဂလန်ကို နှစ်ဂိုးစီသရေကစားနိုင်ခဲ့တဲ့ အီကွေဒေါရဲ့ရုန်းအားက မဆိုးဘူးလို့ဆိုရမယ်။ ဒါပေမယ့် မန်ယူကွင်းလယ်ကစားသမား ဗလန်စီယာ ဦးဆောင်တဲ့ အီကွေဒေါအသင်းဟာ ခံစစ်ပိုင်းအားနည်းမှု အနည်းငယ်ရှိနေတာကြောင့် ဆွစ်ဇာလန်အသင်းတရဲ့တိုက်စစ်ကို ခက်ခက်ခဲခဲ ထိန်းချုပ်ရနိုင်တယ်။ နှစ်သင်းစလုံး အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ကစားပုံပိုမိုတည်ငြိမ်တဲ့ ဆွစ်ဇာလန်အသင်းက တစ်ဂိုးအသာနဲ့ ကပ်နိုင်သွားလိမ့်မယ်လို့ မြင်မိတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁

ပြင်သစ် Vs ဟွန်ဒူးရပ်စ်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၆-၆-၂၀၁၄၊ နံနက် ၁း၃၀ Estadio Beira-Rio
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

ပြင်သစ်အသင်းဟာ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်စဉ်တုန်းက အုပ်စုအဆင့်မှာ နိုင်ပွဲမရှိဘဲ ပြိုင်ပွဲကထွက်ခဲ့ရတဲ့ဖြစ်ရပ်ဆိုးကို ချေဖျက်နိုင်ဖို့ အခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲမှာ အားထည့်ကစားလာမှာပါ။ အဓိက ကွင်းလယ်ကစားသမား ရီဘာရီ ပါဝင်နိုင်ခြင်းမရှိပေမယ့် ပြင်သစ်ရဲ့ကွင်းလယ်ဟာ ပေါ့ဂ်ဘာ၊ ဗယ်လ်ဘူနာ၊ မက်ယူဒီတို့လို ကစားသမားတွေရှိ နေတာကြောင့် တောင့်တင်းနေဆဲဖြစ်ပြီး တိုက်စစ်မှာလည်း ဘင်ဇီမာ၊ ဂီရောက်ဒ်တို့ ရှိနေတာကြောင့် ဟွန်ဒူးရပ်စ်ကို အကောင်းဆုံး ဖိအားပေးနိုင်စွမ်းရှိတယ်။ ပြင်သစ်ခံစစ်ကလည်း နောက်ဆုံးခြေစမ်းပွဲလေးပွဲမှာ တစ်ဂိုးသာပေးရတဲ့အထိ ကစားပုံ

စာမျက်နှာ ၃ သို့

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး

အသည်းရောဂါ ဘီပိုး စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး

• ... Case Study ...

• ... (ALT, ALP, AST), T.BIL ...

မြန်မာ့အလင်း

၁၅-၆-၂၀၁၄ (တနင်္ဂနွေနေ့)

အာဂျင်တီးနား ကစားသမားများ

၂၀၁၄ က စောင့်ကြည့်ခံ အာဂျင်တီးနား

ဝေမိုးဆက်

အာဂျင်တီးနားနဲ့ ကမ္ဘာ့ချန်ပီယံဆု။ ဝေးကွာလာတာက ၂၈နှစ်ရှိပြီ။ ဒီတော့ ဒီတစ်ကြိမ်မှာ သူတို့အနေနဲ့ ကမ္ဘာ့ချန်ပီယံဆုကို တစ်ကျော့ပြန် သိမ်းပိုက်နိုင်မလား။ တွေးကြ၊ တွက်ကြနဲ့ အာဂျင်တီးနားဆိုတဲ့အမည်က ရှေ့ကိုထွက်သထက်ထွက်လာတယ်။ ကျွမ်းကျင်သူတွေကအစ ဗိုလ်စွဲမယ့်စာရင်းမှာ အာဂျင်တီးနားရဲ့အမည်ကို ဘရာဇီးရဲ့အမည် နောက်မှာကပ်ပြီးထားတယ်။ အဓိပ္ပါယ်က ဗိုလ်စွဲဖို့အတွက် ဒုတိယမြောက်အလားအလာအရှိဆုံးအသင်း။ ဒုတိယမြောက် ရေပန်းအစားဆုံးအသင်း။ ပြောမယ်ဆိုရင် အာဂျင်တီးနားအသင်းဟာ ကစားသမား အရင်းအမြစ်ပိုင်ဆိုင်မှုမှာ ဘယ်ထိပ်တန်းအသင်းကိုမဆို ယှဉ်နိုင်တယ်။ အဓိကအားဖြင့် မဟာလို့ခေါ်ထိုက်တဲ့ တိုက်စစ်အစုအဝေး။ ဒီဘရီယာ၊ ဟီဂွါယင်၊ မက်ဆီ၊ သာဗက်ဇီ၊ အဂူရိုတို့နဲ့ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အစုအဝေးကို ပိုင်ဆိုင်ထားချိန်။ ဒီတော့ အာဂျင်တီးနားချန်ပီယံဖြစ်မလား မေးစရာဖြစ်လာပြီ။

အထူးသဖြင့် သူတို့မှာ နောက်ထပ် အားသာချက်တစ်ရပ်ရှိတယ်။ အဲ့ဒါက ရေခံမြေခံ။ ကျင်းပမှာကိုက တောင်အမေရိကဒေသမှာ။ ဘရာဇီးရဲ့ ရာသီဥတုနဲ့ ပထဝီသွင်ပြင် လက္ခဏာ ဘယ်လိုပဲမျက်နှာများတယ်ပြောပြော အခြားကမ္ဘာ့ချန်ပီယံဆုကို ချိန်နိုင်တဲ့ ဥရောပအသင်းတွေထက်တော့ အာဂျင်တီးနားက ပိုနီးစပ်၊ ပိုအသားကျနိုင်တဲ့အခါ တိုက်စစ်အစုအဝေးအင်အားက လိုတာထက်ပိုပြည့်စုံမှုရယ်။ ပထဝီသွင်ပြင်လက္ခဏာအရ အလျင်အမြန် အသားကျနိုင်တာရယ်ပေါင်းကြည့်ရင် ဘရာဇီးပြီးရင် အာဂျင်တီးနားဆိုတာဖြစ်သင့်ဖြစ်ထိုက်တဲ့ အလေးသာမှုလို့ ဆိုရမယ်။

တစ်ခြားမကြည့်နဲ့။ အာဂျင်တီးနားရဲ့ လူစာရင်းပေါင်းထုတ်မှုကို စိစစ်စီစီသရုပ်ခွဲထုတ်ကြည့်။ မက်ဆီ၊ ဒီဘရီယာ၊ အဂူရိုနဲ့ ဟီဂွါရင်တို့ဟာအသက်အရ ၂၅နှစ်ဝန်းကျင်တွေ။ အတွေ့အကြုံအတော်များများရှိပြီး သားအရွယ်။ ခြေရည်၊ ခြေသွေးအရလည်းအကောင်းဆုံး။ စွမ်းဆောင်နိုင်အားကလည်းအထက်မြက်ဆုံး။ ဒါကိုထိန်းကွပ်ဖို့အတွက် မာရှေးယာနို၊ မက်ဆီ၊ ရိုဒရီကွေး၊ ဇ်၊ ဝေဘလက်သာ၊ ဒီမစ်ချယ်လီတို့လို အတွေ့အကြုံအရရော ခြေရည်ခြေသွေးကပါအား အကောင်းဆုံးလို့ဆိုနိုင်တဲ့ အတန်းတွေလည်းရှိတယ်ဆိုတော့ အရှင်းဆုံးပြောရရင် အကောင်းဆုံးတွေရဲ့ အတက်ကြွဆုံးအားကို အကျုနင်းပေးမယ့် မကျေသေးတဲ့သဘာတွေနဲ့ ထိမ်းကွပ်မှုမရှိ၊ ဒါမျိုးကို အသင်းတစ်သင်းအနေနဲ့ရဖို့ခက်သလို၊ ဒီတစ်ကြိမ်ပြိုင်ပွဲဝင်ကြတဲ့ ၃၂ သင်းထဲမှာလည်း အဲဒါမျိုး အာဂျင်တီးနားမှာပဲရှိတယ်။ ဒီတော့ ဒီလိုအစုအဖွဲ့အားနဲ့ တစ်ကျော့ပြန်အောင်မြင်မှုကိုရှာဖွေနိုင်မလား။ အာဂျင်တီးနားကို အားလုံးက မျက်လုံးဒေါက်ထောက်ကြည့်နေကြတယ်။

အထူးသဖြင့် အဲဒီလိုမျက်လုံးဒေါက်ထောက်ကြည့်ခံရမှုရဲ့နောက်မှာ ခိုင်မာတဲ့အခြေခံ အကြောင်းတရားကလည်း ရှိကိုရှိတယ်။ ပြောရရင် အာဂျင်တီးနားဟာ ဘယ်လိုပဲ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ထွားမှုနဲ့ပဲ ကြံ့ကြံ့စိတ်ဓာတ်အရင်းခံနဲ့ ခံယူချက်တွေမှာ ဖွံ့ထွားမလာခြင်းပဲ။ အရှင်းဆုံးပြောရရင် အာဂျင်တီးနားမှာ လူကောင်းဘယ်လောက်ပေါပေါ စုစုစည်းစည်းနဲ့အောင်ပွဲကို ညီညွတ်မှုနဲ့ တိုက်ယူတဲ့အသင်းပုံစံ ဘယ်တော့မှ မဖြစ်ခဲ့ဘူး။ အစဉ်အဆက်တစ်ယောက်အား။ တစ်ဦးကောင်းနဲ့ ကစားတဲ့ဟန်ကနေ တွဲထွက်မလာဘူး။ အရင်က မာရာဒိုနာအပေါ် အားကိုးမှု လွန်ကဲလွန်းခဲ့သလို အခုလည်း မက်ဆီအပေါ် မျှော်လင့်ချက်ထားမှုက အမြင့်ဆုံးမှာရှိတယ်။ ပြောရရင် အဲဒီလို တစ်ဦးတစ်ယောက်တည်း အပေါ် မှီခိုမှုကြီးမြင့်ခြင်းဟာ အသင်းလိုက်ဟန်ချက်ကို ထိခိုက်စေသလို စိတ်ဓာတ်ပိုင်းခိုင်မာတောင့်တင်းမှုနဲ့ ဆိုင်လို့ စိတ်ပြင်းထန်မှုတွေကိုပါ ထိခိုက်စေတယ်။ ဒါကြောင့်လည်း အာဂျင်တီးနားဟာ ဒီဘက်ခေတ်မှာ ဖြစ်သင့်သလောက် မဖြစ်ခဲ့တာ။ ၂၀၁၀ တုန်းကဆိုရင် အခုလိုပဲ တောင့်တင်းမတဲ့ သူစာရင်းကို ပိုင်ဆိုင်ခဲ့ပါလျက် ဂျာမနီကို ဂိုးပြတ်ရှုံးပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရတာမျိုးက ဘယ်လိုမှ မဖြစ်သင့်တဲ့အရာ။ ဒီတော့ အာဂျင်တီးနားကို မျက်လုံး ဒေါက်ထောက်ကြည့်လာကြတာ မဆန်းဘူး။

ထပ်ပြောရရင် ဒီနှစ် ဒီတစ်ကြိမ်မှာ အာဂျင်တီးနားဟာ နည်းနည်းတော့ မူကွဲပြီး ထွက်လာတယ်။ အထူးသဖြင့် နည်းပြဆာဘယ်လာရဲ့ လူစာရင်းပိုင်းဖြတ်မှုမှာ နာမည်ကြီးအချို့ ပြုတ်ကျန်တယ်။ တီဗက်ဇ်အစား ပလာစီယိုစ်ပါတယ်။ ကမ်ပါနာရိုး၊ ဘာဆန်တာ၊ ဖာနန်ဒက်ဇ်၊ ရိုဂျိုး၊ ဘီဂလီယာ၊ ဖာနန်ဒက်စ်တို့လို မထင်မရှားတွေပါလာတယ်။ ဒါဟာ ဘာလဲ။ အရင်ကနာမည်နဲ့ ရပ်တည်ခဲ့တဲ့ အာဂျင်တီးနားကို ဆာဘယ်လာက စုစုစည်းစည်းရှိမှုနဲ့ အစားထိုးခြင်းလား၊ အဲဒီကနေများ ထွက်လာမယ့် စိတ်ဓာတ်ခွန်အားကို မက်ဆီ၊ ဟီဂွါရင်၊ အဂူရို၊ မာရှေးယာဒိုး၊ သောလက်၊ ဒီဆရီယာတို့ရဲ့ အတွေ့အကြုံ အရည်အသွေးတွေနဲ့ ပေါင်းစပ်ပြီး အောင်ပွဲရယူမယ့် ဗျူဟာလား။ စိတ်ဝင်စားဖို့တော့ ကောင်းတယ်။ ပြောရရင် ဆာဘယ်လာရဲ့ အဲဒီလုပ်ဆောင်မှုဟာ ပထမအဆင့်လိုပဲ ပြောနိုင်တယ်။

အထူးသဖြင့် မထင်မရှားကစားသမားတွေကို အသင်းလိုက်အားအတွက် ရွေးထားပေမယ့် မက်ဆီ၊ ဟီဂွါယင်၊ ဒီဗရီယာ၊ မာရှေးယာဒိုတို့လို ပင်မကစားသမားတွေကို အခြေမခံလို့ မရဘူး။ တကယ်တမ်းသွားရမှာကလည်း သူတို့ရဲ့အားနဲ့ဆိုတော့ ဆာဘယ်လာလုပ်ဆောင်ဖို့မှာ အဲဒီလို ပင်မကစားသမားတွေဆီမှာ စုစည်းညီညွတ်တဲ့စိတ်ရယ်၊ နိုင်လိုစိတ်ထက်သန်ပြင်းပြမှုရယ် ပြည့်ပြည့်ဝဝရှိဖို့ပဲ။ အထူးသဖြင့် နာမည်ကြီးကစားသမား အများစုဟာ သူတို့ရဲ့ ပုဂ္ဂလိကအနေအထားအရ အောင်မြင်မှုအရရော၊ ငွေအရပါ လိုလေမှုမရှိတဲ့အခါ လက်ရွေးစင်အသင်းအတွက် အားကုန်သုံးမှုမျိုး မရှိတတ်ကြဘူး။ ပြီးတော့ သူတို့ဟာ ထိပ်တန်းကစားသမားတွေဖြစ်လာတာနဲ့ အမျှကလပ်တွေဟာ သူတို့ရဲ့အားတွေကို တစ်ရာသီလုံး ညှစ်ထုတ်သုံးခဲ့ကြတော့ လက်ရွေးစင်အသင်း ရောက်တဲ့အခါ ဘာမှ မကျန်တဲ့အထိ စိတ်ပန်း လူပန်းဖြစ်တတ်တယ်။ ဒီတော့ ဆာဘယ်လာအနေနဲ့ ကစားသမားတွေကို စေ့စော်နိုင်ဖို့ လိုတယ်။ ဒီလို စေ့စော်နိုင်မှ လက်ကျန်အားကို ညှစ်ထုတ်ထပ်သုံးပြီး အသင်းအတွက် ပေးဆပ်ကြမှာဆိုတော့။ ဒါကို ဆာဘယ်လာ လုပ်ဆောင်နိုင်မလား။ တကယ်လို့ လုပ်ဆောင်နိုင်ခဲ့တယ်ဆိုရင်တော့။ ထက်မြက်တဲ့ မဟာတိုက်စစ်နဲ့ ပြည့်စုံတဲ့လူအင်အား၊ ပထဝီသွင်ပြင်ရင်းနှီးမှုတွေအရ-----။

ဘော့စနီးယားနဲ့ ကစားရမယ့် အဖွင့်ပွဲကစလို့ အာဂျင်တီးနားကို အားလုံးက စောင့်ကြည့်နေကြပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားရဲ့ အဖွင့်ပွဲစဉ်တွေ စတင်နေတဲ့အချိန်မှာပဲ ဂိုးသွင်းသူရဲကောင်းတွေကတော့ တာအထွက်မှာ ရွှေဖိနပ်ဆုအတွက် ကိုယ်စီခြေစွမ်းပြခဲ့ကြပြီ ဖြစ်ပါတယ်။ ပရိသတ်တွေ ကြိုတင်သုံးသပ်ထားသလိုပဲ ဘရာဇီးတိုက်စစ်မှူး နေမာ၊ နယ်သာလန်တိုက်စစ်မှူးတွေဖြစ်တဲ့ ဗန်ပါစီနဲ့ အာဂျန်ရော်ဘင်တို့ဟာ ပွဲဦးထွက်မှာတော့ နှစ်ဂိုးစီသွင်းပြီး မျက်နှာပန်းလှခဲ့ကြပါတယ်။ ဒီဂိုးသွင်းသူရဲကောင်းတွေရဲ့ ဂိုးသွင်းခဲ့မှုအနေအထားကိုကြည့်ရင် နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီဟာ စပိန်လို လက်ရှိကမ္ဘာ့ဖလားချန်ပီယံအသင်းကို နှစ်ဂိုးသွင်းယူနိုင်ခဲ့တာ ချီးကျူးစရာပါပဲ။ အဲဒီပွဲမှာ သူ့ရဲ့ တစ်ဂိုးသွင်းနှုန်းအချိန်ဟာ မိနစ် ၄၀ ခန့်ကြာမြင့်ခဲ့ပြီး လောလောဆယ်အချိန်မှာ တစ်ဂိုးနဲ့တစ်ဂိုးကြား ဂိုးသွင်းမှုကြာမြင့်ချိန်က အခြားတိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းကြာချိန်ထက် အနည်းဆုံးဖြစ်တယ်လို့ဆိုပါတယ်။ ဗန်ပါစီဟာ စပိန်အသင်းဘက်ကို အပိုင်ကန်သွင်းခွင့်သုံးကြိမ်မှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ဂိုးသွင်းနိုင် မှု ၇၅ ရာခိုင်နှုန်းရှိခဲ့တယ်လို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် ကစားဖော်တွေကို ဂိုးသွင်းနိုင်အောင် ပံ့ပိုးကူညီမှုက နည်းပါးခဲ့တယ်လို့ ထောက်ပြထားပါတယ်။

ဂိုးသွင်းသူရဲကောင်းတွေရဲ့ တာအထွက်

ဘရာဇီးတိုက်စစ်မှူး နေမာကတော့ ခရိုအေးရှားနဲ့ အဖွင့်ပွဲစဉ်မှာ နှစ်ဂိုးသွင်းယူနိုင်လို့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဒီလိုဒုတိယနေရာမှာ ရပ်တည်နေတာက နှစ်ဂိုးသွင်းယူ တာချင်းတူညီပေမယ့် တစ်ဂိုးနဲ့တစ်ဂိုး သွင်းယူတဲ့အချိန်က ဗန်ပါစီထက်ပိုများနေလို့ပါပဲ။ နေမာဟာ ခရိုအေးရှားအသင်းဘက်ကို ဂိုးသွင်းတဲ့အချိန်ဟာ တစ်ဂိုးသွင်းယူနိုင်ဖို့ ပျမ်းမျှ ၄၄ မိနစ် ကြာမြင့်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ခရိုအေးရှားအသင်းဘက်ကို အပိုင်ကန်သွင်းခွင့် နှစ်ကြိမ်မှာ နှစ်ဂိုးရရှိအောင်သွင်းယူခဲ့တာမို့ ဂိုးရအောင်သွင်းနိုင်ရေးကန်သွင်းချက်က ၁၀၀ ရာခိုင်နှုန်း ကောင်းမွန်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် အဲဒီပွဲမှာ နေမာလည်း ကစားဖော်တွေ ဂိုးရရှိဖို့ကူညီမှုမပေးနိုင်ခဲ့ဘူးလို့ ဆိုပါတယ်။

နောက်တစ်ဦးကတော့ နယ်သာလန်တောင်ပံတိုက်စစ်မှူး အာဂျန်ရော်ဘင်ပဲ ဖြစ်ပါတယ်။ ဗန်ပါစီနဲ့အပြိုင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် တတိယနေရာမှာ ရပ်တည်နေပါတယ်။ ရော်ဘင်ရဲ့ ဂိုးသွင်းနိုင်ရေး ကြိုးစားအားထုတ်မှုဟာ တစ်ဂိုးသွင်းဖို့ ၄၅မိနစ်ခန့် ကြာမြင့်ခဲ့တယ်လို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။ ရော်ဘင်ဟာ ကစားဖော်တွေ အပိုင်ဂိုးသွင်းနိုင်ဖို့ ကူညီနိုင်မှုမရှိခဲ့ပေမယ့် တိကျတဲ့ ဂိုးသွင်းကန်ချက်ကတော့ ရာနှုန်းပြည့်ကောင်းမွန်မှုရှိခဲ့တယ်လို့ ဆိုပါတယ်။

နောက်ထပ်ဂိုးသွင်းသူတွေက တစ်ဂိုးစီသွင်းယူခဲ့ကြတဲ့ ဘရာဇီးတိုက်စစ်မှူး အော်စကာ၊ ချီလီတိုက်စစ်မှူး ဆန်ချက်စ်၊ စပိန်အသင်းမှ အလွန်ဆို၊ ချီလီမှ ဗယ်ဒီဗီရာ၊ မက္ကဆီကိုမှ ပီရယ်တာ၊ သြစတြေးလျမှ တင်ကာဟေးတို့ပဲဖြစ်ပါတယ်။

ကိုဝ

ဗန်ပါစီ

ဂျာမနီအသင်းနည်းပြ ဂျိုချင်လောကတော့ ပေါ်တူဂီအသင်းနဲ့ ပထမဦးဆုံးကစားရမယ့်ပွဲမှာ ပေါ်တူဂီနာမည်ကြီးတိုက်စစ်မှူးရော်နယ်ဒိုရဲ့ တိုက်စစ်ကိုကာကွယ်နိုင်ဖို့အတွက် အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းမှာတော့ အသင်းရဲ့အဓိကစားသမားတွေဖြစ်တဲ့ဖီးလစ်လမ်းနဲ့ဘိုတန်တို့အတွဲကို ထားသွားဖို့ရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။

တိုက်စစ်မှူး ရော်နယ်ဒိုဟာ ပေါ်တူဂီအသင်းရဲ့ အဆုံးဖြတ်ခြေစစ်ပွဲဖြစ်တဲ့ ဆွီဒင်နဲ့ နှစ်ကျော့ပေါင်း ၄-၂နဲ့ နိုင်ခဲ့တဲ့ပွဲမှာ အသင်းရခဲ့တဲ့ လေးဂိုးလုံးကို သူတစ်ဦးတည်းကသာ သွင်းယူပေးခဲ့တာလည်းဖြစ်ပါတယ်။ ဒါဟာ တိုက်စစ်မှူး ရော်နယ်ဒိုအတွက်တော့ ပေါ်တူဂီအသင်းမှာ သူ့ရဲ့ အခန်းကဏ္ဍဟာ ဘယ်လောက်အရေးကြီးလည်းဆိုတာကို ဖော်ပြခဲ့တာလည်းဖြစ်ပါတယ်။

ဂျာမနီအသင်းနည်းပြ ဂျိုချင်လောက "ပေါ်တူဂီအသင်းဟာကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာတော့ ကျွန်တော်တို့ အသင်းရဲ့ အောက်မှာရှိတာတော့ သေချာပါတယ်။ ဒါပေမယ့် သူတို့အသင်းရဲ့ တန်ပြန်တိုက်စစ်ကလည်း ကြောက်စရာအကောင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် ပေါ်တူဂီအသင်းဟာ ကျွန်တော်တို့ အသင်းအတွက်တော့ ခက်ခဲတဲ့ ပြိုင်ဘက်အသင်းဖြစ်ပါတယ်။ ဘိုတန်ဟာ ပေါ်တူဂီတိုက်စစ်မှူး ရော်နယ်ဒိုကို အကောင်းဆုံး ထိန်းချုပ်နိုင်တဲ့ ခံစစ်မှူးတစ်ဦးပါ။ ဖီးလစ်လမ်းကလည်း ဘိုတန်လို့ ခံစစ်မှူးတစ်ဦးပါ။ ဒါကြောင့်လည်း သူတို့နှစ်ဦး အကောင်းဆုံး တွဲဖက်ကစားမယ့်ဆိုရင် တိုက်စစ်မှူးရော်နယ်ဒိုရဲ့ တိုက်စစ်ကို ကြောက်စရာမလိုတော့ပါဘူး။ ပေါ်တူဂီအသင်းမှာတော့ ရော်နယ်ဒိုနဲ့နာနီတို့ဟာ ဘယ်သူမှ မထင်မှတ်တဲ့ နေရာကနေအမြဲတမ်း ဘောလုံးဆွဲပြေးလေ့ရှိပြီး အကောင်းဆုံး ဂိုးသွင်းယူလေ့ရှိတဲ့ ကစားသမားတွေဖြစ်တာကြောင့် အမြဲတမ်းသတိထားနေရတာပါ"လို့လည်းပြောဆိုခဲ့ပါတယ်။

ပေါ်တူဂီအသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားတုန်းက ၁၆ သင်းအဆင့်ကနေ ထွက်ခွာခဲ့ရပေမယ့် ယခုနှစ် ကမ္ဘာ့ဖလားတွင် အကောင်းဆုံးအခြေအနေများ ရှိနေကြောင်းကိုလည်း

ရော်နယ်ဒိုရဲ့ တိုက်စစ်ကို ဖီးလစ်လမ်းဘိုတန်တို့ရဲ့ ခံစစ်နဲ့ကာကွယ်ဖို့ ပြင်ဆင်နေတဲ့ ဂျာမနီ

ဂျာမနီနည်းပြဂျိုချင်လောက "ပေါ်တူဂီအသင်းဟာ အရည်အချင်းကောင်းရှိတွေရှိတဲ့ အသင်းတစ်သင်းပါ။ ပေါ်တူဂီအသင်းဟာ ၂၀၀၆ ခုနှစ်ကလည်း ကမ္ဘာ့ဖလားမှာ ဆီမီးဖိုင်နယ်အဆင့်အထိ ရောက်ရှိခဲ့သလို ပြီးခဲ့တဲ့ ယူရို၂၀၁၂မှာလည်း ဆီမီးဖိုင်နယ်အဆင့်အထိ ရောက်ရှိခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။ ပေါ်တူဂီအသင်းရဲ့ ရှေ့တန်းနဲ့ ကွင်းလယ်မှာ မော်တင်ဟို၊ နာနီနဲ့ရော်နယ်ဒိုတို့လို ကစားသမားကောင်းတွေရှိနေသလို ဘရူနိုအဲဗက်စ်၊ ကွန်ထရာအို၊ ပီပီတို့လို ဝါရင့်ခံစစ်မှူးတွေ ရှိနေပါတယ်။ သူတို့အားလုံးဟာ ထိပ်တန်းကလပ်အသင်းတွေမှာ အကောင်းဆုံးကစားနေကြတဲ့ ကစားသမားတွေလည်းဖြစ်ပါတယ်။ ဒါကြောင့် ပေါ်တူဂီ အသင်းဟာဒီနှစ်ရာသီမှာတော့ ဆုဖလားမှန်းနိုင်တဲ့အသင်းအဖြစ်ပါရှိနေပါတယ်"လို့လည်း ဆိုခဲ့ပါတယ်။

အောင်က

ပြင်သစ်နဲ့ အာဂျင်တီးနားတို့ နိုင်ပွဲကိုယ်စီရရှိမယ့် ကမ္ဘာ့ဖလားပွဲများမှ

မာကျောမှုရှိတယ်။ ဟွန်ဒူးရပ်စ်က နောက်ဆုံးခြေစမ်းပွဲမှာ အင်္ဂလန်အသင်းကို ဂိုးမရှိသရေ ကစားနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေတဲ့ အသင်းဖြစ်ပြီး အစ္စရေးလိုအသင်းကိုတောင် အရေးနိမ့်ခဲ့တာမို့ ဟွန်ဒူးရပ်စ်ရဲ့ ခြေစွမ်းအပေါ် ယုံကြည်မှုထားဖို့ခက်တယ်။ ဟွန်ဒူးရပ်စ်အသင်းက ပြင်သစ်နဲ့ပွဲမှာ တန်ပြန်တိုက်စစ်ကို အားပြုကစားရဖို့သာ အလားအလာများပြီး ကစားပုံ တည်ငြိမ်နေတဲ့ ပြင်သစ်အသင်းပဲ နှစ်ဂိုးအသာနဲ့ အနိုင်ရသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၀

အာဂျင်တီးနား Vs ဘော့စနီးယား	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၆-၆-၂၀၁၄၊ နံနက် ၄း၃၀ Estadio do Maracana
နောက်ဆုံးဆုံတွေ့မှုရလဒ်	အာဂျင်တီးနား ၂-၀ ဘော့စနီးယား (၁၉-၁၁-၁၃)

အာဂျင်တီးနားအသင်းဟာ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကစပြီး ပြိုင်ပွဲ ရဲ့ အဖွင့်ပွဲစဉ်တွေမှာ ရလဒ်ကောင်းရရှိဖို့ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတဲ့ အစဉ်အလာရှိပြီး ဂိုးကွာခြားချက် တစ်ဂိုးအသာစီနဲ့သာ အနိုင်ရခဲ့တာမို့ ဘော့စနီးယားလို ရုန်းအားကောင်းတဲ့ အသင်းနဲ့ ရင်ဆိုင်ရတဲ့ပွဲမှာလည်းအနိုင်ရလဒ်အတွက် အထူးအားစိုက်ရနိုင်တယ်။ ဒါပေမယ့်လက်ရှိ အာဂျင်တီးနားအသင်းရဲ့ စုဖွဲ့မှုကောင်းမွန်နေသလို တိုက်စစ်ပိုင်းကလည်း ကစားပုံမဆိုးတာကြောင့် ဘော့စနီးယားခံစစ်ကို ဖိအားပေးနိုင်စွမ်းရှိတယ်။ ဘော့စနီးယားအသင်းဟာ ကွင်းလယ်နဲ့ ခံစစ်ပိုင်းမှာ အာဂျင်တီးနားကစားသမားတွေကို ယှဉ်နိုင်စွမ်းမရှိဘူး။ ဒါပေမယ့် ဇက်ကို၊ အိုင်ဘီဆီဗစ်တို့လို ထက်မြက်တဲ့ တိုက်စစ်မှူးတွေကို ပိုင်ဆိုင်ထားပြီး နောက်ဆုံး ခြေစမ်းပွဲနှစ်ပွဲမှာ အိုင်ဗရီကို့စ်၊ မက္ကဆီကိုတို့လို အသင်းတွေကို အနိုင်ယူနိုင်ခဲ့တာမို့ အာဂျင်တီးနားကို အခက်တွေ့အောင် လုပ်ဆောင်နိုင်စွမ်းရှိတဲ့အသင်းလို့ ပြောရမယ်။ အဓိက ကစားသမားအများစုကို အသုံးပြုပြီး အာဂျင်တီးနားကို ရင်ဆိုင်ခဲ့တဲ့ခြေစမ်းပွဲမှာ ဘော့စနီးယားအသင်းက ၂-၀နဲ့ အရေးနိမ့်ခဲ့ရတဲ့ အချက်ကိုတော့ သတိပြုရမယ်။ ဒါပေမယ့် ဘော့စနီးယားအနေနဲ့ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အားစိုက်လာမှာမို့ အာဂျင်တီးနား နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်နိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁

ပြင်သစ်နဲ့ပွဲမှာ မထင်မှတ်တဲ့ရလဒ်ယူမယ်ဟု ဟွန်းဒူးရပ်စ်ကစားသမား ပလာစီယိုပြော

ဟွန်းဒူးရပ်စ်အသင်းရဲ့ ဝါရင့်ကွင်းလယ် ကစားသမားတစ်ဦးဖြစ်တဲ့ ပလာစီယိုက အသင်းအနေနဲ့ ပြင်သစ်အသင်းနဲ့ကစားရမယ့် ကမ္ဘာ့ဖလား ပထမဦးဆုံး အဖွင့်ပွဲစဉ်မှာ ဘယ်သူမှ ထင်မှတ်ထားခြင်း မရှိတဲ့ရလဒ်တွေကို ရယူသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။

ဟွန်ဒူးရပ်စ်အသင်းဟာ ကမ္ဘာ့ဖလားအဆင့်မှာတော့ အစဉ်အလာနည်းပါးတဲ့အသင်းဖြစ်တဲ့အပြင် ပြင်သစ်အသင်းနဲ့လည်း ယခင်ကဆုံတွေ့ခဲ့ခြင်းမရှိပေမယ့် ကွင်းလယ်ကစားသမား ပလာစီယိုကအသင်းအနေနဲ့ ပြင်သစ်အသင်းကို အကောင်းဆုံးယှဉ်ဆိုင်နိုင်တဲ့ အင်အားတွေအ ပြည့်ရှိနေတယ်လို့ ခံစားမိကြောင်းကိုလည်း ပြောဆိုခဲ့ပါတယ်။

အဲဒါနဲ့ ပတ်သက်ပြီး ဟွန်းဒူးရပ်စ် ကွင်းလယ်ကစားသမားပလာစီယိုက“ ကျွန်တော်တို့အသင်းအနေနဲ့ ၁၉၉၈ ခုနှစ်က ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့တဲ့ ပြင်သစ်အသင်းနဲ့ပတ်သက်ပြီး ကောင်းကောင်းသိထားပြီး အသင်းနည်းပြ ဂျာဖာနန်ဒိုဆွာရက်ဇ်ကလည်း ပြင်သစ်အသင်းကစားတဲ့ ဗီဒီယိုတွေကို ပြသခဲ့ပါတယ်။ အဲဒီကနေ ကျွန်တော်တို့အတွက် ကောင်းမွန်တဲ့အခွင့်အရေးတွေ ရရှိလိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။ ကျွန်တော်တို့အသင်းဟာ ပြင်သစ်အသင်းနဲ့တွေ့တဲ့အခါ ဘယ်သူမှ ထင်မှတ်မထားတဲ့ ရလဒ်တွေကို ရယူသွားနိုင်မယ်လို့လည်း အပြည့်အဝ ယုံကြည်နေမိပါတယ်” လို့လည်း ပြောဆိုခဲ့ပါတယ်။

ဟွန်းဒူးရပ်စ်အသင်းဟာ နောက်ဆုံး ခြေစမ်းပွဲ၃ပွဲမှာ အနိုင်ရရှိအောင် ကစားနိုင်ခြင်းမရှိခဲ့ပေမယ့် ပလာစီယိုကတော့ အသင်းအနေဖြင့်တိုးတက်မှု များရှိခဲ့တယ်လို့ထုတ်ဖော် ပြောဆိုခဲ့ပါတယ်။

ပလာစီယိုက“ကျွန်တော်တို့အသင်းဟာ အင်္ဂလန်အသင်းနဲ့ခြေစမ်းပွဲမှာ ၀-၀နဲ့ သရေကျခဲ့ပါတယ်။ ဒါဟာကျွန်တော်တို့အသင်းရဲ့ ကောင်းမွန်တဲ့အရည်အချင်းကို အားလုံးကို ချပြလိုက်တာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ အုပ်စုအဆင့်ကတက်နိုင်ဖို့အတွက် အုပ်စုတွင်းပြိုင်ဖက်တွေကို အကောင်းဆုံးယှဉ်ပြိုင်ဖို့အတွက်လည်း အဆင်သင့်ဖြစ်နေပါပြီ”လို့လည်း ထပ်မံပြောဆိုခဲ့ပါတယ်။ ကွင်းလယ်ကစားသမား ပလာစီယိုဟာ ဟွန်းဒူးရပ်စ်အသင်းနဲ့အတူ ၉၅ ပွဲ ပါဝင်ကစား ကာ ၆ဂိုးသွင်းယူပေးထားတဲ့ ဝါရင့်ကွင်းလယ်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

အောင်က

ပြင်သစ်အသင်း၌ ရီဘာရီ မပါခြင်းကို ကိုစီနီညည်းညူ

ပြင်သစ်နောက်တန်းကစားသမားဖြစ်သည့် ကိုစီနီက ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပြင်သစ်အသင်းတွင် တောင်ပံကစားသမား ရီဘာရီ ပါဝင်လာနိုင်ခြင်းမရှိခြင်းသည် အသင်းအတွက်ခက်ခဲသည့် အနေထား တစ်ခုဖြစ်ခဲ့ကြောင်း ပြောဆိုလိုက်သည်။

အဆိုပါဘိုင်ယန်မြူနစ်တောင်ပံကစားသမားရီဘာရီသည် ကမ္ဘာ့ဖလားပြိုင်ပွဲ မစတင်မီအချိန်တွင် နောက်ကျောဒဏ်ရာ ခံစားနေရသည့်အတွက် ပြင်သစ်အသင်းမှ နုတ်ထွက်ခဲ့ရသည်။

ကိုစီနီက “ကစားဖော်ကောင်းတွေ ဒဏ်ရာကြောင့် အသင်းမှာမပါဝင်နိုင်ခဲ့တာကတော့ တော်တော်ဆိုးပါတယ်။ ရီဘာရီဟာ ကျွန်တော်တို့အသင်းရဲ့ အကောင်းဆုံးကစားသမားတစ်ယောက်ပါ။ သူဟာ အသင်းရဲ့အဝတ်လဲခန်းထဲမှာလည်း အရေးပါတဲ့သူတစ်ယောက်ဖြစ်သလို အသင်းဖော်တွေနဲ့လည်း ပြေပြေလည်လည် ဆက်ဆံတတ်တဲ့သူပါ။ သူ့ရဲ့ အသင်းအပေါ်ထားတဲ့စိတ်ဟာ အသင်းအတွက်အရေးကြီးသလို အခြားကစားသမားတွေမှာလည်း သူ့လို စိတ်ထားမျိုးရှိကြပါတယ်။ လက်ရှိပြင်သစ်အသင်းမှာ ကစားသမားကောင်းတွေ ပါဝင်လာနိုင်ခြင်းမရှိပေမယ့် အကောင်းဆုံး အနေထားမှာရှိနေဆဲပါ”ဟု ပြောသွားသည်။

ပြင်သစ်အသင်းသည် ကမ္ဘာ့ဖလား အုပ်စုအဖွင့်ပွဲအဖြစ် ဟွန်ဒူးရပ်စ်နှင့် ကစားသွားရမည်ဖြစ်သည်။

ဖြိုးဒေါ်လာ

ဘရာဇီးကို ကြောက်ရွံ့နေမည်မဟုတ်ဟု မက္ကဆီကို ဂိုးသမား အိုချိုရာပြော

မက္ကဆီကို ဂိုးသမား အိုချိုရာက အုပ်စုဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်ဘရာဇီးအသင်းနှင့် တွေ့ဆုံရမည့်ပွဲအတွက် ကြောက်ရွံ့စိတ်လုံးဝမရှိကြောင်း ပြောသွားသည်။

မက္ကဆီကိုအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် ကင်မရွန်းနှင့်ကစားခဲ့သည့်ပွဲတွင် တိုက်စစ်မှူး ပါရဲလ်တာ၏ ၆၁ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မက္ကဆီကိုအသင်းသည် လာမည့် ဗုဒ္ဓဟူးနေ့ (၁၈ ရက်) နေ့တွင် ဘရာဇီးအသင်းနှင့် အုပ်စုဒုတိယပွဲစဉ်အဖြစ် ဖော်တဲလ်လီဇာတွင် ကစားသွားရမည်ဖြစ်သည်။

အိုချိုရာက “ကျွန်တော်တို့အားလုံး ဘာအကြောင်းနဲ့မှာ ကြောက်ရွံ့စိတ်မရှိပါဘူး။ ဒီလိုအုပ်စုအဖွင့်ပွဲမှာ အနိုင်ရလိုက်တဲ့အတွက်လည်း ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သလိုပါပဲ။ ကျွန်တော်တို့အသင်းဟာ ဒီထက်ကောင်းသထက်ကောင်းဖို့ လာဖို့ရှိပါတယ်။ ဒါကြောင့်မို့ ကြုံလာမယ့်ပြိုင်ဆိုင်မှုတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ရင်ဆိုင်သွားမှာပါ”ဟု ပြောသွားသည်။

ဆက်လက်ပြီး ကင်မရွန်းအသင်း ကို ၁-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းနှင့် ပတ်သက်ပြီး အိုချိုရာက “ကင်မရွန်းအသင်းဟာ ခက်ခဲတဲ့ပြိုင်ဘက်အသင်းဖြစ်ပါတယ်။ ပွဲကစားနေစဉ် မိုးရွာခဲ့တာက ကျွန်တော်တို့လို ဂိုးသမားတွေအတွက် အခက်အခဲဖြစ်စေပါတယ်။ ဒါပေမယ့် ဒီပွဲရလဒ်နဲ့ပတ်သက်ပြီး ကျွန်တော်ကတော့ ကျေနပ်မိပါတယ်”ဟု ပြောသွားသည်။

အိုချိုရာသည် ပြီးခဲ့သည့်ရာသီကုန်က ပြင်သစ်ဒုတိယတန်းသို့ တန်းဆင်းသွားခဲ့သည့် အာဂျာစီယိုအသင်း မှ ထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည်။

ဖြိုးဒေါ်လာ